
www.burmeseclassic.com



ဂမ္ဘီရဆန်းကြယ် လုံးချင်းဝတ္ထုသစ်

# ရှိရှိဝေး

အင်းစောင့်သရဲကြီး

အိုးသွန်းယှဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | – | ဒေါ်ရီရီငွေ |
| | | ရီရီငွေစာပေ |
| | | အမှတ် ၅၈၊ ဓမ္မိကဝတီလမ်း |
| | | စမ်းချောင်း။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | – | ဦးကျင်ရင် (ရွှေခြသေ့) |
| | | ၂၂၅၊ ၃၂ လမ်း၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | – | ပထမအကြိမ် |
| ထုတ်ဝေခြင်း | – | ဇူလိုင်လ၊ ၂၀၁၃ ခုနှစ်။ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၀၀ ကျပ် |

ရီရီငွေ ၈၂၃.၂
အင်းစောင့်သရဲကြီး/ရီရီငွေ
ရန်ကုန်။ ဒိုယွန်းယုဉ်စာပေ၊ ၂၀၁၃။
စာမျက်နှာ–၁၁၀ ၊ ၂၆ စင်တီ × ၂၁ စင်တီ
(၁) အင်းစောင့်သရဲကြီး


BURMESE CLASSIC

# ရီရီငွေ

# အင်းစောင့်သရဲကြီး

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


အခန်း (၁) စိမ်းပြာအိုင်မှဇာတ်လမ်းများ

အခန်း (၂) သေချင်ရင် စိန်မစားနဲ့စိမ်းပြာအိုင်သွား

အခန်း (၃) ငါးကြီးငါးကောင်း ဆုမတောင်းကောင်း

အခန်း (၄) ငါးမုရ-ရေချိုးပြန်

အခန်း (၅) လှည့်စားတတ်သော တစ္ဆေများ

အခန်း (၆) တောခြောက်တဲ့ည

အခန်း (၇) မကောင်းဆိုးဝါးခွေးနက်ကြီး

အခန်း (၈) ချစ်သူရဲ့သူရဲကောင်း

အခန်း (၉) မြေနီအင်းမှ အန္တရာယ်ကြိုးတစ်မျှင်

အခန်း (၁၀) အသက်ကိုရင်း၍

အခန်း (၁၁) ငါးပြီတ္တာကြီးနှင့်အသက်လုပွဲ

အခန်း (၁၂) ဘိုးဘိုးကြီးပေးတဲ့ ရွှေအိုးတစ်လုံး

အခန်း (၁၃) အင်းစောင့်သရဲကြီး-ဦးဘိုးသာ




## အခန်း (၁)
## “စိမ်းပြာအိုင်မှဇာတ်လမ်းများ”

တကယ်တော့. . .

ဒီပြဿနာရဲ့အစဟာ စိမ်းပြာအိုင်က ဇာတ်လမ်းတစ်ခုကြောင့်ပဲ ဖြစ်သည်။

စိမ်းပြာအိုင်ဆိုတာနဲ့ ပေါင်ပင်ရွာ၊ ရေမြှောင်ရွာနဲ့ကမ်းပါးဖြူ ရွာတို့မှာရှိတဲ့ ရွာသားတွေဟာ ဖိန့်ဖိန့်တုန်အောင် ကြောက်ကြသည်။ ဘာကြောင့်လဲဆိုတော့ စိမ်းပြာအိုင်ဟာ တစ်ခေတ်တစ်ခါတုန်းက အင်မတန် နာမည်ကြီးခဲ့တဲ့ နေရာတစ်ခု ပေါ့။

ပြောရရင်တော့. . .

စိမ်းပြာအိုင်ဟာ နတ်မြစ်ရဲ့မြစ်ကျိုးအင်းကြီးပေါ့။ အဲဒီနားမှာ အင်းတွေ အများကြီးရှိသည်။ အခြားအင်းတွေဟာ တစ်နှစ်တစ်ခါ လေလံချလို့ရပေမယ့် စိမ်းပြာအိုင်အင်းကိုတော့ ဘယ်သူမှ လေလံမဆွဲဝံ့ကြဘူး။ လေလံဆွဲလို့မရတဲ့ အကြောင်းက ဒီလိုပါ. . .။

အဲဒီမြစ်ကျိုးအင်းဟာ အခြားအင်းများနဲ့မတူဘဲ မြစ်ညာပိုင်းမှာ သီးခြား ဖြစ်နေတာမို့ ကြာလာတာနဲ့အမျှ အဲဒီအင်းကြီးရဲ့ ပတ်ဝန်းကျင်မှာ နဘူးနွယ် ခြုံကြီးတွေ ပန်းခရမ်းပြာခြုံကြီးတွေ ပေါက်လာသည်။ အဲဒီအနီးအနားမှာလည်း ကုက္ကိုပင်အိုကြီးတွေ၊ ပျဉ်းမငုတ်တိုတွေ ဝိုင်းရံနေတော့ နွေခင်းကြောင်တောင်မှာ တောင် အလင်းရောင်သိပ်မရဘဲ သစ်ပင်တွေ ခြုံနွယ်ပင်တွေနဲ့ အုပ်ဆိုင်းနေသည်။

အဲဒီစိမ်းပြာအိုင်အင်းကြီးရဲ့ အနောက်ဘက်မှာ ပြာရီမှိုင်းနေတဲ့ တောင် တန်းကြီးတွေရှိနေသည်။ တောအုပ်ရယ် တောင်တန်းတွေရယ် တစ်ဆက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာမို့ လူအရောက်အပေါက်နည်းပါးတဲ့နေရာ။ ဒါပေမဲ့ ဂျပန်ခေတ်တုန်းက . .

အဲဒီနေရာမှာ အကျဉ်းသားတွေကိုသတ်ဖြတ်ပြီး ရေထဲပစ်ချခဲ့ တဲ့နေရာလို့လည်း ပြောကြသည်။ ဂျပန်တွေ ပြည်တော်ပြန်သွားပေမယ့် အဲဒီနေရာမှာ သရဲခြောက်လွန်းလို့ လူအများသိပ်ပြီး အသွားအလာမရှိခဲ့ကြပါ။ အဲဒီ စိမ်းပြာအိုင်ကြီးမှာ အစကတည်းက ငါးတွေအလွန်ပေါတယ်ဆိုပဲ။ လူတွေသိပ်မသွားကြတဲ့အခါ ငါးတွေဟာ အရမ်းပေါက်ဖွားပြီး ပေါများချင်တိုင်း ပေါများနေတော့တာပါ။ အဲဒီနားသွားတာနဲ့ ငါးတွေပွက်နေတာကို တွေ့ရတတ်သည်။

ဒါကြောင့် လွတ်လပ်ရေးရပြီးကာစမှာ အဲဒီအင်းကြီးအတွင်း ငါးပိုက်ဆွဲခဲ့ကြသည်။ ငါးပိုက်ဆွဲတဲ့လူတွေဟာ ရေထဲက ဘာကောင်ကိုက် မှန်းမသိဘဲ ချက်ချင်းသေဆုံးသွားခဲ့သည်။ ဒါကတော့ တိုက်ဆိုင်မှုလို့ပဲ သဘောထားပြီး ရွာသားနှစ်ယောက်က အဲဒီအင်းထဲမှာ မကြောက်မရွံ့ ပိုက်သွားချခဲ့ကြ၏။

ညရောက်လို့ ပိုက်ကိုဆွဲတင်လိုက်တော့ . . .

"ဟာရေး ပိုက်ထဲမှာ ငါးအကြီးကြီးမိနေလားမသိဘူး။ အရမ်းလေးတယ်၊ မင်းပါဆွဲတင်ပေး"

"အေး ငါပါဆွဲတင်ပေးမယ်"

ဒါနဲ့ရွာသားနှစ်ယောက်လည်း ပိုက်ကိုအားနဲ့မာန်နဲ့ ဆွဲလိုက်တာ ပိုက်ကြီးဟာ တဖြည်းဖြည်း ရေပေါ်ပေါ်လာခဲ့တယ်။ ဒီလိုနဲ့ ပိုက်ကိုကုန်းပေါ်ဆွဲတင်လိုက်တော့

"အမလေး ဘာကောင်ကြီးလဲ"

ပိုက်ထဲမှာ မည်းမည်းလုံးလုံးအကောင်ကြီး ပါလာတယ်။ အဲဒီအကောင်ကြီးက ရေပေါ်လည်းရောက်ရော

"အမလေး မျက်လုံးကြီးတစ်လုံး တစ်လုံးက အကြီးကြီးပဲ"

"ဟုတ်တယ်ကွ ပါးစပ်ကြီးဟထားလိုက်တာ သွားတွေအများကြီးပဲ"

အဲဒီလိုပြောနေတုန်း ငါးလိုလို လူလိုလို မည်းမည်းကြီးကခုန်ပြီး ရွာသားတစ်ယောက်ကို ကိုက်လိုက်တာ သူ့လက်က အသားတစ်တွေတောင် ပါသွားတယ်။ ညကမှောင်မှောင်မည်းမည်း လေ့ပေါ်က အကောင်ကလည်း မည်းမည်းကြီးမို့ လူလား ငါးလားဆိုတာ ဘယ်လိုပြောရမှန်းတောင်မသိဘူး။ အဲဒီမည်းမည်းကောင် အကိုက်ခံရတဲ့ရွာသားကလည်း နာလွန်းလို့တအား ကုန်းအော်သည်။

"အား"

လို့ အော်လိုက်တဲ့အတွက် ကျန်ရွာသားတစ်ယောက်က အဲဒီ အကောင်ကြီးကို လှော်တက်နဲ့ရိုက်ချလိုက်တော့မှ ရေထဲကျသွားခဲ့တယ်။





အဲဒီရွာသားနှစ်ယောက်လည်း ကြောက်ကြောက်နဲ့လှေကို အသားကုန်လှော်ခတ်လာတယ်။ အဲဒီလို လှေလှော်နေတဲ့အချိန်အတွင်းမှာတောင် အဲဒီမည်းမည်းကောင်ကြီးက နောက်ကရေကူးပြီး လိုက်လာသေးသည်။ အဲဒီအကောင်ကြီး ကြည့်ရတာ ကျွဲကြီးတစ်ကောင်နောက်က ရေကူးပြီး လိုက်လာသလိုပဲ။

မကြာမီကမ်းစပ်ရောက်တော့ ရွာဆီကိုရောက်အောင် ရွာသားနှစ်ယောက်စလုံး အပြေးလာခဲ့ကြသည်။ သူတို့တဲရောက်ပြီး နှစ်ယောက်စလုံး အမောဆို့ပြီး သေဆုံးခဲ့ကြသည်။ အဲဒါကြောင့် တစ္ဆေသရဲက ခြောက်လှန့်လို့ သေတယ်လို့ဆိုကြသည်။ စိမ်းပြာအိုင်အင်းကိုလည်း 'ရွာသားကြောက်အင်း' လို့ အမည်ပေးခဲ့ကြသည်။ နောက်တော့ . . .

နှစ်ဖက်သော မိဘက သဘောမတူလို့ ခိုးပြေးကြတဲ့ချစ်သူနှစ် ဦးဟာ အဲဒီအင်းကနေ ကျောက်ပုံရွာဘက်ကို ဖြတ်မယ်ဆိုပြီး ညကြီးမင်းကြီးမှာ လှေတစ်စင်းနဲ့ လှော်ခတ်သွားတာ အင်းလယ်ရောက်တော့မည်း မည်းကောင်ကြီးဟာ ရေလယ်မှာပေါ်လာပြီး လှေကိုမှောက်ပစ်လိုက်သည်။ နှစ်ယောက်စလုံး ရေထဲအကျမှာ ကောင်မလေးကို မည်းမည်းကောင်ကြီးက ကိုက်မယ်အလုပ်မှာ ချစ်သူကောင်လေးကဝင်ပြီး နပမ်းလုံးခဲ့သည်။ ကောင်မလေးက ရေကူးပြီး လာရာလမ်းကို ပြန်နိုင်ခဲ့ပေမယ့် ချစ်သူကောင်လေးရဲ့ကိုယ်မှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ သေဆုံးသွားခဲ့သည်။ နံနက်လင်းလို့ ရွာသားတွေလိုက်လာပြီး ကောင်လေးရဲ့ အလောင်းကို ဆယ်ခဲ့ရသည်။ ကောင်မလေးကတော့ ချစ်သူကောင်လေးရဲ့ အလောင်းကိုကြည့်ပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်နေတာတွေ့ရတော့ အဲဒီစိတ်နဲ့ရူးသွားခဲ့သည်။ ဒါကြောင့် အဲဒီအင်းကို 'ချစ်သူခွဲအင်း' လို့ အမည်ပေးကြပြန်သည်။

အင်းတွေ လေလံပစ်တော့ ရွာသားတစ်ဦးက အဲဒီအင်းကို လေလံဆွဲပြီး အင်းသူကြီးလုပ်ခဲ့သည်။ ညရောက်တာနဲ့ အော်သံဟစ်သံတွေ ငိုကြွေးသံတွေ ကြားရသတဲ့။ နောက်ပြီး သူ့အိပ်မက်ထဲမှာ ခေါင်းပြတ်ကြီးတွေ လျှောက်သွားနေတာကို ခဏခဏ အိပ်မက်မက်ခဲ့သည်။ နောက်တော့ သူအရမ်းဖျားနေတုန်းအချိန် သူ့မျက်စေ့ထဲမှာ ခေါင်းပြတ်တွေဝိုင်းလာလို့ . .

"အမလေး ခေါင်းပြတ်ကြီးတွေ လာကြပါဦး"

လို့ အသံကုန်ဟစ်အော်လို့ အခြားအလုပ်သမားတွေ သွားကြည့်တဲ့အခါမှာ ကယောင်ကတမ်းနဲ့ တဲထဲက ထွက်ပြေးသွားပြီး အဲဒီအင်းထဲကို ခုန်ချလိုက်၏။ ခုန်မချမီ . .

"ကျုပ် လာပါပြီဗျ လာပါပြီ"

ဆိုတဲ့ အသံနက်ကြီးနဲ့အော်ပြီး ရေထဲခုန်ချလိုက်သည်။ ကျန်တဲ့

www.burmeseclassic.com



အလုပ်သမားတွေက ဆယ်မယ်အလုပ်မှာ ရေထဲက မည်းမည်းကောင်ကြီး ပေါ်လာပြီး အဲဒီအင်းသူကြီးကို ဆွဲသွားလိုက်တာ မြန်မမြန်ပဲ။ ရေလယ်လောက်လည်း ရောက်ရော အင်းသူကြီးကို ရေအောက်ထဲ ဆွဲခေါ်သွားတာ အလောင်းတောင် ပြန်မရဘူး၊ ဒါနဲ့ အဲဒီအင်းကို 'သူကြီးမနိုင်အင်း' လို့ အမည်ပေးခဲ့ကြပြန်သည်။

အဲဒီအင်းကြီးမှာ အကြောင်းအမျိုးမျိုးနဲ့သေဆုံးနေလို့ တောကြမ်းအင်းကြမ်းလို့သတ်မှတ်ပြီး ဘယ်သူမှ အင်းလေလံမဆွဲဝံ့တော့ဘူး။ အဲဒီအဖြစ်အပျက်တွေကြောင့် လူတွေဟာ အဲဒီအင်းနားကတောင် ဖြတ်မသွားဝံ့လောက်အောင် အင်းပျက်ကြီးတစ်ခု ဖြစ်နေပါတော့သည်။

ဖြစ်ချင်တော့ ကမ်းပါးဖြူရွာသား ကာလသား မောင်မင်းအောင်ဟာ အဲဒီပြဿနာအင်းကို သတိပြုမိခဲ့သည်။

သူ့အသက်က နှစ်ဆယ့်ငါးနှစ်။ သူ့ချစ်သူက 'ချစ်သက်နွယ်'။ ချစ်သက်နွယ်ဟာ အလွန်လှပတဲ့ မိန်းကလေးတစ်ယောက်။ သူတို့ ရွာအနေနဲ့ပြောရရင် ရွာရဲ့ကွမ်းတောင်ကိုင် လှပျိုဖြူပေါ့။ တစ်နည်းဆိုရင် အဲဒီအနီးအနားတဝိုက်မှာရှိတဲ့ ရွာတွေက အစ်ကိုကာလသားများရဲ့ မျက်စေ့ကျခြင်းခံရသူ။ ချစ်သက်နွယ်ရဲ့ မိဘနှစ်ပါးက သမီးရဲ့ချောမော လှပမှုကြောင့် ဂုဏ်မောက်ပြီး သူဌေးနဲ့မှပေးစားချင်ကြတာ။

မောင်မင်းအောင်နဲ့ချစ်သက်နွယ်တို့ ချစ်သူဖြစ်တဲ့သက်တမ်းက ငါးနှစ်။ ဒါပေမဲ့ သိုသိုသိပ်သိပ်နဲ့နေခဲ့ကြလို့ နှစ်ဖက်မိဘ မရိပ်မိဘဲ ချစ်သက်တမ်း အခုအထိရှည်ကြာခဲ့သည်။

သူတို့နှစ်ယောက်ကို ချစ်သူအဖြစ်မသိကြပေမယ့် သူငယ်ချင်း ဆိုတာတော့ နှစ်ဖက်မိဘက သိထားကြပါသည်။ မောင်မင်းအောင်တို့ သားအဖက ငါးမုဆိုးလို့ခေါ်ရမယ့် ငါးပိုက်ချတဲ့သူတွေပဲ။ ငါးကြီးငါးကောင်းရရင် ချစ်သက်နွယ်ဆီကို တစ်ကောင် နှစ်ကောင်လောက်ပို့ပြီးသား။ ချစ်သက်နွယ်ရဲ့ အမေကြီးက မျှတသူပါ။ အဲဒီလို ငါးတွေလာပေးရင် သူကလည်း ဆန်တို့ကောက်ညှင်းတို့ ပြန်ပေးနေကျ။

ချစ်သက်နွယ်နဲ့ မောင်မင်းအောင်တို့နှစ်ယောက်သား ချိန်းတွေ့ဖြစ်ကြသည်။

"အစ်ကိုရေ ချစ်သက်နဲ့အစ်ကိုနဲ့ ကွဲရတော့မယ်နဲ့တူတယ်"

"ချစ်သက်ရယ် နိမိတ်မရှိတဲ့စကားတွေကို ဘာကြောင့်ပြောရ တာလဲ"

"အစ်ကိုရေ အခု ဝက်လူးအင်းကို ဆွဲတဲ့ ပြုံကသူဌေးသားက အမေတို့ ယီမှာ ချစ်သက်ကို ယောမပေးရင်းမနုပြီ"

"ဒါနဲ့ အမေက ဘာပြောလိုက်လဲ"





"အမေတို့ အဖေတို့ကတော့ သူဌေးသားဆိုတော့ သဘောကျတာပေါ့"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"ချစ်သက်ကတော့ အကြောက်အကန် ငြင်းပစ်လိုက်တယ်၊ ဒါပေမဲ့ အခုနွေရောက်ရင်တော့ ချစ်သက်ကို အတင်းလက်ထပ်နိုင်းမယ် နဲ့တူပါတယ်၊ အဲဒီအထိလောက်တော့ အချိန်ဆွဲလို့ရမယ်ထင်တယ်"

"ချစ်သက်ရယ် အစ်ကိုက မင်းနဲ့မပေါင်းရရင် သေနိုင်တယ်၊ ရသလောက် အချိန်ဆွဲထားပေးပါ"

"အချိန်ဆွဲထားတာတော့ ဟုတ်ပါတယ်၊ အမေတို့က ရွာလုံးကျွတ် ထမင်းရည်ချောင်းစီး ကျွေးမွေးပြီး မင်္ဂလာဆောင်ရမှသဘောတူမှာ၊ ပြီးတော့ လယ်ကလည်း ဆယ်ကေနဲ့ နွားငါးရှဉ်း၊ လက်ဝတ်လက်စား အပြည့်အစုံနဲ့ သူဌေးသားက တင်တောင်းမယ်ဆိုတော့ ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ"

"အောင်မလေး ဒီလောက်များတဲ့ငွေတွေကို ဒီတစ်နွေနဲ့ ဘယ်လိုရှာရပါ့မလဲ၊ သေသာသေချင်တော့တာပဲ"

"အစ်ကိုကလည်း ယောကျ်ားဖြစ်ပြီးတော့ အားလျှော့စကားမပြောပါနဲ့၊ ငွေဆိုတာ ရှာရင်ဖြစ်ပါတယ်၊ ဟိုသူဌေးသားလောက် မရှာနိုင်လည်း တစ်ဝက်တစ်ခြမ်းပေါ့"

"အောင်မလေး တစ်ဝက်တစ်ခြမ်းဆိုလည်း ဆိုလောက်ပါပေရဲ့၊ တစ်နေ့တစ်နေ့ ငါးသုံးပိဿာလောက်တောင်ရဖို့ အနိုင်နိုင်၊ တစ်ခါတလေ ငါးမရလို့ ရေချိုးပြန်ရတာ ရှိသေးတယ်"

"ယောကျ်ားဖြစ်ပြီး ညည်းမနေနဲ့ ဘာပဲဖြစ်ဖြစ် ကြိုးစားမယ်လို့ပြောပေါ့"

"အင်း ကြိုးစားချင်ပါရဲ့၊ ဘယ်လောက်တောင် ကြိုးစားချင် သလဲဆိုရင် ငါးတွေအများကြီးရှိတဲ့ 'စိမ်းပြာအိုင်' အင်းမှာတောင် ငါးသွားဖမ်းချင်သေးရဲ့"

"အမလေး အစ်ကိုရယ် စိမ်းပြာအိုင်အင်းဆိုတာ ချစ်သူကွဲအင်းတဲ့၊ အစ်ကိုက ချစ်သက်နဲ့မပေါင်းရဘဲ သေချင်လို့လား"

"အစ်ကို့မျက်စေ့ထဲမှာ ငါးပေါတဲ့နေရာဆိုလို့ အဲဒီအင်းပဲတွေ့တာ၊ ဒီတော့ ချစ်သူအတွက်ဆိုရင် အသက်ပင်သေသေ စိမ်းပြာတောအင်းမှာ ငါးသွားဖမ်းမယ်"

မောင်မင်းအောင်က ခပ်သည်းသည်းကလေး ညည်းပြရာ ချစ်သက်နွယ်က ပျာပျာသလဲဖြစ်ပြီး

"အစ်ကိုရယ် ချစ်သက်ကို ချစ်တယ်ဆိုတာယုံပါပြီ၊ အဲဒီအင်းမှာ ငါးဖမ်းမ ါးရမယ်ဆိုရင် အစ်ကိုနဲ့ဝေးပြီး မယ်သီလရှင်ဖြစ်ဖို့များတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သက်ရယ် ဒီလောက်လည်း အားလျှော့စကား မပြောနဲ့၊ အစ်ကိုတို့မှာ တစ်နှစ်စာအချိန်ရှိပါသေးတယ်၊ အစ်ကိုကြိုးစားပါ့မယ်"

"ကောင်းပါပြီ အစ်ကိုရယ်၊ အစ်ကို့ဆီက အဲဒီလိုစကားမျိုး ကြားရတာနဲ့တင် ချစ်သက်ဝမ်းသာလှပါပြီ"

"ချစ်သက်ကို တစ်သက်လုံး ဝမ်းသာအောင်ထားမယ့်အစ်ကိုပါ"

"ကျေးဇူးတင်ပါတယ် အစ်ကို"

သူတို့နှစ်ယောက် ပျော်ရွှင်စွာ လမ်းခွဲခဲ့ကြ၏။

ညရောက်တာနဲ့ လှေတစ်စင်းနဲ့ ဖခင်ကြီးနဲ့အတူ ငါးဖမ်းထွက်ခဲ့ကြတယ်။ လှေပေါ်မှာ ငါးဖမ်းကိရိယာတွေတင်ပြီး မြစ်ပြင်တစ်လျှောက် လှော်ခတ်လာခဲ့သည်။

လမိုက်ညမို့ အမှောင်ကြီးစိုးနေလေရဲ့။ မှိတ်တုတ်မှိတ်တုတ် လင်းနေတဲ့ ကြယ်ကလေးတွေအရောင်က ဝိုးတဝါး...။

မြူင်ရေပြင်ကျယ်ကြီးကို ဖြတ်တိုက်လာတဲ့ လေကလေးကြောင့် မြစ်ရေပြင်မှာ လှိုင်းကြက်ခွပ်ကလေးတွေက တဖျပ်ဖျပ်...။

"သားရေ သိပ်မှောင်နေပြီ မီးထွန်းကွာ"

"ဟုတ်ကဲ့ အဖေ"

မောင်မင်းအောင်က သူ့အဖေ၏စကားအတိုင်း မီးအုပ်ဆောင်းကို ထွန်းညှိလိုက်သည်။ ဤသို့ဖြင့် မြစ်လယ်နားသို့ ရောက်လာနီးအချိန်တွင်...

"သားရေ အဲဒီနားမှာ ပိုက်ချလိုက်"

"ဟုတ်ကဲ့ အဖေ"

သူတို့သားအဖနှစ်ယောက် ငါးရှိမယ်ထင်သည့်နေရာတွင် ပိုက်ချကာ အိမ်သို့ပြန်လာခဲ့ကြသည်။ နောက်တစ်နေ့ နံနက်လေးနာရီထိုး အချိန်တွင် ပိုက်ကို ရုပ်သိမ်းရပေမည်။ အိမ်တွင်ခေတ္တခဏအိပ်ပြီး နံနက်လေးနာရီထိုးသည်နှင့် ပိုက်ချထားသည့်နေရာသို့ ပြန်လာခဲ့သည်။

"ကိုင်း ပိုက်ဆွဲတော့ သားရေ"

"ဟုတ်ကဲ့ အဖေ"

မောင်မင်းအောင်က ပိုက်ကိုဆွဲလိုက်ရာ ငါးခုံးမ ငါးကလေးများ ပါလာသည်ကိုတွေ့ရသဖြင့်

"အဖေရေ ငါးခုံးမအုပ်နဲ့တိုးတော့ ဒီမြင်ငါးမရတော့ဘူး"

"အချိန်ဘယ်လောက်ရှိမလဲ"

"အလွန်ဆုံး သုံးပိဿာကျော်ပေါ့"





"သွားပါပြီကွာ ဆန်ဖိုးရရင်တောင်ကံကောင်းကွာ"

"ဟုတ်ပါရဲ့ အဖေရာ၊ ဒီလိုတန်ဖိုးမရှိတဲ့ ငါးခုံးမရမယ့်အစား ငါးကြင်းတွေ ငါးတန်တွေအကြီးကြီးရပါတော့လား"

"သားရယ် နေ့တိုင်းတော့ ငါးကြီးငါးကောင်း ဘယ်ရမလဲ"

"အဲဒီ ငါးပေါက်စတွေပဲရရင်တော့ ဘယ်လိုစားကြမလဲ"

"အောင်မလေး ငါကမပူရဘဲ မင်းက ဘာကြောင့်ပူနေရတာလဲ"

"အိမ်ကျမှပြောတော့မယ် အဖေရာ"

"ဘာလဲ မင်းက မိန်းမတောင်းဖို့ ပိုက်ဆံစုချင်လို့လား"

"အဖေ မသိပါဘူး အဖေရာ"

"အေးပါ မင်းပဲသိအောင်လုပ်"

သူတို့သားအဖနှစ်ယောက်က ငါးသေးသေးရတိုင်း စကားများ လေ့ရှိကြသည်။ သို့ဖြင့် အိမ်ပြန်လာရာ

"ရှင်မရေ ငါတို့သားအဖတော့ ငါးသေးသေးလေးတွေပဲရတယ်၊ ရောင်းဖို့နည်းနေရင်လည်း ရောင်းမနေနဲ့တော့ ငါတို့အိမ်စားဖို့ပဲ လုပ်လိုက်တော့"

"ဒုက္ခပါပဲ ဆန်အိုးထဲမှာ ဆန်နို့ဆီဘူးတစ်လုံးတောင် မရှိတော့ဘူး"

"ဒါဆိုလည်း ရှင်မရေ ချစ်သက်နွယ်ရဲ့အမေဆီသာ ငါးနှစ် ပိဿာလောက် သွားပို့လိုက်တော့"

"ဟုတ်ပါ့ ကိုလှမောင်ရယ်၊ ဆန်လိုရင် သူတို့ဆီပဲ ပြေးရလွန်းလို့ ရှက်တောင်ရှက်ပါတယ်တော်"

"မရှက်ချင်ရင် ခမည်းခမက်ဖြစ်အောင် မင်းသားနဲ့ ပေးစားလိုက်ပါလား"

"အလိုတော် ရှင်က အခုထိ မသိသေးဘူးကိုး"

"ဘာကိုသိရမှာတုန်း ငါက အိမ်မှာအားအားရှားရှားနေတဲ့သူမှမဟုတ်တာ"

"ရှင်ကသာမသိတာ၊ တစ်ရွာလုံး ဟိုးဟိုးကျော်လို့"

"ဘာတွေဟိုးဟိုးကျော်လို့ ငါက ဘာကိုသိရမှာလဲ"

"ချစ်သက်ရဲ့မိဘတွေက အခုရောက်လာတဲ့ မြို့ကသူဌေးသားနဲ့ ဒီနှစ်မှာ မင်္ဂလာဆောင်လိမ့်မယ်၊ သူ့မိဘကတော့ မင်္ဂလာပွဲလုပ်ချင်လို့ တစ်ပိုင်းသေနေတာ၊ ချစ်သက်က အင်တင်တင်လုပ်နေတယ်ဆိုပဲ"

"အေးလေ သူတို့က နဂိုကတည်းက ဂုဏ်ပကာသနမက်တာပဲ၊ ချစ်သက်လို ကွမ်းတောင်ကိုင်ကလေးမွေးထားမှတော့ သူဌေးနဲ့ပေးစား ချင်တာမဆန်းဘူးက"

"အဲဒါက အရေးမကြီးပါဘူး၊ ကျုပ် ဆန်ရဖို့က အရေးကြီးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အချိန်ရှိတုန်း ရှင်ရလာတဲ့ငါးခုံးမလေးတွေသွားပေးပြီး ဆန်သွားယူလိုက်ဦးမယ်"

"သွားပါ မင်းဆန်ရလာမှ ငါလည်း ထမင်းမြန်မြန်စားရမှာ"

ဦးလှမောင်က ဖန်းသည့်ဒေါ်ရွှေအိကို လှမ်းပြောပြီး အိမ်ထဲသို့ ဝင်လာခဲ့၏။ မကြာမီ ဒေါ်ရွှေအိ၏ခေါင်းပေါ် ဆန်ဆယ်ပြည်ခန့် ရွက်လာသည်ကို တွေ့လိုက်ရသည်။

ဦးလှမောင်လည်း ညနေတွင် ပိုက်ချရန် ပိုက်အပေါက်အပြဲများကို ဖာနေခဲ့သည်။ ခဏအကြာမှာတော့ ဖန်းသည် ဒေါ်ရွှေအိ တည်ခင်းပေးတဲ့ ထမင်းဝိုင်းကလေးမှာ ထမင်းစားလိုက်တယ်။ အဲဒီအချိန်မှာ မောင်မင်းအောင် အပြင်ကပြန်လာတဲ့အတွက်

"သားလေး ထမင်းဝင်စားလိုက်ပါလား"

"မစားချင်ပါဘူး အဖေရာ"

"ဘာလဲ မင်း စိတ်မကောင်းစရာရှိလာလို့လား"

မောင်မင်းအောင်က ဘာမှပြန်မပြောဘဲ ကွမ်းအစ်ထဲကကွမ်း ကိုထုတ်ကာ ကွမ်းရာပြီး တမြုံ့မြုံ့နဲ့ ကွမ်းမြုံ့သလို သူ့အတွေးတွေကလည်း ဟိုရောက်သည်ရောက်ပေါ့. . .။

ဒီလိုနဲ့ တစ်ပတ်သောက် ငါးမရခဲ့ပါ။ ရေသေရက်ဆိုရင် ဒီလိုပဲ ငါးမရကြတာ အဆန်းမဟုတ်ပါ။ ဟင်းစားကလေးတောင် အနိုင်နိုင်ပဲ၊ ကံကောင်းလို့ ရေချိုးမပြန်ရတာ။

မောင်မင်းအောင်ကတော့ ငါးမရလေလေ သက်ပြင်းတချချ ဖြစ်လေလေ။ ဦးလှမောင်ကလည်း နဂိုကမှ ငါးမရလို့ စိတ်ညစ်ရတဲ့အထဲ သူ့ရဲ့သားတော်မောင်ကပါ သက်ပြင်းတစ်ချချနဲ့ဆိုတော့

"ဟေ့ကောင် မင်းကိုကြည့်ရတာနဲ့တင် ငါတော့အတော် စိတ်ဆင်းရဲနေပြီ"

"အဖေရာ ကျွန်တော် စိတ်ညစ်လို့ပါ"

"မင်းက ဘာကြောင့်စိတ်ညစ်ရတာလဲ၊ ငါ့လည်းပြောပါဦး"

"အဖေ စိတ်ဆင်းရဲမှာစိုးလို့ မပြောတော"

ဒီလို အစချီပြီး ပြောလိုက်တော့ အဖေလည်း အတော်စိတ်ဝင်စားသွားတယ်။ ဒါနဲ့ မောင်မင်းအောင်က သူနဲ့ချစ်သက်နှယ်ရဲ့အကြောင်း၊ မကြာခင် သူဌေးနဲ့လက်ထပ်တော့မယ့်အကြောင်း. . . စသည်ဖြင့်ပေါ့. . .။

"အဲဒါကြောင့် သား စိတ်ဆင်းရဲနေတာ"

"အေးပါ သားရယ်၊ အဖေလည်း ဘယ်လိုလုပ်ပေးရမှန်းတောင် မသိဘူး"





"အဖေရယ် သားတို့ဘယ်လိုပဲကြိုးစား ကြိုးစား သူဌေးတင် တောင်းမယ့်ငွေရဲ့ ဆယ်ပုံတစ်ပုံတောင် မီမှာမဟုတ်ဘူး"

"အေးကွာ ငါတို့က တံငါတွေပဲကွာ၊ လှေဦးစိုမှ ဝမ်းစိုရုံပဲ၊ ငွေပိုငွေလျှံမှ မရှိတာ"

"အဖေ သားတစ်ခုပြောချင်တယ်"

"ပြောကွာ"

"ဘာပဲဖြစ်ဖြစ် တံငါနဲ့ငါး ခွဲခြားလို့ရမလား အဖေ"

"ဘယ်ရမလဲကွာ၊ တံငါနဲ့ငါးဆိုတာ ခွဲခြားလို့သာရရင် တံငါဆိုတာဘယ်ရှိပါတော့မလဲကွာ"

"ဒါဆို အဖေ တံငါဆိုတာ ငါးရှိရာကိုသွားရှာရမှာမဟုတ်လား"

"ဒါပေါ့ သားရယ်၊ တံငါမှ ငါးမရှာရင် ဘယ်သူကရှာမလဲ"

"အခု သားက ငါးရှိတဲ့နေရာကိုတွေ့ပြီ အဖေ အဲဒါဘယ်လို လုပ်မလဲ"

"ငါးရှိတဲ့နေရာမှာ ငါးစာချမှာပေါ့ကွ"

"ဒါပေါ့ အဖေရ"

"ဒါထက် ငါးရှိတဲ့နေရာ ဘယ်နေရာတွေ့ထားလို့လဲ"

"ငါးတွေ ထထပွက်နေတဲ့ 'စိမ်းပြာအိုင်အင်း'ပေါ့ အဖေရယ်"

"ဟင်း ငါက အကောင်းမှတ်လို့ နားထောင်နေတာ၊ ရှိုးရှိုးမသေ ချင်ဘဲ တစ္ဆေကိုက်ခံပြီး သေချင်လို့လား"

"အဖေကလည်း အဖေရာ"

"အဖေကလည်း၊ လုပ်မနေနဲ့ မဟုတ်ဘူး။ သေချင်ရင် စိန်မစားနဲ့ စိမ်းပြာအိုင်သွားဆိုတဲ့စကား မကြားဖူးဘူးလား"

"ဒါက ရှေးလူကြီးတွေ ခြောက်ပြီးပြောတဲ့စကားနေမှာပါဗျာ"

"အိမ်း ခြောက်ပြီးပြောတာဆိုရင်လည်း မြန်မြန်အသေဆိုးနဲ့ သေအောင် စိမ်းပြာအိုင်ကို ကိုယ့်ဖာသာကိုယ် သွားတော့"

"ဒါဆို သားသွားမှာကို အဖေ ခွင့်ပြုတယ်ဆိုတဲ့ သဘောပေါ့"

"ဟေ့ကောင် တယ်လေ ငါမပြောချင်ဘူး၊ မင်းကိုမသွားစေချင်လို့ ရွဲ့ပြောတာကွ"

"ဘာပဲဖြစ်ဖြစ် အချစ်ဆိုတာ စွန့်စားရတယ်လို့ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်၊ ဒါကြောင့် ငါးပွက်နေတဲ့အိုင်မှာ ငါးရှာကြည့်မယ် အဖေရာ"

"အေး တစ္ဆေကိုက်လို့သေမယ့် အသုဘလောင်းလေး"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)
## "သေချင်ရင် စိန်မစားနဲ့ စိမ်းပြာအိုင်သွား"

❖

"ဟောကောင် ဒီညဆယ်နာရီထိုးရင် ငါးဖမ်းထွက်မယ်၊ အခု မင်းသွားချင်တဲ့နေရာသွားထား၊ ကိုးနာရီကျော်လောက်ပြန်လာခဲ့"

"ဟုတ်ကဲ့ အဖေ၊ ဒါပေမဲ့ သွားရမှာ အားမရှိဘူး"

"ဘာလဲ ငါးခုံးမနဲ့တွေ့မှာစိုးလို့လား"

"ဟုတ်တယ် အဖေရာ၊ ငါးခုံးမတွေ့ပဲရတော့ ငါးဖမ်းထွက်ရမှာတောင် စိတ်မဝင်စားတော့ဘူး"

"မင်းကလည်းကွာ မနေ့က ငါးခုံးမရတာနဲ့ ဒီနေ့လည်း ငါးခုံးမပဲရမှာဆိုပြီး လေ့နံ့ဓားထစ်မှတ်လို့ ဘယ်ရမလဲ၊ ငါးကြီးငါးကောင်းတွေလည်း ရချင်ရမှာပေါ့"

"သားတော့ အရှုံးဖိုးထိန်ပြောသလို ပြောလိုက်ချင်တယ်"

"ဘာပြောချင်တာလဲ"

" 'မထင်' လို့"

မောင်မင်းအောင်က ဒီလိုပြောလိုက်တော့ ဦးလှမောင်ရဲ့မျက်နှာ ညှိုးလျော့သွားခဲ့သည်။

"ဟုတ်တယ် သားရယ်၊ အခုတလော ငါးခုံးမပဲမြူးနေတာ ဆိုတော့ ဘယ်လိုအတတ်ပြောနိုင်မလဲ"

မောင်မင်းအောင်က သူ့အဖေရဲ့စကားကိုကြားရတော့ စိတ်မကောင်းဖြစ်သွားပြီး





"အဖေ ရွာထဲလျှောက်လိုက်ဦးမယ်၊ အဖေ ဘာမှစိတ်ဆင်းရဲ ဖြစ်မနေပါနဲ့၊ ဘာပဲရရ ငါးဖမ်းရမှာက သားတို့အလုပ်ပဲ"

ဦးလှမောင်ဟာ အိမ်ပြင်ကိုထွက်သွားတဲ့ သားရဲ့နောက်ကျောကိုကြည့်ပြီး

"အင်း သားပြောတာလည်း မှန်တာပဲ၊ ငါးမရှိတဲ့နေရာမှာ ငါးရှာသလို ဖြစ်နေတော့ ဟင်းစားတောင် အနိုင်နိုင်ပဲ၊ ဒါပေမဲ့ စိမ်းပြာအိုင်အင်းကလည်း ဂျပန်ခေတ်ကတည်းက နာမည်ကြီးအင်းဆိုတော့ အင်း ခက်တော့ခက်သားလား"

ဦးလှမောင်က ဒီလိုတွေးရင်း ဖက်ကြမ်းဆေးလိပ်ကို ထိုင်ဖွာ နေရှာရဲ့။ ဒီတင် ဦးလှမောင်ရဲ့မိန်းမ ဒေါ်ရွှေအိက

"ကိုလှမောင် ရှင် ဘာတွေများ စဉ်းစားနေတာလဲ"

"ဘာမှမစဉ်းစားပါဘူးကွာ၊ ဆေးလိပ်သောက်နေတာ မင်းမမြင်ဘူးလား"

"ဆေးလိပ်သောက်နေတာတော့ ရှင်ပြောမှာလား၊ မြင်တာပေါ့ ဒါပေမဲ့ ရှင်က သက်ပြင်းတစ်ချချဖြစ်နေလို့ မေးရတာ"

"မေးမနေပါနဲ့ကွာ စိတ်ညစ်တာပဲ အဖတ်တင်မယ်"

"စိတ်ညစ်ညစ် စိတ်ချမ်းသာသာ ပြောပါတော် ဆင်းရဲလည်း အတူတူပေါ့"

"အိမ်း ငါမပြောဘူးလို့နေတာ အခုမင်းမေးလို့ပြောတာ"

"ပြောပါတော်"

"မင်းရဲ့သားကိစ္စပဲ"

အဲဒီလို အစချီပြီးပြောလိုက်တာ နောက်ဆုံးတော့ စိမ်းပြာအိုင် အင်းအထိ ရောက်သွားရော. . .။

"အောင်မလေး ကိုလှမောင်ရယ် ရက်ရက်စက်စက် ပြောထွက် ပါ့တော်၊ ကျုပ်ကို မုဆိုးမအဖြစ်နဲ့ ထားခဲ့ချင်လို့လား"

"ဒီလောက်လည်း မတွေးပါနဲ့ကွာ၊ အဲဒီအင်းမှာ ငါးသွားဖမ်း တိုင်း သေမယ်လို့ ဘယ်သူကပြောလို့လဲ"

"ရှင်တို့သားအဖတွေက သေတာတောင် ရိုးရိုးမသေချင်ဘူး၊ ရေထဲမှာ ရုပ်ပျက်ဆင်းပျက်နဲ့ သေချင်ကြတာမျိုးလား"

"အဲဒီလိုလည်း ဘယ်ဟုတ်မလဲကွာ၊ အဲဒီအင်းမှာ တစ်ရက်နှစ်ရက် ငါးသွားဖမ်းလိုက်၊ တစ်ပတ်လောက်နားလိုက်၊ ပြန်ဖမ်းလိုက်လုပ်ရင် ကောင်းမလားလို့"

"ရှင့်ကိုတစ်ရက်နှစ်ရက် ငါးဖမ်းတာနဲ့ အဲဒီမှာရှိတဲ့ မကောင်းဆိုးဝါးက ခွင့်ပြုမယ်လို့ ထင်လို့လား"

"မပြောတတ်ပါဘူးကွာ၊ ငါလည်း ငါ့စိတ်ကူးရတဲ့အတိုင်း ပြောတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



မိဘတို့ဝတ္တရားအတိုင်း ချစ်သက်ကိုတောင်းပေးဦးမယ် မဟုတ်လား"

"ဘာမိဘဝတ္တရားလဲ၊ အဲဒီလိုစိတ်ကူးပြီး စိမ်းပြာအိုင်ကို သွားကြည့်ပါလား။ အသေဆိုးနဲ့သေမလားတော့ ရှင် ကျုပ်ကိုပြောချင်တဲ့ အတိုင်းပြော"

"ငါလည်း ဘယ်လိုလုပ်ပေးရမလဲ မသိဘူး ရွှေအိရာ"

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့သားလေး မယားမရလို့တော့ မသေပါဘူးတော်၊ ကျုပ်က ရှင့်ကိုအဆုံးရှုံးမခံနိုင်ဘူးတော်"

"အေးပါ ရွှေအိရာ မင်းက ငါ့ကိုချစ်လို့ နိုးရာလိုက်လာတာ ဆိုတော့ မင်း ငါ့အပေါ်မှာ ဘယ်လောက်ချစ်မှန်းသိပါတယ်"

"ရှင်ကလည်း အရေးထဲမှာ အမှတ်ယူနေပြန်ပြီ"

ဒီလို သူတို့နှစ်ဦး အချီအချပြောနေတုန်း မောင်မင်းအောင် ပြန်လာပြီး

"အမေနဲ့အဖေ ဘာတွေဆွေးနွေးနေတာတုန်း"

"မင်းအမေက ငါ့ကိုချစ်လို့ မခွဲနိုင်ဘူးတဲ့"

"ဟင် ဟုတ်လား အမေ"

"ဒီ အဘိုးကြီးက တောက်တီးတောက်တဲ့ ဘာတွေလျှောက်ပြောနေမှန်း မသိပါဘူး။ သူငယ်ပြန်နေတာလား မသိပါဘူးဟယ်"

အမေက စိတ်ကောက်ပြီး ခြေထောက်ဆောင့်ကာ အိပ်ခန်းထဲဝင်သွားခဲ့သည်။ ဒီအချိန်ဟာ ညရှစ်နာရီခွဲနေပြီဖြစ်လို့

"သားရေ ငါတို့ပိုက်သွားချရတော့မယ်"

"ဟုတ်ကဲ့ အဖေ"

နောက်တော့ သူတို့သားအဖဟာ ထုံးစံအတိုင်း ဒီညလည်း ငါးပိုက်ချဖို့ ရေလယ်ခေါင်ကို လှေလှော်လာခဲ့သည်။

"အဖေ သားပြောတာ စဉ်းစားပြီးပြီလား"

"ငါ စဉ်းစားကြည့်တာတော့ မဖြစ်နိုင်ဘူး"

"အဖေနဲ့သား ဒီညလောင်းမယ်"

"ဘာလောင်းမှာလဲ သားရဲ့"

"ဒီနေ့ည ငါးခုံးမတွေပဲရမယ်ဆိုရင် သားကိုမတားနဲ့တော့ စိမ်းပြာအိုင်ကိုသွားတော့မယ်"

"အိမ်း တကယ်လို့ ငါးကြီးငါးကောင်းရမယ်ဆိုရင်ကော‌ကွာ"

"ငါးကြီးငါးကောင်း တစ်ပတ်လောက် ဆက်တိုက်ရမယ်ဆိုရင် စိမ်းပြာအိုင်ကိစ္စကို လက်လျှော့လိုက်တော့မယ်"

"အေးပါကွာ စိမ်းပြာအိုင်က အန္တရာယ်များလွန်းပါတယ်၊ အချစ်





အတွက်နဲ့ အသက်ကိုလောင်းကြေးမထပ်နဲ့ကွာ"

"အဖေရာ လွန်ခဲ့တဲ့တစ်ပတ်လောက်က သား အဲဒီနေရာကို တစ်ယောက်ထဲ သွားခဲ့တယ်၊ လှုသံတွေလည်း တိတ်ဆိတ်တော့ ငါးတွေက ထင်သလို ပွက်နေတာများအဖေရာ အခုထိတောင် မျက်စေ့ထဲကမထွက်ဘူး"

"အင်း အဲဒါ ငါ့သားကို ညှို့ယူဖမ်းစားနေတာကွ"

"အဲဒီလိုတော့ မဖြစ်နိုင်ပါဘူး အဖေရာ"

သူတို့သားအဖဟာ ငါးလာမယ်လို့ ထင်တဲ့နေရာတွေမှာ ပိုက်ချ ခဲ့ကြ၏။ ကိုလှမောင်ရဲ့လက်တွေဟာ တုန်ယင်နေသလို ပါးစပ်ကလည်း တစ်ခုခုကို ရွတ်ဆိုနေသည်။

"ဒီမြစ်မှာစောင့်ကြပ်နေကြတဲ့ မြစ်စောင့်နတ်များခင်ဗျာ ကျွန်တော်မျိုးကို ဒီနေ့ကစပြီး တစ်ပတ်တင်းတင်းပြည့်တဲ့အထိ ငါးကြီးငါး ကောင်းများ ပေးသနားတော်မူပါ၊ ကျွန်တော်မျိုးဟာ ငါးကြီးငါးကောင်းများရရင် တင်ပါမယ် မြှောက်ပါမယ်၊ မ,စတော်မူပါ"

ဦးလှမောင်က လက်တုန်ရှုံသာမကဘဲ စိတ်ပါအထူးလှုပ်ရှားနေသည်။

"ဘုရား ဘုရား ဒီနေ့ ငါးခုံးမမရပါစေနဲ့ ငါးမြင်းတို့ ငါးကြင်းတို့ရပါစေ"

ဒီလိုနဲ့ ပိုက်ဆွဲဖို့အချိန်ဟာ တစ်စတစ်စ နီးကပ်လာပါပြီ၊ မတတ်နိုင်တော့ပါ။ သူ ပိုက်ဆွဲလိုက်ပါပြီ၊ ပိုက်ဟာ ရေထဲကလှေပေါ် ရောက်လာတယ်ဆိုရင်ပဲ

"သွားပါပြီကွာ ငါးခုံးမတွေချည်းပဲ"

ဦးလှမောင်က စိတ်ပျက်လက်ပျက်နှင့် အော်ပြောလိုက်သည်။ ဒီတော့ မောင်မင်းအောင်က

"သား အဖေ့ကိုမပြောဘူးလား၊ ငါးခုံးမမြူးပါတယ်လို့"

"အေးကွာ ငါးခုံးမနဲ့ဆိုရင် အလုပ်မဖြစ်တော့ဘူး"

"အဖေရာ စိတ်ကူးမလွဲပါနဲ့ သားတို့ စိမ်းပြာအိုင်ကို တစ်ပတ်မှာနှစ်ရက်လောက်ပဲသွားမှာ"

ဦးလှမောင်မှာ သူ့သားကို ဘာမှပြန်မပြောဘဲ တွေဝေကာ စဉ်းစားနေမိသည်။

"အဖေ အဖေ့ကိုအမေက စိတ်မချရင် မလိုက်ခဲ့နဲ့ သားတစ် ယောက်ထဲပဲ စိမ်းပြာအိုင်ကိုသွားမယ်"

"မင်းတစ်ယောက်တည်းတော့ မဖြစ်ပါဘူး သားရယ်၊ မင်း သွားမယ်ဆိုရင် အဖေပါလိုက်ခဲ့မှာပေါ့၊ ဒါပေမဲ့ အဲဒီကိစ္စကို မင်းအမေ သိလို့မဖြစ်ဘူး"

"စိတ်ချပါ အဖေ၊ အမေ့ကို တစ်စိမှ သားမပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဒါဆိုရင် မနက်ဖြန်ညမှာ စိမ်းပြာအိုင်ကိုသွားမယ်"

"ဒါမှ ငါတို့အဖေကွ"

သားဖြစ်သူ မောင်မင်းအောင်က ပျော်ရွှင်သွားသော်လည်း ကိုလှမောင် မှာမူကား အသည်းတထိတ်ထိတ် ရင်တဖိုဖို . . .။

အို ဘာပဲဖြစ်ဖြစ် သားလေးတစ်ယောက်တည်း သွားလို့မဖြစ်ဘူး။ တစ်ယောက်သွားရင်သေလှူ နှစ်ယောက်သွားရင် ရှင်လှူတဲ့။

ကိုလှမောင်လည်း သူ့အတွေးနဲ့သူ . . .။

ပိုက်ချပြီးအိမ်အပြန်

"ရှင်တို့သားအဖ ပြန်လာတာ စောလှချည်လား၊ ဘာငါးတွေရလာလဲ"

"ထုံးစံအတိုင်း ငါးခုံးမပဲဟေ့"

"ဒုက္ခပါပဲတော် ကျုပ်တို့အိမ်လည်း ငါးခုံးမတွေချည်းပဲရနေတော့ လူတွေတောင် ငါးခုံးမစော်နံနေပြီ"

"ရွှေအိရယ် အပိုစကားတွေပြောမနေပါနဲ့ ငါးတောင်းကို လာယူဦးဟေ့"

"လာပါပြီတော် လာပါပြီ"

သူတို့သားအမိ သားအဖတွေ အလုပ်ရှုပ်နေတုန်း

"ဒေါ်လေးအိရေ ဒေါ်လေးအိ"

"ဟဲ့ ဘယ်သူများတုန်း"

"သမီး ချစ်သက်ပါ"

"ဩော် သမီးလေးရောက်လာတာကိုး၊ အိမ်ထဲဝင်ထိုင် သမီးရေ"

"ဟုတ်ကဲ့"

ချစ်သက်က လက်ထဲမှာ အထုပ်အပိုးတွေနဲ့ အိမ်ရှေ့ခန်းမှာ ဝင်ထိုင်လိုက် သည်။ ဒီတော့ မောင်မင်းအောင် ထွက်လာပြီး

"ချစ်သက် ဘာတွေလဲဟ"

"ငါတို့ဦးလေးရဲ့ ဘဲခြံက ဘဲဥတွေ အရမ်းဥလို့ ငါတို့အိမ်ကို လာပေးတာ အိမ်မှာလည်း ဘဲဥတွေများနေလို့ ဒေါ်လေးကိုလာပေးတာ"

"နင်က ငါ့အမေကိုပဲ မျက်နှာလုပ်နေတာပဲ၊ ငါ့ဖို့ရော ဘာပါသေးလဲ"

"ဒါက နင်တို့မိသားစုစားဖို့ မြို့ပေါ်ကဝယ်လာတဲ့ ကိတ်မုန့်"

"ဘာလဲ အဲဒီကိတ်မုန့်က ဟို မြို့သားသူဌေးသား ဝယ်လာတဲ့ ကိတ်မုန့် မဟုတ်လား"

"နင်ကတော့ အမြဲပဲ တလွဲတွေးတယ်၊ ဟုတ်တယ် မြို့သားဝယ်လာ တဲ့ကိတ်မုန့် နင့်လာပေးပါမလား၊ အဲဒါ ငါတို့ဦးကြီးမြို့သွားပြီး စပါးရောင်းလို့





ပိုက်ဆံအများကြီးရလာလို့ ကိတ်မုန့်တွေအများကြီး ဝယ်လာတာ"

"ဩော် သိပြီ နင်တို့အိမ်က လူနည်းလို့ ပိုလျှံလို့ ငါတို့ကိုလာပေးတာ မဟုတ်လား"

"အစ်ကိုမင်းအောင်ကတော့ ပြောလိုက်ရင် အရမ်းပဲ၊ ချစ်သက်က ဒေါ်လေးနဲ့ဦးလေးစားဖို့ လာပေးတာ"

"အေးပါ ဒါဆိုအပြန်မှာ ငါးခုံးမတွေယူသွားဦး၊ အခုမစားချင်ရင် အခြောက်လှမ်းထားလိုက်"

"မပေးပါနဲ့ အစ်ကိုရယ် ရပါတယ်"

ပြောပြောဆိုဆို ချစ်သက် ပြန်သွားခဲ့သည်။

ဦးလှမောင်မှာ မနက်မိုးလင်းသည့်မှ ဘာမှမစားရသေးသဖြင့်

"ရွှေအိရေ ငါ့ကိုငတ်တယ်ပြောပြော ခုနက ချစ်သက်ပေးသွားတဲ့ ကိတ်မုန့်ကိုလှီးပြီး လာပေးစမ်း"

"လာပေးတဲ့လူတောင် အိမ်မရောက်သေးဘူး တော်ကတယ်လို ဖြစ်တာလဲ"

"ဗိုက်ဆာတယ်ကွ ငါ ဒီမနက်ခင်း တစ်ခုလုံး ဘာမှမစားရသေးဘူး"

"အင်းပါ ကျုပ် ကိတ်မုန့်လှီးလာခဲ့ပါမယ်၊ တော်တို့သားအဖ နှစ်ယောက် လုံးစားကြပါ၊ မြို့မှာလို ကော်ဖီရည်တော့ မရှိဘူး၊ ရေနွေးကြမ်းနဲ့သောက်ပေါ့"

"မြန်မြန်သာ ကျွေးစမ်းပါကွာ"

မကြာမီ ကိတ်မုန့်ချပ်ကလေးများ ဦးလှမောင်၏ရှေ့သို့ ရောက်လာခဲ့ သည်။ ကိတ်မုန့်ပန်းကန်နံဘေးမှာ ရေနွေးကြမ်းအိုးနဲ့ အကြမ်းပန်းကန်လုံး ကလေးများ . . . ။

"သားရေ မင်းအောင် ကိတ်မုန့်စားရအောင်"

မောင်မင်းအောင်က မျက်နှာရှုံ့တွတွဖြင့် အခန်းအပြင်သို့ ထွက်လာပြီး

"မိန်းကလေးကပေးတဲ့ မုန့်မစားချင်ပါဘူးအဖေရာ"

"မင်းပဲအပြောကောင်း၊ သူတို့အိမ်နဲ့ ငါတို့အိမ်က ဒီလိုပဲ ကိုယ့်ရှိတဲ့ မစွည်းလေးတွေ ပေးနေကြပဲဟာ"

"အရင်တုန်းကတော့ ဟုတ်ပါတယ်၊ အခု သူကသားရဲ့ချစ်သူ ဖြစ်လာပြီ ဆိုတော့ ပေးချင်းပေး သားကပဲပေးချင်တာ၊ သူပေးတာကို မယူချင်ဘူးအမေ"

"မင်းပြောတာလည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ နဂိုကတည်းက ငါတို့ မိကြီးငါးကောင်း မိလာရင်လည်း ပေးနေကျပဲမဟုတ်လား"

"ဒါတော့ ဒါပေါ့အဖေရာ၊ နောက်ဆိုရင် ချစ်သက်လာပေးတာဆို ..ပါနဲ့၊ သားရှက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရက်တာကနောက် ငါက ဒီကိတ်မုန့်ကိုစားသာစားရတယ် ဒီနေ့ည စိမ်းပြာအိုင်သွားမှာမို့လို့ နောက်နေ့မှာ မျက်နှာသစ်စရာမျက်နှာမှ ကျန်ပါ့မလားလို့ တွေးပြီးစားနေတာ"

"အို အဖေကလည်း နိမိတ်မရှိ နမာမရှိတာတွေ လျှောက်ပြောမနေပါနဲ့ အဖေ၊ ဒီနေ့ည ကျိန်းသေ စိမ်းပြာအိုင်ကိုသွားမှာနော်"

"အေးပါကွ"

"ဟေး ဒါမှတို့အဖေကွ"

မောင်မင်းအောင် အသံက ဝမ်းသာလွန်းလို့ အတော်ကျယ် လောင်သွားခဲ့သည်။ ဒီတော့ နောက်ဖေးမှာ ဝေယျာဝစ္စလုပ်နေတဲ့ ဒေါ်ရွှေအိက

"အိမ်ရှေ့က သားအဖတွေ ဘာကြောင့် ဒီလောက်အော်ပြီး ပျော်နေကြတာလဲ"

ပြောပြောဆိုဆို နောက်ဖေးမှ အိမ်ရှေ့ခန်းသို့ ထွက်လာရာ ဦးလှမောင်က အမှတ်တမဲ့ . . .

"မင်းသားက ပျော်တာပေ့ါ၊ သူသွားချင်တဲ့ စိမ်း စိမ်း"

စိမ်းပြာအိုင်ဟု ပြောမည်ကြံစည်ပြီးမှ သူ့မိန်းမ မကြိုက်မှန်း သိသဖြင့် စိမ်း စိမ်းဆိုပြီး စကားပြတ်သွားလေရဲ့။

"ဘာ စိမ်း စိမ်း ဖြစ်နေတာလဲ၊ မဟုတ်မှလွဲရော ရှင်တို့သားအဖ စိမ်းပြာအိုင်မှာ ငါးသွားဖမ်းမလို့မဟုတ်လား"

"မ မ မဟုတ်ပါဘူးကွာ၊ ငါ့သားလေးက ချစ်သက်ကို သူဌေး သားက ကြိုက်နေလို့ စိမ်းကားမယ်ထင်နေတာ၊ အခု အခုတော့ မ မ မစိမ်းကားဘူး မင်း မင်းရဲ့သားက ပျော်နေတာ"

"နေပါဦး ရှင်က ဘယ်တုန်းက အ,ထစ်သွားတာလဲ၊ ကျုပ်က ရှင်တို့သားအဖကို သိပ်မယုံတော့ဘူး၊ ပိုက်ချသွားတာတောင် လိုက်ချောင်းရမလို ဖြစ်နေပြီ"

"မ မလိုပါဘူးကွာ"

"ဒါပဲနော် ရှင်တို့သားအဖနှစ်ယောက်စလုံး စိမ်းပြာအိုင်ကို မသွားနဲ့နော်" ဒေါ်ရွှေအိက စိုးရိမ်စွာဖြင့် ပြောလိုက်ရာ ဦးလှမောင်က

"ငါ ငါ သိပါတယ်ကွာ၊ သေ သေချင်ရင် စိန့်မစားနဲ့ စိမ်း စိမ်းပြာအိုင်ကိုသွားတဲ့"

အဲဒီလို အထစ်ထစ် အငေါ့ငေါ့ပြောရင်း စကားလက်စကို သိမ်းလိုက်ပါတော့တယ်။

■ ■ ■



## အခန်း (၃)

## "ငါးကြီးငါးကောင်း ဆုမတောင်းကောင်း"

ဒီနေ့ညမှာ သားအဖနှစ်ယောက်ဟာ တိုင်ပင်ထားတဲ့အတိုင်း စိမ်းပြာအိုင်အင်းဆီကို မကြောက်မရွံ့ သွားဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ ဒါကြောင့် ခပ်စောစော ညခုနှစ်နာရီလောက်မှာ ငါးဖမ်းပိုက်နဲ့ မီးခွက် စတဲ့ ငါးဖမ်းကိရိယာတွေတင်ပြီး စိမ်းပြာအိုင်အင်းဆီသို့ လှော်ခတ်လာခဲ့တယ်။

ဦးလှမောင်ဟာ တံငါဖြစ်ပေမယ့် ဘာသာတရားကို ကိုင်းရှိုင်းသူဖြစ်သည်။ ငါးရှာမထွက်ခင် ဘုရားရှိခိုးပြီးမှ ပိုက်ချလေ့ရှိသူ။

အခု သူတို့သားအဖနှစ်ယောက် စိမ်းပြာအိုင်အင်းထဲမှာ စတင်လှော်ခတ်လာခဲ့ပါပြီ။ လပြည့်ညမို့ အင်းပြင်ကျယ်ကြီးတစ်ခုလုံး လင်းထိန်နေလေရဲ့။ လမင်းကြီးနဲ့အပြိုင် ကြယ်တာရာတွေ လင်းလက်နေပုံကလည်း အလွန်ကြည်နူးဖွယ်ရှုခင်းတစ်ခုပင်၊ ဒါပေမဲ့ သူတို့သားအဖဟာ အပျော်ခရီး ထွက်လာတာ ပဟုတ်. . .။ အန္တရာယ်အသွယ်သွယ်နဲ့ ဘယ်အချိန် ဘယ်အခါမှာ ဘယ်လိုရင်ဆိုင်ရမှန်း မသိတာသိအတွေးတွေကြောင့် ရင်တထိတ်ထိတ် ခုန်နေသည်။

ဦးလှမောင်ကတော့ ရေလုပ်ငန်းလုပ်သက် အနှစ်သုံးဆယ်ကျော်ခန့်ရှိပြီဖြစ်လို့ ရိုးရာဓလေ့ထုံးစံကို သိသူဖြစ်၏။ အခုလို နာမည်ကြီးအင်းအိုင်ကွမှာဆိုရင် ဘယ်လိုပြောရတယ်၊ ဘယ်လိုပြုမူလုပ်ဆောင်ရတယ်ဆိုတာ သူသိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် . . .

"ဤစိမ်းပြာအိုင်အင်းနဲ့ပတ်သက်တဲ့ ပိုင်ရာဆိုင်ရာ ရေစောင့်နတ်မင်းကြ ခင်ဗျား. . . ကျွန်တော်မျိုးတို့သားအဖဟာ လှေဦးမှာ ငါးကြော်နဲ့အရက်ပ တင်ပါတယ် မြှောက်ပါတယ်၊ ပူဇော်ပသပါတယ်၊ ကျွန်တော်မျိုးတို့သားအဖ သနားသောအားဖြင့် အန္တရာယ်မှကင်းဝေးအောင် စောင့်ရှောက်တော်မူပါ အရှင်ကြီး ဒါ့အပြင် ဤအင်းထဲမှာရှိတဲ့ ငါးသေး ငါးမွှားလေးများကို ပေးသနားတော်မူ အရှင်ကြီးခင်ဗျား. . ."

ဦးလှမောင်က အသံခပ်ကျယ်ကျယ်နှင့် ဆုတောင်းလိုက်ရာ မောင်မင်း အောင်က

"အဖေကလည်း ဘာကြောင့် ငါးသေးငါးမွှားပေးပါလို့ ဆု တောင်းရတ လဲ၊ ဟိုမြစ်ထဲမှာတုန်းကလည်း ငါးသေးငါးမွှားပဲရလို့ ဒီအင်းကို လာပါတယ်ဆို ဒီငါးသေးငါးမွှားပဲရအောင် ထပ်ပြီးဆုတောင်းနေပြန်ပြီ"

ထိုအခါ ဦးလှမောင်က

"ဟဲ့ကောင်၊ ငါဆုတောင်းနေတုန်းမှာ ငြိမ်ငြိမ်နေစမ်း၊ ဘာမှန်းမသိဘ လျှောက်မပြောနဲ့၊ အရှင်ကြီးတို့က မကြိုက်ဘူး"

"မသိလို့ပါ အဖေရာ"

"မင်းမသိတာ အရေးမကြီးဘူး၊ အရှင်ကြီးတို့ကို တောင်းပန်ရဦးမယ်"

ဦးလှမောင်က ဤသို့ပြောပြီးနောက်

"အရှင်ကြီးခင်ဗျာ အမိုက်အမဲလေးမို့ ပြောမှားဆိုမှားရှိတာကို ဖွေမယူပါ အရှင်ကြီးခင်ဗျား၊ ကျွန်တော်မျိုးတို့ကို ငါးသေးငါးမွှားလေး စွန့်တော်မူပါ အရှင်ကြီး ခင်ဗျား"

မောင်မင်းအောင်က

ငါးသေးငါးမွှားဆိုတဲ့ စကားကိုမကြားလိုပါ။ ဖြစ်နိုင်လျှင် အချိန်တစ်ဆယ လောက်ရှိတဲ့ ငါးကြီးမျိုး လေးငါးကောင်လောက် ရချင်သည်။ သို့သော် ဖခင်ဖြစ်သ ဦးလှမောင်၏ ငါးသေးငါးမွှားကို ပြောမိ၍ အမိုက်အမဲဟု အပြောခံရတဲ့အတွက် ရှေ့ဆက်၍ မပြောတော့။

"အဖေပြောတဲ့အတိုင်း အမိုက်အမဲကလေးပဲ ထားလိုက်ပါတော့"

သူတို့နှစ်ဦးစလုံး စကားမပြောတော့ဘဲ လှေကိုလှော်လာခဲ့ရာ အင်းစပ် ကိုက်(၁၀၀)ခန့်အကွာသို့အရောက်တွင် ဦးလှမောင်က အသံ ခပ်အုပ်အုပ်ဖြင့်

"သားရေ ရှေ့ကိုက်ငါးဆယ်လောက်ရောက်ရင် ပိုက်ချမယ်၊ အစ အရာရာ သတိထားနော်၊ အမှားမလုပ်မိစေနဲ့ကြားလား"





"ဟုတ်ကဲ့ အဖေ"

သူကလည်း အသံတိုးတိုးကလေး ပြန်ပြောလိုက်၏။

အမှန်တကယ်တော့. . .

ငါးဖမ်းတဲ့အခါမှာ စကားမပြောတာ အကောင်းဆုံးလို့ သူ့ဖခင်ကအမြဲ ပြောထားတဲ့အတွက် သူက အသံတိုးတိုးနှင့် ပြောလိုက်ခြင်းဖြစ်သည်။

တဖြည်းဖြည်းနဲ့ လှော်ခတ်သွားရာ ဒိုက်တွေအများကြီးရှိတဲ့ နေရာကို ရောက်လာခဲ့သည်။ ဒိုက်များရင် ပိုက်ချလို့မကောင်းတဲ့အတွက် ရှေ့ဘက်ကို ဆက်ပြီးလှော်ခတ်လာခဲ့၏။ ပိုက်ချတော့မှာဖြစ်လို့ မီးခွက် ကို မီးထွန်းလိုက်သည်။

အဲဒီအချိန်မှာ လေခပ်ပြင်းပြင်း ရုတ်တရက် တိုက်လိုက်လို့ ခန္ဓာကိုယ် တစ်ခုလုံး အေးစိမ့်သွား၏။

"အောင်း အောင်း အောင်း"

အင်းစပ်က စူးစူးဝါးဝါးအော်လိုက်တဲ့ ညည်ငှက်ရဲ့အသံကြောင့် မောင်မင်း အောင်မှာ ကြက်သီးမွေးညင်းများတောင် ထသွားခဲ့သည်။

"အမလေး ငှက်သံကြီးကလည်း"

"ညည်ငှက်တွေပါ သားရယ်၊ ညဆိုတော့ အသံကကျယ်လောင် တာ ပေါ့"

အဲဒီလိုပြောနေစဉ် . . .

ခပ်လှမ်းလှမ်းက အင်းရေပြင်ထက်မှာ

"ပွက်"

"ပွက်"

"ပွက်"

ဆိုတဲ့ အသံတွနဲ့အတူ ငါးတွေပွက်နေတာ တွေ့လိုက်ရသည်။

"အဖေ အဖေ ငါးပွက်တာ တွေ့လိုက်လား"

"အိမ်း တွေ့လိုက်တယ်၊ အဲဒီနေရာမှာ ပိုက်ချမယ်"

"ဟုတ်ကဲ့ အဖေ"

ပိုက်သမားဆိုတာ ငါးပွက်ရာမှာ ပိုက်ချရမှာပေါ့။

မောင်မင်းအောင်က လျင်သည်။ ဖျတ်လတ်သည်။

အဲဒီနေရာအရောက်မှာ ပိုက်ချလိုက်သည်။ ဒီနောက် အေးအေး ဆေး အင်းစပ်ဆီကို လှော်ခတ်လာခဲ့၏။ ပိုက်သမားဆိုတာ ပိုက်ချပြီးပြီးချင်း က်ဆွဲလို့မရတာ၊ ငါးရသည်အထိစောင့်ရတာမို့ အင်းစပ်မှာ သားအဖနှစ်ယောက် ားပြောရင်း စောင့်ဆိုင်းနေခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးလှမောင်ကတော့ ထုံးစံအတိုင်း ဆေးပေါ့လိပ်ကိုဖွာလို့

"ငါ့သားရယ် မင်းက ချစ်သက်ကိုချစ်တယ်ဆိုပေမယ့် သူ့မိဘတွေက ပိုက်ဆံအရမ်းမက်တော့ မင်းနဲ့ချစ်သက် ဖြစ်နိုင်ပါ့မလား"

"သားလည်း အဲဒါစဉ်းစားလိုက်ရင် စိတ်အရမ်းပူတယ် အဖေ"

"ဟုတ်တယ်"

ဦးလှမောင်က ခေါင်းတညိတ်ညိတ်နှင့် စကားပြောနေခဲ့တယ်။

"တကယ်တော့ မင်းနဲ့ချစ်သက်နဲ့ နီးစပ်အောင် အဖေက ဝတ္တုရေ ကျေရမှာ အရင်တုန်းကလို ပိုက်ဆံရှိရင်တော့ အဆင်ပြေတာပေ့ါ၊ အခုတော့ အဖေတို့က ငွေဆိုတော့ ချစ်သက်ရဲ့မိဘတွေကသားနဲ့ သဘောတူမှာ မဟုတ်ဘူး"

"ဒါတွေမပြောပါနဲ့ အဖေရာ၊ အဖေတို့က ဆင်းရဲချင်လို့ ဆင်းရဲတာ မဟုတ်ဘဲ၊ အဖေ့ရဲ့မိဘနှစ်ပါးစလုံးက နာတာရှည်လူမမာကြီးတွေဖြစ်လို့ ဆေး ပေးလို့ ကုန်တာပဲ၊ မိဘအတွက်ကုန်တာပဲ အဖေရယ် ကုန်ပါစေ၊ သားအတွက် အရေးမကြီးပါဘူး"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ အဲဒီပိုက်ဆံတွေသာရှိမယ် ဆို ငါတို့ ဒီလိုအန္တရာယ်မကင်းတဲ့အင်းဆီတောင် လာဖို့မလိုဘူး။ ရှိတာနဲ့တင်တော လိုက်ရုံပဲ"

"အဖေရယ် သားက ချစ်သက်ကို ချစ်လို့လက်ထပ်ချင်တာဟာ အဖေ တို့အတွက် စိတ်ဆင်းရဲစရာဖြစ်ရတာ စိတ်မကောင်းပါဘူး"

"ဒါကတော့ စိတ်မကောင်းစရာမရှိပါဘူး။ ငါလည်း မင်းအရွယ် တုန်း မင်းအမေကို ကောင်းကောင်းတင်တောင်းချင်လို့ ရရာအလုပ် လုပ်ပြီး စုဆောင်းရ ငွေနဲ့ တင်တောင်းခဲ့တာပဲ"

"ဒါကြောင့် သားကလည်း သားဖာသာ ရှာတဲ့ငွေနဲ့စုပြီး တင်တော ချင်တာ"

ထိုသို့ ပြောနေစဉ် . . .

ခပ်ဝေးဝေးနေရာဆီမှ . .

"ပွက်"

"ပွက်"

"ပွက်"

ဟူသော ငါးပွက်သံများကြားရသဖြင့် မောင်မင်းအောင်က

"အဖေ ငါးတွေပွက်သံကြားတယ်၊ သားတို့ ပိုက်ထဲမှာလည်း ငါးဝ နေလောက်ပြီ"





"အေး ဖြစ်နိုင်တယ်၊ ငါးထောင်ထားတာ အချိန်လည်း အတော် ကြာပြီဆိုတော့ ပိုက်ဆွဲမှပဲ၊ လာ လှေလှော်ကြစို့"

ပြောပြောဆိုဆို သူတို့သားအဖနှစ်ဦးဟာ လှေကိုပိုက်ချထားတဲ့ နေရာ ဆီသို့ရောက်အောင် လှော်ခဲ့တယ်။

"သားရေ ပိုက်ဆွဲတင်ဟေ့"

"ဟုတ်ကဲ့ အဖေ"

မောင်မင်းအောင်က ဖြည်းဖြည်းချင်း ပိုက်ကိုဆွဲတင်လိုက်ရာ

"ဟာ ငါးရံ့ကြီးတွေ အကြီးကြီးပဲ"

"ဟေ ဟုတ်လား လှေပေါ်မြန်မြန်တင်လိုက်"

"ဟုတ်ကဲ့ အဖေ"

ထိုသို့ပြောနေစဉ် ကွင်းစပ်နားရှိဒိုက်ပင်များကြားမှ

"ဝုန်း"

"ဝုန်း"

"ဝုန်း"

ဟူသော အသံများနှင့်အတူ လေပြင်းများ တိုက်ခတ်လာသဖြင့် လှေကို မနည်းသတိထားပြီး လှော်ခတ်လာခဲ့သည်။

လှေကိုလှော်ခတ်ရင်း မောင်မင်းအောင်က

"အဖေ ဘာသံတွေလဲမသိဘူး"

"ဟေ့ကောင် ဘာမှလျှောက်ပြောမနေနဲ့၊ အင်းစပ်ရောက် အောင် မြန်မြန်လှော်"

"ဟုတ်ကဲ့ အဖေ"

လှေကိုလှော်သာ လှော်နေရသည်။ လေပြင်းတိုက်နေသဖြင့် ဦးတည်ရာ သို့ သိပ်မသွား. . .။ များစွာအားထည့်၍လှော်လာရာ

"အီး အီး အီး"

"အား အား အား"

ဆိုသည့်အသံကြီးများ ကြားရပြန်သည်။

"အဖေရေ လုပ်ပါဦး ဘာသံကြီးတွေလဲဗျ"

"မေးမနေနဲ့ ရေခြောက်တာခေါ်တယ် အမြန်လှေလှော်"

မောင်မင်းအောင်မှာ ကြောက်လွန်းလို့ လက်ရောနှုတ်ခမ်းတွေပါ တုန်နေ သည်။ လေပြင်းတိုက်သည့်အတွက် ချမ်းတုန်နေသည်မှာ ပြောစရာပင်မရှိသ လောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လွန်းလို့ လှော်ခတ်နေသည့်အတွက် အင်းစပ်ရောက်အောင် မနည်းကြိုးစားကာ လှော်နေရတယ်။ ကြောက်ရင်း လှော်ရင်းနဲ့

"အဖေ အင်းစပ်ရောက်တော့မယ်"

"အေး လှေကို အင်းတိုင်မှာချည်လိုက်၊ ပြီးရင် ငါးတောင်းကိုချလိုက်"

"ဟုတ်ကဲ့ အဖေ"

မောင်မင်းအောင်က သူ့အဖေပြောသည့်အတိုင်း လှေကို အင်း တိုင်မှာ ချည်လိုက်ပြီး ငါးတောင်းကို ထမ်းကာ ကုန်းပေါ်သို့တက်လိုက်သည်။

"ငါ့သား ဒီအင်းစပ်ကနေ ခပ်ဝေးဝေးရောက်အောင်သွားနှင့်"

"ဟုတ်ကဲ့ အဖေ"

မောင်မင်းအောင်က ငါးတောင်းကိုထမ်းကာ အပြေးအလွှား ညောင်ပင်ကြီးအောက်သို့ ရောက်အောင်သွား၏။

"အင်း ဒီနေရာကနေပြီး အဖေ့ကိုစောင့်မှပဲ"

မောင်မင်းအောင်က စောင့်နေစဉ် သူ့ဖခင် ဦးလှမောင်က ပိုက်ထမ်းပြီး ရောက်လာခဲ့သည်။

"ငါ့သား ဒီတစ်ခါ ငါးကြီးတွေရတယ် မဟုတ်လား"

"ဟုတ်ကဲ့ အဖေ"

"ဒါနဲ့ အဲဒီငါးတွေက အချိန်ဘယ်လောက်ရှိမလဲ"

"အချိန်တစ်ဆယ်ထက်တော့ မအောက်ဘူးထင်တယ်"

"အိမ်း ဒါ အရှင်ကြီးတွေပေးတာဖြစ်မယ်"

"အဖေကလည်း ပြောပြန်ပြီ၊ အဖေက အရှင်ကြီးဆီက ငါး တောင်းတုန်းက ငါးသေးငါးမွှားလေးတွေပဲပေးပါလို့ တောင်းပြီးတော့"

"အဲဒါကြောင့် မင်းကို အမိုက်သားလို့ပြောတာပေါ့ကွ"

"ဟင်း အဖေပြောသလို သားပြောတာပဲ၊ ဘယ်လိုကြောင့် အမိုက်သား ဖြစ်သွားရတာလဲ"

"ဒီလိုရှိတယ် သားရဲ့၊ အဖေတို့ပိုက်သမားတွေရဲ့ထုံးစံမှာ အရှင် ကြီးတွေကို နတ်တင်ပြီး ပူဇော်ပသပြီးရင် ငါးသေးငါးမွှားစွန့်ပါလို့ပဲ ပြောရတယ်၊ ဒါမှသူတို့က ငါးကြီးငါးကောင်းပေးတာ"

"သြော် ဒီလိုလား"

"ဟုတ်တယ် အဖေတို့ပိုက်သမားတွေမှာ ပုံပြင်ဆန်ဆန်ဖြစ်ရပ် မှန်တစ်ခု ရှိခဲ့ဖူးတယ်"

"ပြောပြပါ အဖေရယ်"





"ဟိုး. . . ရှေးတုန်းကပေါ့ကွယ် အင်မတန်လောဘကြီးတဲ့ ပိုက်သမားနဲ့ လောဘအသင့်အတင့်ရှိတဲ့ ပိုက်သမားနှစ်ယောက်ရှိတယ်၊ အဲဒီ ပိုက်သမားနှစ်ယောက်အနက်မှာ လောဘကြီးတဲ့ပိုက်သမားက စိန်ကြီးတဲ့၊ လောဘအသင့်အတင့်ရှိတဲ့ ပိုက်သမားက မောင်မိုးတဲ့. . ."

"မောင်မိုးဟာ မိဘနှစ်ပါးကို လုပ်ကျွေးနေတဲ့သူဖြစ်တယ်၊ ပိုက်သမား စိန်ကြီးကတော့ ငါးရလာရင် သူ့မိန်းမကို ရောင်းခိုင်းပြီးရတဲ့ငွေနဲ့ အရက်သောက်လိုက် ကြက်တိုက်လိုက်ပေါ့"

"ဒီလိုနဲ့ သူတို့ဟာ ရွာနဲ့နီးတဲ့မြစ်ကလေးမှာ ငါးဖမ်းခဲ့ကြတယ်၊ နွေအခါမှာ ရေတွေခမ်းပြီး ငါးတွေသိပ်မရှိတာကြောင့် ငါးမရတာဲဖြစ်နေတယ်"

"အဲဒီအခါမှာ မောင်မိုးဟာ သူ့မိဘတွေကို လုပ်မကျွေးနိုင်မှာ စိုးလို့ အတော်ပဲစိတ်ညစ်နေတာပေါ့၊ အဲဒီအချိန်မှာ အဘိုးအိုတစ်ယောက်က ငါးလိုချင်ရင် သူနဲ့လိုက်ခဲ့လို့ ခေါ်သွားခဲ့တယ်၊ အဘိုးအိုနဲ့ လိုက်သွားတဲ့အခါမှာ ငါးတွေပွက်နေတဲ့ ရေကန်ကြီးဆီကို ရောက်သွားခဲ့တယ်"

ဒီတော့ အဘိုးအိုက. . .

"လူလေး မင်း ငါးလိုချင်ရင် ဒီရေကန်မှာစောင့်တဲ့ ရေစောင့်နတ်ကို မေတ္တာပို့ပြီး ကျွန်တော်မျိုးအား ငါးသေးငါးမွှားစွန့်ပါလို့ပြောပါ"

လို့ ပြောပြီးပြန်သွားခဲ့သည်။ ဒါနဲ့ မောင်မိုးလည်း အဘိုးအိုပြောတဲ့ အတိုင်း ငါးသေးငါးမွှားစွန့်ပါလို့ပြောပြီး ပိုက်ချလိုက်တာ ငါးအကြီးကြီး သုံးကောင် ရခဲ့၏။ ဒါနဲ့ ငါးထမ်းပြီး အိမ်အပြန်မှာ ပိုက်သမား စိန်ကြီးနဲ့တွေ့ခဲ့သည်။

ဒါနဲ့ စိန်ကြီးက သူ ငါးမရလို့ သူ့ကိုတစ်ကောင်ပေးပါလို့ တောင်းလို့ တစ်ကောင်ပေးလိုက်တော့

"မင်း ဒီငါးတွေကို ဘယ်နေရာက ဖမ်းလာတာလဲ"

လို့မေးတယ်။ မောင်မိုးက အဘိုးအိုကြီးအကြောင်းပြောပြပြီး ငါးသေး ငါးမွှားစွန့်ပါလို့ ပြောပါလို့ ပြောလိုက်သည်။

အဲဒီအခါမှာ စိန်ကြီးရဲ့စိတ်ထဲမှာ မောင်မိုးက ငါ့ကို ငါးကြီးငါးကောင်းရမှာ စိုးလို့ ဒီလိုပြောတာနေမှာ၊ အဲဒီရေကန်ရောက်ရင် ငါတောင်းချင်တဲ့ဆုကို တောင်းမယ်လို့ စဉ်းစားလိုက်၏။

ဒါနဲ့ မောင်မိုးပြောတဲ့လမ်းအတိုင်း လိုက်သွားလိုက်တာ နောက်ဆုံး ရေကန်ကြီးကို ရောက်သွားခဲ့သည်။

သူလည်း ပိုက်မချမီ ရေကန်စောင့်နတ်မင်းကြီးဆီက ငါးတောင်းမယ် ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ကြီးခင်ဗျား ကျွန်တော်မျိုးကို ငါးကြီးငါးကောင်းစွန့်ပါခင်ဗျာ"

လို့ပြောပြီး ပိုက်ချလိုက်၏။ အတန်ကြာလို့ ပိုက်ကိုဆွဲတင်တဲ့ အခါကျတော့ အရမ်းလေးလွန်းလို့ ကုန်းပေါ်ရောက်အောင် မနည်းဆွဲတင်ရသည်။

ကုန်းပေါ်ရောက်လို့ ပိုက်ကိုဖွင့်လိုက်တယ်ဆိုရင်ပဲ

"အောင်မလေး ငါးကြီးဗျ"

လို့ အော်လိုက်သည်။ အော်မှာပေါ့ သူ့ပိုက်ထဲက ငါးကြီးဟာ လူတစ်ယောက်ကို ကောင်းကောင်းမြိုနိုင်တဲ့အရွယ်ရှိ၏။ ငါးကြီးက သူ့ကိုကုန်းပေါ် တင်လိုက်လို့ အလွန်ဒေါသကြီးပြီး စိန်ကြီးကိုဟပ်လိုက်တာ လက်တစ်ဖက် ပြတ်ပြီး ပါသွားခဲ့၏။

အဲဒီငါးကြီးဟာ အင်အားကြီးမားတာကြောင့် ရေထဲကို ခုန်ဆင်းသွားခဲ့သည်။ ဒီတော့မှ စိန်ကြီးဟာ လောဘကြီးလွန်းလို့ ရေစောင့်နတ်မင်းကြီးက ဆုံးမလိုက်တာဖြစ်၏။

"ဩော် ဟုတ်လား အဖေ"

"ဟုတ်တာပေါ့ကွယ်၊ ဒါကြောင့် ရေထဲရောက်ရင် အရှင်ကြီး ထံပူဇော်တဲ့အခါမှာ ငါးသေးငါးမွှားပဲတောင်းရတယ်၊ ဒါပေမဲ့ အရှင်ကြီးက ငါးကြီးငါးကောင်းကိုပေးပါတယ်၊ ငါးကြီးငါးကောင်း စွန့်ပါဆိုပြီး လောဘနဲ့တော့ မတောင်း၊ လေနဲ့သားရေ အားလုံးငါးပါးမှောက်သွားမယ်"

"ဒါဆို သားပြောမှားဆိုမှားရှိတာ ကန်တော့ပြီး တောင်းပန်ပါတယ် အဖေရဲ့ယ်"

"ဒါပေါ့ကွာ အဖေကလည်း အင်းထဲမှာ ဒီအကြောင်းပြောလို့ ဘယ်ကောင်းပါ့မလဲ"

သားအဖနှစ်ယောက် ငါးအချိန်များများ ပါလာသဖြင့်ဝမ်းသာ အားရဖြစ်ကာ စကားတပြောပြောနှင့် အိမ်သို့ပြန်လာခဲ့၏။ မကြာမီ အိမ်ရှေ့အရောက်တွင်. . .

"ရွှေအိရေ ရွှေအိ"

"လာပါပြီတော်"

"မြန်မြန်လာပြီး ငါးတောင်းလာယူဟေ့"

ဦးလှမောင်က ဝံ့ကြွားတဲ့အသံကြီးဖြင့် လှမ်းအော်လိုက်ရာ ဒေါ်ရွှေအိမှာ အိမ်ထဲမှ အပြေးအလွှားထွက်လာပြီး

"သားလေး ငါးတောင်းကို အမေ့ကိုပေးပါ"

"အမေ မ,မနိုင်ပါဘူး အမေရယ်၊ သားပဲဒီကွပ်ပျစ်မှာ ချလိုက်တော့





မယ်"

မောင်မင်းအောင်က ကွပ်ပျစ်ပေါ်သို့ချလိုက်ရာ ဒေါ်ရွှေအိမှာ ငါးတောင်းထဲမှ ငါးတွေကိုကြည့်ရင်း

"အို ငါးတွေက အကြီးကြီးပါလား၊ ဒီနေ့တော့ ရှင်တို့ ကံကောင်းလာတာပေါ့"

"အေးလေကွာ လူဆိုတာ နေ့တိုင်းတော့ ကံမဆိုးနိုင်ပါဘူး၊ နေ့ကောင်းရက်သာတော့ ရှိဦးမှာပေါ့"

"ဘာပဲဖြစ်ဖြစ်တော် နေ့တိုင်း ဒီလိုငါးကြီးငါးကောင်းတွေ အများကြီးရရင်ကောင်းမှာပဲ"

ဒီတော့ မောင်မင်းအောင်ကလည်း အားကျမခံ

"အမေရေ ဒီလိုငါးကြီးတွေသာ နေ့တိုင်းရရင် သားတို့သူဌေးဖြစ်ပြီ"

"ဟုတ်ပါ့သားရယ်၊ ဒီလို ငါးမျိုးတွေ နေ့တိုင်းရပါစေတော်"

ဒီလို ဆုတောင်းပေးပြီးမှ ဒေါ်ရွှေအိက တစ်စုံတစ်ခုကို သတိရသွားသကဲ့သို့

"သားလေး မင်းတို့ ဒီနေ့ ဘယ်မှာပိုက်ချခဲ့တာလဲ၊ စိမ်းပြာအိုင်တော့ မဟုတ်ဘူး မဟုတ်လား"

"ဟုတ် ဟုတ် ဟုတ်ကဲ့"

"ဘာပြောတယ် သားလေး"

"ဩော် အမေကလည်း စိမ်းပြာအိုင်မှာ မဟုတ်ပါဘူးဆိုနေမှ"

သူလည်း ကမန်းကတမ်း ငြင်းချက်ထုတ်လိုက်ရသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)
## "ငါးမရ ရေချိုးပြန်"

"ဟော အစ်ကိုမင်းအောင်ပါလား။ ငါးလာပို့တာလား အစ်ကို"

"ဟုတ်တယ် ချစ်သက်ရယ်၊ ဒီနေ့တော့ ငါးကြီးငါးကောင်းရ လို့ ချစ်သက်ဆီလာပို့တာ"

"ကျေးဇူးပါပဲ အစ်ကိုရယ်"

"ကျေးဇူးတင်စရာမလိုပါဘူး အစ်ကိုတို့အိမ်ကို မြို့ကမုန့်တွေ ပို့ထားတဲ့ ကျေးဇူးရှိသေးတယ် မဟုတ်လား"

"အစ်ကိုတို့မိသားစုက မြို့မတက်ဖြစ်ကြလို့ မြို့ကမုန့်ကိုပေးတာပါ"

"ဒါနဲ့ ဦးလေးနဲ့အဒေါ်ရော မတွေ့ပါလား"

"လယ်ထဲဆင်းသွားကြတယ်၊ အခုအိမ်မှာ မိဖြူတို့ ဝါဝါတို့ပဲ ရှိတယ်၊ အဖေတို့ အမေတို့မရှိကြလို့ သူငယ်ချင်းတွေက လာစောင့်ပေးတာလေ"

"ဒါနဲ့မြို့က သူဌေးသားရော လာသေးလား"

"သူကတော့ နေ့တိုင်းလာတာပဲ၊ အဖေတို့အမေတို့ မရှိရင် ချစ်သက်က သူ့ကိုစကားမပြောလို့ ညနေဘက်မှပဲလာတယ်"

"သူကရော ဘာတွေပြောသွားသေးလဲ"

"သူကတော့ သိတဲ့အတိုင်းပဲ၊ အဖေတို့ကိုသူ့ဘက်ပါအောင် ပြောတာပေါ့"

"အဖေတို့ပြောရင်းနဲ့ ချစ်သက်ကိုရော ဘာပြောသေးလဲ"

"ချစ်သက်ကို ဟိုက်ရိုက်ပြောလို့ကတော့ တစ်ခါထဲပြောပစ်လိုက်မှာ အခု အဖေကလက်ခံပြီး လိုက်လိုက်လျောလျောပြောနေလို့ မတတ်သာလို့





ကြည့်နေရတာ"

"ချစ်သက်ရယ် နောက်မှသာ နေမရှိတဲ့လူမွဲကလေးမို့ အစ်ကို့အသည်း မကွဲပါရစေနဲ့"

"အစ်ကိုရယ် ချစ်သက်အလိုဆိုရင် ငွေတွေဘာတွေ မလိုပါဘူး၊ ဒါပေမဲ့ အဖေတို့အမေတို့ကလည်း အသက်ကြီးပြီဆိုတော့ ချစ်သက်တို့မှာ ငွေရှိမှ မိဘတွေကို လုပ်ကျွေးနိုင်မှာ"

"ဟုတ်တာပေါ့ ချစ်သက်ရယ်၊ အစ်ကို ကြိုးစားရမှာပေါ့"

ဒီလိုပြောနေတဲ့အခိုက်အတန့်မှာ မိဖြူနဲ့ဝါဝါတို့နှစ်ဦးသား အိမ် နောက်ဖေးက ထွက်လာပြီး

"အစ်ကိုမင်းအောင်ကြီး ဘယ်တုန်းက ရောက်နေတာတုန်း"

"သိပ်မကြာသေးပါဘူး ဟင်းစားလာပို့တာပါ"

"အစ်ကိုမင်းအောင်ကြီးက မျက်နှာလိုက်တယ်နော်၊ မိဖြူနဲ့ ဝါဝါကျတော့ ဘာမှမပေးဘူး"

"အခုပေးတဲ့ဟင်းစားကကြီးပါတယ်၊ နှစ်တို့လည်း အတူတူစားကြပေါ့ဟာ"

"ဒါဆို ပေး ပေး"

သူတို့နှစ်ယောက်ကို ငါးရံ့ကြီးပေးလိုက်ပြီး

"အစ်ကို ပြန်တော့မယ်နော်"

"ကောင်းပါပြီ အစ်ကို၊ နောက်ကို ဟင်းစားလာမပို့ပါနဲ့၊ အစ်ကိုတို့ရောင်းစားပါ"

"ဖြစ်မှဖြစ်ရလေ ချစ်သက်ရယ်၊ ဒီလိုဟင်းစားလာပေးမှ ချစ်သက်နဲ့ တွေ့ရမှာ မဟုတ်လား"

"ဒါတော့ ဒါပေါ့အစ်ကိုရယ်"

ချစ်သူနှစ်ယောက် လွမ်းလို့မှမဆုံးသေးခင်

"ဦးလေးတိုး ရှိလား"

ဟူသောစကားသံနဲ့အတူ ငါးတွဲကြီးဆွဲပြီး အိမ်ထဲဝင်လာတဲ့ တင်မောင် နိုင်ကို လှမ်းတွေ့လိုက်သည်။ ဒီတော့ ချစ်သက်က

"အဖေရော အမေရော မရှိဘူး"

"ဒါဆိုရင် ကိုနိုင်တို့ အင်းကရတဲ့ငါးတွေ လာပို့တာလို့ ဦးလေး တိုးနဲ့ အဒေါ်မသေးကို ပြောပေးပါ"

"ပြောပေးမယ်လေ၊ အဲဒီငါးတွေကို တိုင်မှာချိတ်ထားလိုက်ပါ"

ချစ်သက်က ဒီလိုပြောပြီး အိမ်ထဲဝင်သွားလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်နိုင်က မောင်မင်းအောင်ကို တစ်ချက်လှမ်းကြည့်လိုက်၏။ အင်္ကျီက ဂုတ်ပြဲ ပုဆိုးကအရောင်လွင့်နေသည်။ ခေါင်းကလည်း ရေငုတ်ရလွန်းလို့ နီကြောင်ကြောင်ဆံပင်နှင့်။

တင်မောင်နိုင် သူက သူဌေးသားလည်းဖြစ်ပြန်၊ မြို့ပေါ်ကို မကြာခဏ သွားနေလို့ အင်္ကျီဆိုလည်း အကောင်းစား။ သူက ပုဆိုးသိုင်းမဝတ်၊ အမြဲလိုလို ဘောင်းဘီရှည်နဲ့၊ ဆံပင်ကိုလည်း ဂျယ်လိမ်းပြီး သေသေသပ်သပ် ဖြီးထားသည်။

အပြင်ပန်းရုပ်သွင်ကို ယှဉ်လိုက်ရင် မောင်မင်းအောင်ဟာ ဝတ် စားဆင်ယင်မှုကဖိုးရိုးပဲ။ ဒါပေမဲ့ ပိုက်ဆွဲနေတဲ့ လက်မောင်းမို့ ကြွက်သားအဖုအထစ်တွေနဲ့ ယောကျ်ားပီသတဲ့ ကိုယ်လုံးကိုယ်ပေါက်ရှိ၏။

အပျိုခေါင်းကြီး ဒေါ်ရွှေမိဆိုရင် ကိုမင်းအောင်ကိုတွေ့တာနဲ့

"ကြွက်သားအဖု အဖုကို ထုထုပြီး ခရာချင်စရာနယ်"

ဆိုတဲ့တေးကလေးကို မကြားတကြားဆိုပြီး မင်းအောင်ရဲ့ ယောကျ်ားပီသမှုကို ထုတ်ဖော်ပြောဆိုခဲ့သည်။ ပိုက်သမားမို့ နဂိုကဖြူတဲ့ အသားဟာ ကြေးနီတာက်သို့ခပ်လုလု၊ မြူးခနဲကြည့်လိုက်ရင် တောတွင်းသားလေးလိုလို ဘာလိုလို။

တင်မောင်နိုင်ဆိုတဲ့ မြို့သားကတော့ . .

ပိန်ပိန်ချောက်ချောက် အရပ်ရှည်ရှည်။ အသားကတော့ဖြူပါရဲ့ ပိုးဟပ်ဖြူလိုခပ်ဖျော့ဖျော့။ လေတိုက်ရင် လဲမယ့်ပုံပဲ။ ဒါပေမဲ့ အဖိုးတန် အလှအပတွေ လုပ်ထားတဲ့ အင်္ကျီနဲ့ဘောင်းဘီကို ဝတ်ထားတော့ ဗြုံးခနဲကြည့်လိုက်ရင် ဘိုင်စကုတ်မင်းသားလိုလိုပါပဲ။

ဒါပေမဲ့ သေသေချာချာကြည့်လိုက်ရင် သွားတွေကလည်း မညီမညာနဲ့ မျက်နှာက ခပ်ကောက်ကောက်။ လူပုံက ခပ်နွဲ့နွဲ့ဆိုတော့ သူ့ကို အားကိုးရမယ့် မိန်းမက စဉ်းစားရမှာအမှန်ပဲ။

မောင်မင်းအောင်ကလည်း မောင်မောင်နိုင်ကို တစ်ခါမှ ဒီလို နီးနီးကပ်ကပ် မမြင်ဖူး။ အခုလို ကြုံတွေ့တုန်းမှာ အမှတ်တမဲ့လှမ်း အကြည့်

"ဟော့ကောင် မင်းက ဘာကြည့်တာလဲ"

မောင်မင်းအောင်က မမျှော်လင့်တဲ့ တင်မောင်နိုင်ရဲ့စကားသံကြောင့်

"ကျုပ်က တင်မောင်နိုင်ဆိုတဲ့လူကို မတွေ့ဖူးလို့ကြည့်တာပဲ၊ ဘာဖြစ်လို့လဲ"

"မင်းတို့တောသားတွေက ကြည့်တာတောင် ဂျိုကြည့်ကြည့်တယ်"

တင်မောင်နိုင်ရဲ့စကားကြောင့် မောင်မင်းအောင်စိတ်ထဲမှာ ဒေါင်းခနဲ ဒေါသထွက်သွားခဲ့သည်။





ဒါဟာ ရွာသားကို ငြော်သည်က စော်ကားတာပဲ၊ ဖြစ်နိုင်ရင် အင်္ကျီကော်လံကိုဆွဲပြီး ထိုးပစ်လိုက်ချင်ပါရဲ့။ ဒါပေမဲ့ ချစ်သက်ရဲ့အိမ်မှာ မိဘနှစ်ပါးမရှိတုန်း ယောကျ်ားနှစ်ယောက် ရန်ဖြစ်တယ်ဆိုရင် သူများကြားလို့မှမကောင်း။

ဒါကြောင့် စကားနည်းရန်စဲ ဆိုသလို ဒေါသစိတ်ကို ချိုးနှိမ်ပြီး ချစ်သက်တို့အိမ်ကနေ ချာခနဲ လှည့်ထွက်လာခဲ့၏။ တင်မောင်နိုင်ကတော့ မငကျမနပ်နဲ့ ကျန်နေခဲ့သည်။

မောင်မင်းအောင်ဟာ ဘယ်လောက် ခြေလှမ်းကျဲနဲ့လာခဲ့တယ်မသိ။ ကွမ်းတစ်ရာညက်အကြာလောက်မှာ သူ့အိမ်ကို ပြန်ရောက်လာခဲ့သည်။

အိမ်ထဲကိုမဝင်ဘဲ အိမ်ရှေ့က ကွပ်ပျစ်မှာထိုင်ရင်း တင်မောင်နိုင်ရဲ့ ပျက်နှာကြောတင်းတဲ့မျက်နှာကို ပြေးမြင်မိတယ်ဆိုရင်ပဲ . .

"တောက်"

တက်ခေါက်သံခပ်ကျယ်ကျယ် ခေါက်လိုက်မိ၏။ ဒီတင် ငါးပို့ပြီး ပြန်လာတဲ့ လင်မယားနှစ်ယောက်စလုံးက

"ဟဲ့ သား ဘာဖြစ်လာလို့လဲ"

"ဘာမှမဖြစ်ပါဘူး အမေရယ်"

မောင်မင်းအောင်က အသံဖျော့ဖျော့နဲ့ ဖြေလိုက်သည်။ အမေဆိုတာက သားရဲ့မျက်နှာကိုကြည့်တာနဲ့ ဘာဖြစ်တယ်ဆိုတာ သိတဲ့အမျိုးဆိုတော့

"သား ချစ်သက်တို့အိမ်သွားရင်းနဲ့ မြို့သားနဲ့တွေ့လာလို့လား"

အမေရဲ့အတွေးက ဒါရိုက်ဟာစ်ပဲ။ ဒီတော့ မောင်မင်းအောင်လည်း ဘယ်လိုမှ လိမ်ဖို့မကြိုးစားတော့ဘဲ . .

"ဟုတ်တယ် အမေ တင်မောင်နိုင်နဲ့ ရန်ဖြစ်တော့မလို့ ဒါပေမဲ့ သားကပဲ အလျှော့ပေးပြီး ရှောင်ခဲ့တယ်အမေ"

ဒီစကားကိုကြားတော့ ဦးလှမောင်က

"ငါ့သားတို့ ဘယ်လိုဖြစ်လာမှန်းမသိပေမယ့် ငါ့သားက အ လျှော့ပေးခဲ့တယ်ဆိုတာ ကောင်းပါတယ်၊ နို့မို့ရင် ချစ်သက်ရဲ့မိဘနှစ်ပါးကို မျက်နှာဘယ်လို ပြရမှန်းမသိ ဖြစ်သွားမယ်"

"သူက ချစ်သက်တို့အိမ်ကို ဘာလာလုပ်တာလဲ"

မောင်မင်းအောင်ရဲ့အမေ ဒေါ်ရွှေအိက သူ့သားကို မေးလိုက်တယ်။

"သူက သူတို့အင်းထဲကရတဲ့ ငါးတွေအတွဲလိုက်လာပို့တာ အမေ၊ သားက ငါးတစ်ကောင်ထဲသွားပေးတော့ သားက မျက်နှာငယ်တာပေါ့ အမေရာ"

"အေးလေ ဘယ်တတ်နိုင်မတုန်း၊ ကိုယ်ရတာ ကိုယ်ပေးရတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် ဒီနေ့မှငါးကြီးတွေရလို့ ပေးနိုင်တာ''

''သားတော့ စိတ်ညစ်တာပဲ အမေရယ်''

''အေးလေ ငါ့သားလေး ခံစားရတာကို အမေနားလည်ပါတယ် ဒီညလည်း ငါးကြီးငါးကောင်းများများရပါစေတော်''

အမေကတော့ သားအတွက် ဆုတောင်းပေးတာပဲ။ ဒါပေမဲ့ အမေ့ဆ တောင်းကြောင့် မောင်မင်းအောင်တို့သားအဖ မျက်လုံးပြူးသွားခဲ့၏။ အဖေက မောင်မင်းအောင်ကို မျက်စပစ်ပြလိုက်သည်။ မောင်မင်းအောင်ကလည်း အရိပ်ပြ လို့အကောင်ထင်သည်။ ဒီနေ့ညလည်း စိမ်းပြာအိုင်ပဲလား အဖေရာ။

မောင်မင်းအောင်တို့မိသားစု ထမင်းလက်ဆုံစားပြီးတော့ ခဏအိပ်လိုက သည်။ သူတို့နိုးတော့ ညနေစောင်းနေပြီ။ ဦးလှမောင်က ပိုက်ပေါက်မပေါ ပြန်စစ်ပြီး ပိုက်ချရင်ပါရမယ့်ပစ္စည်းတွေကို အသင့်ထည့်လိုက်သည်။

''အဖေ ဒီညလည်း စိမ်းပြာအိုင်ကိုပဲ သွားမှာလား''

မောင်မင်းအောင် ခပ်တိုးတိုးကလေး မေးလိုက်တယ်။ သူ့အဖေက

''ဒီညတော့ စိမ်းပြာအိုင်ကိုသွားလို့ မဖြစ်ဘူးနဲ့တူတယ်''

''ဘာလို့ မဖြစ်ရမှာလဲ အဖေရာ၊ မနေ့ညလို ငါးသေးငါးမွှားပဲပေးပါ တောင်းပန်ပေါ့''

''အေး တောင်းပန်ပြီးပြောလို့ရရင် တစ်ရက်ပေါ့၊ မနေ့ညက တော လေတွေတိုက်ပြီး ဘယ်လောက်ကြောက်ဖို့ကောင်းသလဲ၊ ဒီညဆိုရင် ဒီထက်ဆ မယ်ထင်တယ်''

''အဖေကလည်း အဖေရာ ပြောလိုက်ရင် အပျက်အရင်ပဲ''

''အေး အဲဒီအပျက်ကနေ အသေမဖြစ်ဘူးလို့ မပြောနိုင်ဘူး''

''သားကတော့ ဒီနေ့ထပ်သွားချင်တယ် အဖေရာ၊ လေပြင်း တိုက်တ လောက်တော့ ဘာဖြစ်လဲ အဖေရာ''

''အေး မင်းကတော့ မင်းမျက်လုံးထဲမှာ ငါးပဲမြင်တော့မှာပေါ့''

''ဟုတ်တယ်လေ ခုနကတောင် အမေက ငါးကြီးငါးကောင်းရ ပါစေ ဆုတောင်းပေးသေးတာပဲ''

''အေးလေ ဒါက မင်းအပေါ်ထားတဲ့စေတနာကိုး''

''အဲဒါပဲကြည့်တော့ အဖေရယ်၊ မြစ်ထဲမှာ ငါးသွားဖမ်းရင် ငါးကြီး ကောင်းဘယ်ရမှာလဲ၊ စိမ်းပြာအိုင်မှာ ပိုက်ချမှ ငါးကြီးငါးကောင်းရမှာပေါ့၊ သား မျက်လုံးထဲမှာ ငါးပွက်နေတာတွေပဲတွေ့တယ်''

''အင်း မင်းလည်း ချစ်သက်ကြောင့် သေမယ်နဲ့တူပါရဲ့ကွာ''





ဒီညလည်း မောင်မင်းအောင် အပြောကောင်းလို့ စိမ်းပြာအိုင်ဆီကို လာခဲ့ကြသည်။

လှေကလေးကို တဖြည်းဖြည်း လှော်ခတ်လာခဲ့၏။ ဦးလှမောင်ကတော့ ထုံးစံအတိုင်း အရက်နဲ့တင်မြှောက်ပြီး ဆုတောင်းခဲ့သည်။

ဒီနေ့ညမှာတော့ တိမ်ညိုတွေဖုံးနေလို့ ကောင်းကင်တစ်ပြင် လုံးသိပ်မ လင်းဘူး ကြယ်တွေလည်းမထွက်တော့ အလင်းဖျော့နေတာပေါ့။ အမှောင်ထု ဘက်က ပိုများနေလို့ မီးအုပ်ဆောင်းကလေးကို ထွန်းညှိလိုက်၏။

အင်းအလယ်သို့ ရောက်ခါနီးမှာ

အင်းစပ်က သစ်ပင်ပေါ်က ညည်ငှက်တစ်ကောင်က အချက်ပြလိုက်သလို..

''အောင်း''

''အောင်း''

''အောင်း''

ဆိုတဲ့ ကျယ်လောင်တဲ့အသံကြီးနဲ့ အော်လိုက်လို့ ကြက်သီး တဖြန်းဖြန်း ထသွားခဲ့သည်။ အဲဒီလို ချောက်ချားဖွယ်ရာနဲ့ စလိုက်ပြီးတဲ့ နောက်မှာ

''ဟီး''

''ဟီး''

''ဟီး''

ဆိုတဲ့ အဖျားတက်သံလိုလို.. လူနာညည်းသံလိုလို..။

နောက်တော့ အလွန်နံစော်ပြီးပုပ်စော်နံတဲ့အနံ့ကြီးကို ထောင်းခနဲအနံ့ ရလိုက်၏။

ဒီတော့ ဦးလှမောင်

''အရှင်ကြီးတို့ စိတ်မဆိုးပါနဲ့၊ ကျွန်တော်မျိုးတို့ အမိုက်အမဲများကို ခွင့်လွှတ်သည်းခံတော်မူပါ၊ ကြောက်အောင်လန့်အောင် မချောက်ပါနှင့်အရှင်ကြီး''

နှုတ်မှတီးတိုး တီးတိုး ရေရွတ်နေခဲ့သည်။ ဒါပေမဲ့ ပုပ်စော်နံတဲ့အနံ့ ကြောင့် သူတို့သားအဖနှစ်ယောက်စလုံး အော့ချင်အန်ချင် အော်ဂလီဆန်လာ ခဲ့သည်။ ထိုစဉ် ရေပြင်ကျယ်ကြီးအတွင်းမှာ..

''အဖေ ဟိုမှာ ရေပြင်ကြီးက ကတော့ပုံလိုလို ဝဲကြီးလိုလိုနဲ့''

''ဟေ ဟုတ်လား မီးအုပ်ဆောင်းကို မြှင့်ပေးစမ်း''

ဦးလှမောင်ရဲ့စကားအတိုင်း မီးအုပ်ဆောင်းကို မြှင့်ပေးလိုက်တဲ့အတွက် ရေပြင်ကျယ်ကြီးကို ဦးလှမောင် ထင်ထင်ရှားရှား တွေ့လိုက်ရပါ၏။

''ဟုတ်ပါရဲ့ကွာ ဘာကြောင့် ကတော့ပုံကြီးလို ဖြစ်ရတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောနေစဉ်တွင်

"ဗွမ်း"

ဗွမ်းခနဲ ဆိုတဲ့အသံကျယ်ကြီးနဲ့အတူ မည်းမည်းအကောင်ကြီး တစ်ကောင် ဘွားခနဲပေါ်လာခဲ့တယ်။

"အဖေ ဘာကြီးလဲ မသိဘူး"

"အေး ငါလည်းတွေ့တယ်၊ နည်းတဲ့အကောင်ကြီးမဟုတ်ဘူး၊ လှေကို နောက်ပြန်လှည့်"

"ဟုတ်ကဲ့ အဖေ"

သူတို့သားအဖလည်း လှေကိုလျင်မြန်စွာ နောက်ပြန်အလှည့်

"ဗွမ်း"

"ဗွမ်း"

"ဗွမ်း"

ဆိုတဲ့ အသံကျယ်ကြီးနဲ့အတူ မည်းမည်းကောင်ကြီးက ရေကိုခွဲပြီး ကူးလာခဲ့သည်။ အနီးလည်းရောက်ရော..

"အောင်မလေး ပါးစပ်ကြီးဟထားတာ နည်းတဲ့သွားတွေ မဟုတ်ဘူး"

"ဟော့ကောင် မြန်မြန်လှော်ပါကွ"

"အဖေ ငါးအကြီးကြီးနဲ့တူတယ်"

မှန်ပေသည်။ အလွန်ကြီးမားတဲ့ ငါးပြဲတ္တာကြီး...။ ပါးစပ်ထဲမှာ ချွန်ထက်နေတဲ့သွားတွေအပြည့်။ သူ့ကိုကောင်းကောင်းမကြည့်နိုင်။ မောင်မင်းအောင်တို့သားအဖ ကုန်းနေအောင် လှေလှော်ခဲ့ရာ..

တော်သေးသည်ဟု ဆိုရပေမည်။

"အဖေ အင်းစပ်ရောက်ပြီ၊ မြန်မြန်ကုန်းပေါ်တက်ပြေး"

"အေး မင်းလည်း မြန်မြန်ပြေး"

သူတို့သားအဖနှစ်ယောက်ရဲ့ဘဝမှာ ဒီလောက်ကြီးပြီး လွန်စွာအရုပ်ဆိုးလွန်းတဲ့အန္တရာယ်ပေမယ့် ငါးကြီးမျိုးတစ်ခါမျှ မတွေ့စဘူး။

ကုန်းပေါ်ရောက်လာမှ နည်းနည်းလောက် စိတ်အေးသွားခဲ့တယ်။

ဒါပေမဲ့ သိပ်ပြီးမလုံခြုံလို့ ခပ်ဝေးဝေးအထိ ပြေးခဲ့တာ ကုက္ကိုပင်ကြီးဆီကို ဘယ်လိုရောက်သွားမှန်းတောင်မသိဘူး။

"သားရေ အဖေမောလွန်းလို့ ဆက်မပြေးနိုင်တော့ဘူး"

"သားလည်း မောတာပဲ အဖေရယ်၊ ဒါပေမဲ့ ဒီနားမှာ နားလို့ရပါ့မလား"

"ဒီနားအထိတော့ လိုက်နိုင်မယ်မထင်ဘူး"





"ဒါဆို ဒီနားမှာ ခဏနားမယ်"

မောလွန်းလို့ ကုက္ကိုပင်ကြီးအောက်မှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

"အဖေကလည်း ဒီညမှာ ဘာတွေဆုတောင်းမှန်းမသိဘူး၊ မဟုတ်မှလွဲရော ဒီညမှာ ငါးကြီးငါးကောင်ပေးပါလို့များ ဆုတောင်းခဲ့လေသလား"

"ဟော့ကောင် မောရတဲ့အထဲမှာ မဟုတ်မဟပ်လျှောက်မပြောနဲ့"

"မသိဘူးအဖေရာ အဖေက ငါးကြီးငါးကောင်ပေးပါလို့ တောင်းလို့များ ဒီလောက်ကြီးတဲ့ငါးကြီး ပေါ်လာသလားလို့"

"အဖေလည်း အရင်အတိုင်းဆုတောင်းတာပဲကွာ၊ ဘာဖြစ်လို့များ ဒီလောက်ကြီးတဲ့ ငါးပြဲတ္တာကြီးနဲ့တွေ့ရမှန်း မသိဘူး"

"ဟုတ်တယ် အဖေပြောတာ ဟုတ်တယ်"

"ဘာဟုတ်တာလဲကွ"

"ခုနက သားတို့တွေ့တဲ့အကောင်ကြီးဟာ ငါးပြဲတ္တာကြီးဖြစ်မယ် အဖေ၊ ဘာကြောင့်လဲဆိုတော့ သားရဲ့တစ်သက်မှာ ဒီလောက်ကြီးတဲ့ငါးကြီးကို မတွေ့ဖူးဘူး"

"ဟုတ်ပြီကွ အဖေ စဉ်းစားမိပြီ"

"ဘာကိုစဉ်းစားမိတာလဲ အဖေ"

"ဒီအင်းထဲမှာဆင်းတဲ့လူတွေကို အဲဒီငါးပြဲတ္တာကြီးက ကိုက်သတ်လို့ သေကုန်ကြတာဖြစ်မယ်"

"ဟုတ်တယ် အဖေ၊ သားတော့ ဘယ်တော့မှ စိမ်းပြာအိုင်မှာ ငါးပိုက်မချတော့ဘူး အဖေ"

"အေး မင်းအမြင်မှန်ရလာပြီ၊ မသေချင်ရင် စိမ်းပြာအိုင်ဘက်ကို ဘယ်တော့မှ ခြေဦးမလှည့်မိစေနဲ့"

"ဟုတ်တယ် အဖေရေ၊ သေချင်ရင် စိန်မစားနဲ့ စိမ်းပြာအိုင် သွားဆိုတဲ့ စကားကို ကိုယ်တွေ့ပဲ အဖေရေ"

"ဒါဆိုရင် ချစ်သက်နဲ့ စိမ်းပြာအိုင် ဘယ်ဟာကိုရွေးမလဲ"

"ချစ်သက်ပဲပေါ့ အဖေရယ်"

"ဟဲ့ သားရေ ဒါနဲ့ဒီနေ့ ငါတို့ ဘာမှမရဘဲ လက်ဗလာဖြစ်နေပြီ၊ ရွှေအိကို ဘယ်လိုပြောကြမတုန်း"

"မသေလို့ပြန်လာတာ အမှန်အတိုင်းပဲပြောရမှာပေါ့ အဖေရာ"

"အင်း ကောင်းပါလေရဲ့ကွာ"

"အဖေရေ ဒီညတော့ ငါးမရလို့ ရေချိုးပြန်ရတဲ့ညပေါ့ဗျာ"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## "လှည့်စားတတ်သော တစ္ဆေများ"

"ဟော ကိုလှမောင်တို့သားအဖ ပြန်လာပြီ"

ဒေါ်ရွှေအိက အသံစာစာနှင့်အော်ပြီး အိမ်ပေါ်မှဆင်းလာခဲ့သည်။

"သားရေ ဒီနေ့မှာ ငါးတော်တော်များများ ရခဲ့ရဲ့လား"

ဒေါ်ရွှေအိရဲ့အမေးကို မောင်မင်းအောင် ချက်ချင်းမဖြေနိုင်။ သည့်တွင် ဦးလှမောင်က

"ရွှေအိရေ ဒီနေ့တော့ ဘာငါးမှမရခဲ့ဘူး"

ဟု ခပ်ညည်းညည်းကလေး ပြောလိုက်ရာ ဒေါ်ရွှေအိက

"ရှင်တို့ ငါးခုံးမတောင် မရခဲ့ဘူးပေါ့ ဟုတ်လား"

"ဟုတ်တယ်ဟော့ ဒီနေ့တော့ ငါးမရလို့ ရေချိုးပြန်ခဲ့ရတယ်"

ဦးလှမောင်က အဲဒီလိုပြောလိုက်တော့ ဒေါ်ရွှေအိက

"အေးလေ နေ့တိုင်းတော့ ငါးဘယ်ရပါ့မလဲ၊ မရလည်း စိတ်မပျက်ပါနဲ့၊ ထမင်းကြော်ထားပြီးပြီ၊ ငါးခြောက်ကလေးတွေလည်း ကြော်ထားတယ်၊ ထမင်းစားပြီး တစ်ရေးတမောအိပ်လိုက်ပေါ့"

"အေး အေး"

ထမင်းစားပွဲမှာ နှစ်ဦးသားနှုတ်ဆိတ်နေကြတယ်။ သူတို့နှစ်ဦးစလုံး အတွေးကိုယ်စီနဲ့ . .





"ရှင်တို့သားအဖ ဘာဖြစ်လာတာလဲ၊ မျက်နှာလည်းမကောင်းပါလား"

ဒေါ်ရွှေအိက မေးပေမယ့် သူတို့နှစ်ဦးစလုံး မဖြေကြ။ ဖြေလို့လည်း မဖြစ်။ ဒေါ်ရွှေအိ မကြိုက်တဲ့အလုပ်ကို လုပ်ထားတဲ့အတွက် တိတ်တိတ်ပဲ နေလိုက်သည်။ ဒေါ်ရွှေအိကလည်း အထာပေါက်သည်။

"ကိုလှမောင်"

"ဘာလဲဟ ရွှေအိရ"

"ရှင် ကျုပ်ကိုမှန်မှန်ပြော"

"ဘာပြောရမှာလဲ"

"တစ်နေ့ညက ရှင်တို့စိမ်းပြာအိုင်မှာ ငါးသွားဖမ်းတာ မဟုတ်လား"

"ဟော မင်းက ဘာလို့ဒီလိုမေးတာလဲ"

"ရှင်တို့ရလာတဲ့ ငါးရံ့ကြီးတွေဟာ မြစ်ငါးရံ့မှမဟုတ်ဘဲ၊ စိမ်းပြာအိုင်က ငါးရံ့တွေမဟုတ်လား"

"ဒုက္ခပါပဲ အခုမှ စုံထောက်မနဲ့ လာတွေ့နေပြီ"

"ကိုလှမောင် ရှင် ဝေ့လည်ကြောင်ပတ် ပြောမနေနဲ့ ကျွန်မသိတယ်နော်၊ ဒါဟာ နောက်ဆုံးဖြစ်ပါစေ၊ အသက်အန္တရာယ်နဲ့ရင်းပြီးတော့ ကျွန်မကို ရှာမကျွေးပါနဲ့တော်"

"အေးပါဟာ ငါလည်း မြစ်ထဲမှာပိုက်ဆွဲမကောင်းလို့ ကြံမိကြံရာလုပ်မိတာပါ၊ မင်းမကြိုက်ဘူးဆိုရင် မသွားတော့ပါဘူး"

"ကျွန်မကလည်း ရှင်ရော ကျွန်မသားလေးပါ မသေစေချင်လို့ ပြောနေတာပေါ့၊ မင်းအောင်ကိုလည်း ဆုံးမရဦးမယ်၊ ဒီမိန်းမ မရတော့ဘာဖြစ်လဲ နီနီတို့ နှင်းမြတို့လည်းချောတာပဲ၊ ကိုယ်နဲ့တန်ရာတန်ရာယူပေါ့၊ အခုတော့ မြို့သားကြိုက်တဲ့ ချစ်သက်ကိုသွားကြိုက်တော့ ဒုက္ခရောက်ပြီပေါ့"

ဒေါ်ရွှေအိက အလွန်ဒေါသထွက်ပြီး ပွစိပွစိနဲ့ပြောနေလေရဲ့။ ကိုလှမောင်ကတော့ . . .

"ဒီနေ့ ငါးမဖမ်းတော့ဘူးကွာ၊ ပုခွန်ပဲထောင်တော့မယ်"

"အဲဒါကမှ ကောင်းဦးမယ်"

မောင်မင်းအောင်က သူ့အဖေနဲ့အမေ စကားများနေတုန်း နောက်ဖေးပေါက်က ဆင်းလာခဲ့၏။ ရွာအလယ်လောက်ရောက်တော့

"ဟေ့ကောင် မင်းအောင် ဘယ်သွားမလို့လဲ"

"ဗိုးချင်းပါလား၊ ငါလည်း ဘာရယ်လို့မဟုတ်ပါဘူး"

"ဒါဆို ငါနဲ့လိုက်ခဲ့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုလိုက်ရမလဲ"

"ကိုဘက်ရွာက ဦးကြီးစိန်ကြီး ဆုံးသွားလို့ သွားကူလုပ်ပေးမလို့"

"အေးလေ ငါလည်းအားနေတာပဲ လိုက်တာပေါ့"

မောင်မင်းအောင်လည်း အိမ်မှာမနေချင်တာနဲ့ ဖိုးချင်းနဲ့အတူ လိုက်လာခဲ့သည်။ ရွာရဲ့အနောက်ပိုင်းအရောက်မှာ တင်မောင်နိုင်နဲ့ သူ့ရဲ့ငယ်သားတစ်သိုက်နဲ့တွေ့လိုက်ရ၏။

ဒီတွင် ဖိုးချင်းက. . .

"ဟော့ကောင် မင်းအောင့် မြို့သားက မင်းကိုလိုက်ကြည့်နေတယ်"

"ရှောင်တာကောင်းပါတယ်ကွာ၊ အခုချိန်မှာ ငါဘယ်သူနဲ့မှ ရန်မဖြစ်ချင်ဘူး"

"မဖြစ်တာ ကောင်းတာပေါ့ကွာ၊ ဒါနဲ့ အဲဒီကောင်က မင်းရည်းစားကို ပိုးနေတာ မဟုတ်လား"

"ပြောမနေပါနဲ့ကွာ ကြားသွားဦးမယ်"

ဒီလိုပြောနေတုန်း တင်မောင်နိုင်က သူ့ကိုပြောမှန်းသိပုံရတယ်ထင်တယ်။ တင်မောင်နိုင်က အချင်းချင်းပြောသလိုနဲ့ ရန်စတဲ့စကားတွေ ပြောနေခဲ့တယ်။

"ဟော့ကောင်တွေ ဒီမှာတွေ့လား၊ ငါးအတွဲလိုက်ကြီး"

"တွေ့ပါတယ် ကိုကိုနိုင်ရယ်၊ ဒီငါးအတွဲကြီးက ကိုကိုနိုင်ရဲ့အချစ်ကလေးကို လက်ဆောင်ပေးဖို့ ယူလာတာမဟုတ်လား"

"ငါ့အပေါင်းအသင်းတွေက သိပ်အလိုက်သိတာပဲ၊ ဒါပေမဲ့ တချို့က အလိုက်မသိဘူး၊ ငွေဆိုလို့ ခြူးတစ်ပြားမှမရှိတဲ့နဲ့ ငါးရဲ့ခေါင်း ကိုက်ချင်ကြတယ်"

"ဒါပေမဲ့ ငါးရဲ့ခေါင်းကလည်း ပါးတာပေါ့ကွာ၊ ခြူးတစ်ပြားမှ မရှိရင် အနားမလာနဲ့ သွား သွားတဲ့"

"ဟား ဟား ဟား"

"ငါတို့သာဆိုရင် ရှက်တာနဲ့သေနိုင်တယ်"

"ဒါပေါ့ကွာ ခြူးတစ်ပြားမှမရှိတာ အရှက်ဘယ်ရှိမလဲ၊ ဘာရရတောင်းမှာပဲ"

"ဒါ. . .ကို သူတို့က သူတောင်းစားတွေပေါ့"

"ဒါပေါ့ . . .ပါပေါ့"

"ဟား ဟား . . . ဟား"

မောင်မင်းအောင်က . . . သူတောင်းစားဆိုတဲ့ အသုံးအနှုန်းကို ကြားလိုက်





တော့ အသားတွေတဆတ်ဆတ် တုန်လာအောင် ဒေါသမီး ဟုန်းခနဲတောက်လောင်သွားခဲ့သည်။ ပြီးတော့ သူဟာလက်သီးကိုတင်း တင်းဆုပ်လိုက်သည်။

တင်မောင်နိုင်ကို လှည့်အကြည့် တင်မောင်နိုင်ကလည်း မထီမဲ့မြင်အကြည့်နဲ့လှမ်းကြည့်လိုက်၏။ မောင်မင်းအောင်တို့က နှစ်ယောက်ထဲ။ တင်မောင်နိုင်တို့အုပ်စုက ငါးယောက်။ နောက်ပြီး အင်းထဲက ပြန်လာပုံရသည်၊ တုတ်တွေဓားတွေနဲ့။

ရန်ဖြစ်လိုက်လို့ကတော့ ပွဲကြီးပွဲကောင်းပဲ။

ဒီတင် ဖိုးချင်းက မောင်မင်းအောင်ရဲ့လက်မောင်းကို ဆုပ်ကိုင်ပြီး ;

"သူငယ်ချင်း စိတ်လျှော့ပါကွာ၊ လူမိုက်နဲ့ဖက်ပြီး ရန်မဖြစ်ချင်ပါနဲ့"

"သူတို့ကများ ငါတို့ကို သူတောင်းစားတဲ့ အသေဆော်လိုက်ချင်တယ်"

"တို့က အသုဘအိမ်ကိုသွားမှာပဲကွာ၊ လူ့ဘ၀ဆိုတာ ခဏလေးပါ၊ စိတ်လျှော့လိုက်ပါကွာ"

ဖိုးချင်းက ပြောပြောဆိုဆို မောင်မင်းအောင်ရဲ့လက်မောင်းကို အတင်းဆွဲပြီး တစ်ဖက်ရွာဆီသို့ သွားခဲ့တယ်။

မကြာခင်မှာ. . .

ကမ်းပါးဖြူရွာကို လွန်လာခဲ့ပြီး သချိုင်းကုန်းကို ဖြတ်ကျော်လာခဲ့သည်။ ကမ်းပါးဖြူရွာရဲ့သချိုင်းကုန်းကိုကျော်ပြီးရင် ပေါက်ပင်ရွာရဲ့ သချိုင်းကုန်းကို ဖြတ်ကျော်ခဲ့ကြ၏။ အဲဒီရွာတွေက ထူးဆန်းသည်။ သချိုင်းကိုကျော်သွားမှ ပေါင်ပင်ရွာထဲကို ရောက်လာခဲ့၏။

ထမင်းအိုးတစ်အိုးချက်ခန့်အကြာမှာ. . .

သူတို့နှစ်ယောက်ဟာ ဦးကြီးစိန်ရဲ့အိမ်ကို ရောက်လာခဲ့သည်။ ဦးကြီးစိန်ဆိုတာက အဲဒီရွာက လယ်ပိုင်ရှင်သူဌေးကြီးပေါ့။ အဲဒီသူဌေးကြီးဟာ အလှူအတန်းရက်ရော၏။ အလှူအတန်းရှိရင် သူ့ရွာသာမက ကမ်းပါးဖြူရွာတို့ ရေမြောင်ရွာတို့က ရွာသူရွာသားတွေပါဖိတ်ပြီး ကျွေးမွေးလေ့ရှိသည်။ ဒါ့အပြင် ကမ်းပါးဖြူရွာလယ်က တံတားကို ဦးကြီးစိန်ပဲ ဆောက်ခဲ့တာဖြစ်သည်။

သူဟာ သူ့ရွာတင်သာမက အခြားရွာများမှာလည်း ဇရပ်တန်ဆောင်းတွေ ဆောက်ပေးခဲ့တဲ့သူမို့ ရွာနည်းခြောက်စပ်က ရွာသူရွာသားတွေလည်း အလျှိုလျှို ရောက်ခဲ့သည်။

ဇရပ်တန်ဆောင်း ဒါယကာကြီးဆိုတော့ မျက်နှာကြီးတာပေါ့။ အလောင်းစင်ကို အိမ်ပြင်မှာပြင်ထားပြီး အိမ်ရှေ့မှာ ကာလဖျင်းထိုးထား၏။

ဒီလိုနဲ့ ညဘက်ရောက်လာတော့ အသုဘစောင့်တဲ့သူတွေဟာ ပျင်းပျင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဖဲရိုက်ကြသည်။ အဲဒီထဲမှာ ဦးကြီးစိန်ရဲ့တပည့် ဖိုးထင်လည်းပါ၏။ ဖိုးထင်က ဖဲရိုက်တာ ကောင်းကောင်းမရိုက်ဖူး။

သူပဲ ကံမကောင်းတာလား မသိ။ သူဖဲရိုက်တိုင်း ရှုံးနေတယ်။

"အဘရေ ကျွန်တော် မောင်ဖိုးထင် ဖဲရှုံးနေလို့ အဘကူပြီး စောင့်ရှောက်ပေးပါ၊ ကျွန်တော့်ကို အနိုင်ရအောင် လုပ်ပေးပါ အဘရေ"

"ဟေ့ကောင် ဖဲရိုက်တာကောင်းကောင်းမရိုက်ဘဲ ဘယ်အဘကို တ,နေတာလဲ"

"ငါတို့အဘ ဦးကြီးစိန်ကို တ,နေတာပေါ့ကွ"

"ဟေ့ကောင် ဦးကြီးစိန်က ဘုရားဒါယကာ၊ ကျောင်းဒါယကာကြီးကွ မင်း လျှောက်ပြောမနေနဲ့ သူ့သားကြားသွားရင် မင်းကိုထိုးလိမ့်မယ်"

"အစ်ကိုလေးက သဘောကောင်းပါတယ်၊ ငါ့ကိုမထိုးပါဘူးကွာ ငါပြောမယ်နားထောင်၊ အခု အဘသေတာ ရက်တောင်မလည်သေးဘူး၊ သေပြီးရင် ခုနစ်ရက်ဝိညာဉ်အဖြစ်နဲ့ အိမ်မှာဖနေတယ်လို့ ရှေးလူကြီးတွေ ပြောသံကြားဖူးတယ်"

"ဒါလည်း ဟုတ်ချင်မှ ဟုတ်မှာပါကွာ"

"ဟုတ် ဟုတ် မဟုတ်ဟုတ်ကွာ၊ ငါရှုံးလို့ ငါ့ဖာသာပြောတာပေါ့ကွ"

ဖိုးထင်က အဲဒီလိုပြောရင်းနဲ့ ဖဲဆက်ရိုက်နေခဲ့သည်။

ဖိုးထင်ပဲ ကံကောင်းတာလား၊ တိုက်ဆိုင်တာလားမသိ။

"တွေ့လား ငါနိုင်ပြီကွ"

ဒီလိုနဲ့ ဆယ်ပွဲလောက်နိုင်လိုက်တာ ငွေတွေတစ်ပုံကြီး ဖိုးထင်ရှေ့ကို ရောက်လာခဲ့တယ်။

ရိုက်ရင်းရိုက်ရင်း ဘယ်လိုအချိန်ကုန်သွားမှန်းတောင် မသိဘူး၊ ဘာလိုလိုနဲ့ ညသန်းခေါင်ကျော်သွားခဲ့ပြီ။ ဖိုးချင်းမှာပါတဲ့ငွေလည်း တက်တက်ပြောင်အောင် ကုန်သွားခဲ့ပြီ၊

"မင်းအောင်ရေ ငါတော့ ဒီနေ့အခြေအနေမကောင်းဘူး ပြန်ကြစို့"

"ခုနကတည်းက တော်တော်နိုင်နေတုန်း၊ ငါကပြန်မယ်ပြောပါတယ်၊ ငါ့စကားနားမထောင်လို့ ကုန်တာကောင်းတယ်"

"အေးကွာ အဲဒီတုန်းကပြန်ရင် ချက်အရက်နဲ့အားကြော်တောင် မြည်းလို့ရသေးတယ်၊ အခုတော့ ဗိုက်ကလည်းဆာ လူကလည်းချာဆိုသလို ဖြစ်နေပြီ"

"ထကွာ ပြန်မယ်"

သူတို့နှစ်ဦး အသုဘအိမ်က ထွက်လာခဲ့၏။ လမ်းပေါ်အရောက်မှာတော့ ...





ဖိုးချင်းက ..

"ငါလည်း အပွဲပွဲနွှဲလာတာ နိုင်တာချည်းပဲ၊ အခုမှရှုံးတာဆိုတော့ မဟုတ်မှလွဲရော"

"မဟုတ်မှတော့ လွဲတာပေါ့ကွာ"

"မဟုတ်ဘူးကွ ငါစဉ်းစားမိတာတစ်ခုရှိတယ်"

"ဘာတုန်းကွ"

"ဦးကြီးစိန်ကြီးက မကျွတ်ဘူးနဲ့တူတယ်ကွ"

"ဘာဖြစ်လို့တုန်း"

"ဖိုးထင်က အဘ အဘဆိုပြီးတော့ ဦးကြီးစိန်ကြီးကို တ,လိုက်တာနဲ့ သူနိုင်ပုံကကွာ ကျွဲနိုင်နွားနိုင် အပြတ်အသတ်ပဲ"

"ဒါကတော့ သူလည်း ဖဲမြူးလို့နေမှာပေါ့ကွာ"

"ဖဲမြူးတာမဟုတ်ဘူးကွ၊ ငါ့မျက်စေ့ထဲမှာ ဖြူဖြူနဲ့ အဘိုးကြီး ထလာတယ်လို့ တွေ့လိုက်ရတယ်"

"နေပါဦး မင်းက ဖဲကိုကြည့်နေတာလား၊ သရဲကိုကြည့်နေတာလား"

မောင်မင်းအောင်က ခပ်ရွှံ့ရွှံ့လေးမေးလိုက်သည်။

"မင်းကလည်း သရဲတော့ ကြည့်မလားကွ၊ ဒါပေမဲ့ ဖိုးထင်က အဘိုး အဘိုးလို့လည်း တ,လိုက်ရော ငါ့တစ်ကိုယ်လုံး ကြက်သီးတွေ တဖြန်းဖြန်းထပြီး မျက်လုံးထဲမှာလည်း ဝင်းခနဲ ဝင်းခနဲဖြစ်သွားတယ်၊ နောက်တော့ ဦးကြီးစိန်ကြီး ထလာတာ ဖျတ်ခနဲ မြင်လိုက်ရတယ်"

"မင်းက ဖဲချပ်တွေကို အကြာကြီးကြည့်နေပြီးတော့ အသုဘကြီးဘက်ကို လှမ်းကြည့်လိုက်တော့ အဖြူရောင်ပုံရိပ်က ဖျတ်ခနဲပေါ်လာတာ နေမှာပေါ့"

"မင်းကတော့ သရဲအကြောင်းပြောလိုက်တိုင်း အဖျက်သဘော နဲ့ ပြောတော့တာပဲ"

"အဲဒီလို မဟုတ်ပါဘူးကွာ၊ ဖြစ်နိုင်တာတွေပြီး ပြောတာပါ"

"ဒါဆိုရင် မင်းက တစ္ဆေ၊ သရဲမရှိဘူးလို့ ပြောချင်တာလား"

"ဒီလိုတော့ မပြောချင်ပါဘူးကွာ၊ ဘုရားဟောတဲ့အထဲမှာ တစ္ဆေပြိတ္တာ၊ ဖုတ်၊ သရဲ၊ ကျုတ်ဆိုတာတွေရှိတယ်လို့ အတိအလင်း ပြောထားတာပဲ"

"ဒါဆိုရင် တစ္ဆေ၊ သရဲရှိတယ်ဆိုတာ မင်းယုံတာပေါ့ ဟုတ်လား"

"ယုံပါတယ်ကွာ၊ ဒါပေမဲ့ ငါကတော့ မကြောက်ဘူး"

"ဘာဖြစ်လို့လဲ ဂါထာတွေ မန္တာန်တွေရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှတော့ မရှိပါဘူး၊ ဒါပေမဲ့ သရဲဆိုတာ လူကဖြစ်တာပါကွာ ဘာကြောက်စရာရှိလဲ"

"လူသေပြီး သရဲဖြစ်တာကတော့ မင်းပြောမှလား၊ ငါလည်းသိတာပေါ့၊ ဒါပေမဲ့ သရဲရဲ့မျက်နှာက ကြောက်စရာကြီးတဲ့ကွ၊ ဒါကြောင့် ငါကသရဲကို ကြောက်တာ"

"သရဲကတော့ ချောချောလှလှ ဖြစ်မလားကွ၊ နတ်သမီးမှမဟုတ်တာ"

ဒီလို စကားတပြောပြောနဲ့ ပေါက်ပင်ရွာက သင်္ချိုင်းကုန်းနား ရောက်လာခဲ့တယ်။

"ဟေ့ကောင်ရေ သင်္ချိုင်းကုန်းနား ရောက်လာလို့လားတော့ မသိဘူး၊ ကြက်သီးတွေ တဖြန်းဖြန်းထလာတယ်"

"အေး ငါလည်း ချမ်းသလိုလိုနဲ့ ဒါက အပြင်ကလေစိမ်းတွေ တိုက်လို့နေမှာ"

အဲဒီလိုပြောနေစဉ်. . .

လေခပ်ကြမ်းကြမ်းတစ်ချက်တိုက်လိုက်လို့ သစ်ပင်ပေါ်က သစ် ရွက်သံက တရှဲရှဲ။

"အူး"

"အူး"

"အူး"

ဆိုတဲ့ ခွေးတစ်အုပ်ရဲ့ရူးရူးဝါးဝါးအော်သံကို ကြားလိုက်ရသည်။

"မင်းအောင်ရေ မြန်မြန်လာပါကွ"

"အေးပါကွာ"

ဒီလိုပြောရင်းနဲ့ မောင်မင်းအောင်တို့နှစ်ယောက်ဟာ မပြေးရုံတမယ် ခပ်သွက်သွက်လျှောက်တုန်း. . .

"အဟီး ဟီး ဟီး"

ဆိုတဲ့ ဆွဲဆွဲငင်ငင် ငိုသံလိုလို ညည်းသံလိုလို ကြားလိုက်ရ၏။

တိုင်ပင်မထားပေမယ့် သူတို့နှစ်ဦးစလုံးဟာ ညည်းသံကြီးကြားရတဲ့ နေရာကို လှမ်းကြည့်လိုက်ကြတယ်။ လပြည့်ညမို့ အလင်းရောင်ဖြာနေတဲ့ အတွက် သူတို့ရောက်နေတဲ့နေရာရဲ့ ခပ်လှမ်းလှမ်းအုတ်ဂူနားမှာ

"ဟို ဟိုမှာ ဆံပင်ဖားလျားနဲ့ မိန်းမတစ်ယောက် ငိုနေတယ်"

ဖိုးချင်းရဲ့ကြောက်ကြောက်ရွံ့ရွံ့ ပြောလိုက်တဲ့စကားသံကြောင့် လှမ်း အကြည့်. . .





"ဟုတ် ဟုတ်ပါရဲ့ကွာ ဆံပင်ဖားလျားနဲ့မိန်းမကြီး. . .၊ သူက ဘာဖြစ်လို့ ငိုနေတာလဲ"

"ဟေ့ကောင် မင်းအောင် အဲဒါ သရဲ သရဲခြောက်တာကွ"

ပြောပြောဆိုဆို ဖျတ်ခနဲ ထွက်ပြေးတဲ့အတွက် မောင်မင်းအောင် လည်း ကောင်းကောင်းမကြည့်ရဘဲ ဖိုးချမ်းနဲ့အတူ လိုက်ပြေးခဲ့ရသည်။

"ဟေ့ကောင် ဖိုးချမ်းရေ၊ ဒီသင်္ချိုင်းကကျော်ရင် တို့ရွာသင်္ချိုင်းကို ဖြတ်ရဦးမယ်ကွာ"

"သိတယ် မင်းအောင်၊ ကိုယ့်ရွာသင်္ချိုင်းက သေတဲ့လူမှန်သမျှ တို့ အသိကြီးပဲ ကြောက်စရာမလိုဘူး"

"အေး မင်းပြောတာလည်း ဟုတ်တာပဲ"

ဒီလိုနဲ့ ပြေးရင်းလွှားရင်း သူတို့ရွာက သင်္ချိုင်းဆီကို ရောက်လာခဲ့၏။

"သင်္ချိုင်းတွေကလည်း ကုန်မကုန်နိုင်ဘူး ဘာကြောင့်များ ဒီနားမှာ နှစ်ခုတောင် စုထားရသလဲ မသိဘူး"

"မောတယ်ကွာ၊ ငါတော့ မပြေးနိုင်တော့ဘူး"

"အေး ငါလည်းမောတာပဲ၊ မပြေးတော့ဘူး"

သူတို့နှစ်ဦးသား ခြေလှမ်းသွက်သွက်နဲ့ သင်္ချိုင်းမြေကို ဖြတ်အကျော်. . .

"မင်းအောင် ဟိုမှာ ယုန်ကလေးတစ်ကောင်"

"အေးကွ ဘာလို့ ဒီနားမှာရောက်နေတာလဲ မသိဘူး"

"ဟော ဟိုတောစပ်က အစာရှာဖို့ထွက်လာတာဖြစ်မယ်"

"မင်းအောင် မင်းပြောတာ ဖြစ်နိုင်တယ်၊ ငါလည်း ယုန်သား ကင်စားချင် တာနဲ့ အတော်ပဲ"

"မင်းက ဘာလုပ်မလို့လဲ"

"ဖမ်းမှာပေါ့ကွ၊ မင်းက အရှေ့ဘက်ကချောက်လိုက် ငါက အနောက် ဘက်က စောင့်မယ်"

"လုပ်မနေပါနဲ့ ဖိုးချမ်းရယ်၊ ယုန်စားချင်ရင် မနက်ဖြန်ရောက်ရင် ဟောဟိုတောင်တန်းမှာ ယုန်ထောင်ပေးပါ့မယ်ကွာ"

"မင်းက အားတဲ့အကောင်မဟုတ်ပါဘူးကွာ၊ အခုတွေ့တုန်း ယုန်ဖမ်း ရအောင်ကွာ"

"ညကြီးမင်းကြီး သင်္ချိုင်းနားနဲ့ခပ်ဝေးဝေးသွားရအောင်ကွာ"

"စကားမများနဲ့ မင်းအောင်၊ မင်း အဲဒီဘက်ချောက်လိုက် ငါအနောက် ဘက်က စောင့်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပြောပြီး အနောက်ဘက်ကို ဖိုးချင်း ပြေးထွက်သွားတဲ့ အတွက် ဖိုးချင်းပြေးရာဘက်ကို ယုန်ကလေးအား မောင်းထုတ်လိုက်သည်။

"ဝှူး"

"ဝှူး"

"ဝှူး"

မောင်မင်းအောင်က အဲဒီလို ချောက်လှန့်လိုက်တဲ့အတွက် ယုန် ဖြူကလေးဟာ အနောက်ဘက်ကို တည့်တည့်မတ်မတ်နဲ့ ခုန်ဆွခုန်ဆွနဲ့ အပြေးကလေး ပြေးသွားခဲ့သည်။ ယုန်ဖမ်းကျွမ်းကျင်တဲ့ ဖိုးချင်းက ပုဆိုးကိုဝိုက်သဖွယ်လုပ်ပြီး အုပ်ဖမ်းလိုက်၏။

"တွေ့တယ်မဟုတ်လား အောင်မင်းရေ၊ ယုန်က ငါ့ဆီကို တန်းတန်း မတ်မတ် ပြေးလာတာပဲ"

"အေး သေသေချာချာဖမ်းထားဦး လွတ်ထွက်သွားဦးမယ်"

"သေချာပါတယ်ကွ ဒီမှာတွေ့လား"

ဖိုးချင်းက ပုဆိုးနဲ့သေချာထုတ်ထားတာကို ပြလိုက်သည်။ ဖိုးချင်းက ပုဆိုးထုတ်ထမ်းလာခဲ့၏။ သူ့ရဲ့ခန္ဓာကိုယ်အောက်ပိုင်းမှာ အတွင်းခံဘောင်းဘီတိုပဲ ရှိတော့သည်။

"ငါတို့ကလည်း ကံဆိုးချင်တော့ သရဲမနဲ့တွေ့ရတယ်၊ ကံကောင်းချင်တော့ ပိုက်ကမဆိုး ယုန်ကတိုးလို့ ယုန်တစ်ကောင်ရတယ်"

"ဟုတ်တယ်ကွ ဖိုးချင်းရ မင်းမနက်ဖြန် ယုန်သားကင်ပြီးရင် ငါ့ကို လာခေါ်နော်"

"အေးပါကွာ"

ပြောရင်းဆိုရင်း ရွာနောက်ပိုင်းမှ ဆက်လျှောက်လာခဲ့၏။ ဖိုးချင်းက ရွာအလယ်ပိုင်းမှာနေတဲ့သူမို့ အိမ်ကိုသူအရင်ရောက်မည်။ ရွာဖျားမှာနေတဲ့ မောင်မင်းအောင်ကတော့ သူ့အိမ်ရောက်အောင် ဆက်သွားရမှာပေါ့။

လမ်းလျှောက်လာရင်းနဲ့ ဖိုးချင်းတို့အိမ် ရောက်ကာနီးမှ

"ပုပ်စော်နံလိုက်တာကွာ"

"ဟုတ်ပါ့ မင်းအောင်ရာ၊ လူသေကောင်ပုပ်စော်နံတဲ့အနံ့ပဲ"

"ဒါထက် ဒီပုပ်စော်နံတဲ့အနံ့က ဘယ်ကရတာပါလိမ့်"

မောင်မင်းအောင်က ဖိုးချင်း၏ကိုယ်နားကို အနံ့ခံကြည့်ရာ

"အောင်မလေး မင်းကိုယ်က ပုပ်စော်နံနေတာကိုး"

"ဟော့ကောင် မင်းအောင် မင်းမဟုတ်တာမပြောနဲ့"





"ဒါဆို မင်းပုဆိုးကို မင်းရှူကြည့်"

"ရှူတယ်ကွာ ရှူ အောင်မလေး"

"မင်းပုဆိုးထဲက ပုပ်စော်နံတာမဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ယုန်ကနံတာလားမသိဘူး မင်းပုဆိုးကို ဖြည်ကြည့် လိုက်စမ်း"

မောင်မင်းအောင်က အဲဒီလိုပြောလိုက်တဲ့အတွက် ယုန်ထုတ်ထားတဲ့ ပုဆိုးကို ဖြည်လိုက်တဲ့အခါ...

"အောင်မလေး ကြွက်သေကောင်ပုပ်ကြီး"

"ဟုတ်ပါ့ကွာ လောက်တွေတဖွားဖွားနဲ့"

"ဝေါ့"

"ဝေါ့"

နှစ်ယောက်သား တဝေါ့ဝေါ့ တစ်အန်အန်ဖြစ်ကာ ပုဆိုးကို လွှင့်ပစ်လိုက်သည်။

"ဖိုးချမ်း ယုန်ကနေ ဘယ်လိုဖြစ်ပြီး ကြွက်သေကောင်ပုပ်ကြီး ဖြစ်သွားသလဲ မပြောတတ်ဘူး"

"အဲဒါ ငါတို့ကို မကောင်းဆိုးဝါးတွေက လှည့်စားတာကွ၊ ငါတို့အဘိုး ပြောဖူးတယ်၊ အဲဒါ တောခြောက်တာတဲ့"

"အောင်မလေးဗျာ"

လူဆိုတာ နဖူးတွေ့ ဒူးတွေ့ တွေ့ကြုံရရင် မကြောက်ဘူးဆို ပေမယ့် နည်းနည်းတော့ တုန်လှုပ်တာပဲ။ ဖိုးချင်းက နဂိုကမှ ကြောက်တတ်တဲ့သူဆိုတော့ ...။

"အမေရေ သားပြန်လာပြီ တံခါးဖွင့်ပါဦး"

အသံကျယ်ကြီးနဲ့ သူ့အမေကို နိုးနေသည်။ မောင်မင်းအောင် ကတော့ သူ့အိမ်ကို ဆက်ပြန်သွားသည်။

"ဘယ်လိုဖြစ်ပြီး ပြေးနေတဲ့ယုန်က ကြွက်သေကောင်ပုပ်ကြီး ဖြစ်ရတာလဲ၊ ငါတို့ပဲ အမြင်မှားတာလား၊ ဒါလည်းမဟုတ်သေးပါဘူး၊ ဒီယုန်ပြေးနေတာ ငါလည်းအမြင်ပဲ"

မင်းအောင်လည်း တောခြောက်ခံရပုံကိုတွေးပြီး အိမ်ပြန်လာခဲ့၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)
## "တောခြောက်တဲ့ည"

မနက်မိုးလင်းတော့ . .

ဒီအကြောင်းကို သူ့အဖေကိုပြောပြခဲ့သည်။

"ဟုတ်တယ် သား၊ မင်းတို့ တောခြောက်ခံရတာပဲ"

"ဟင် ဟုတ်လား"

"ဟုတ်တယ် အဖေ မင်းတို့အရွယ်လောက်က မင်းအဘိုးတို့အုပ်စု အလယ်ရိုးမထဲကို အမဲလိုက်ခဲ့ဖူးတယ်"

"ဩော် ဟုတ်လား၊ အဖေ့ရဲ့အတွေ့အကြုံကို ပြောပါဦး"

"အဲဒီတုန်းက မင်းအမေက မင်းကိုမီးဖွားပြီးကာလပေါ့၊ မင်းတို့ အဘိုး အဖေ့ကို ပိုက်ဆံရစေချင်လို့ တောလိုက်ခိုင်းခဲ့တာ"

"ဒါဆို အမေက ဘယ်သူတွေနဲ့ နေခဲ့တာလဲ"

"မင်းအမေက သူ့မိဘတွေနဲ့ နေခဲ့တယ်"

ဒီလိုနဲ့ အစချီပြီး အဖေတို့ တောလိုက်တုန်းက အတွေ့အကြုံ ပြောပြခဲ့သည်။

အလယ်ရိုးမတောင်တန်းကြီးက သစ်ပင်ကြီးငယ်တွေ အုပ်အုပ် ဆို သိုင်းနဲ့မို့ သားကောင်မျိုးစုံ ပေါများတယ်။ အမဲလိုက်မုဆိုးတွေကတော့ သူတို့ ဘဏ္ဍာသိုက်လို့တောင် ဆိုရမလားပဲ။ ဘယ်လိုပဲပစ်ပစ် တစ်ရက်နှစ်ရက်လောက်





စောင့်ပြီးပစ်ရင် သားကောင်တစ်ကောင် နှစ်ကောင်လောက်တော့ အနည်းဆုံး ရသည်။ တောင်ပေါ်ကို တက်သွားလျှင် . .

သားကောင်တွေမြူးတဲ့နေရာကို အရင်ဆုံးရှာထားရသည်။ သမင်ဆိုတာ လည်း သိပ်နားပါးပြီး လျှင်မြန်ဖျတ်လတ်သည်။ တောဝက်ဆိုတာကလည်း လေညာက နေလို့ကတော့ လူရှိမှန်းသိပြီးသားပဲ။ ဒါကြောင့် လေညာတို့ လေတင် တို့ဆိုတဲ့အရပ်ကလည်း အလွန်အရေးကြီးသည်။ အဲဒီတောင်ကြီးမှာ သမင်၊ ဒရယ်၊ ဂျို(ချေ)တို့ စိုင်တို့ ဆတ်တို့ ပေါများ၏။ တောဝက်တွေကလည်း အုပ်စုနဲ့ နေတာမို့ ပစ်လို့ရရင် နှစ်ကောင်သုံးကောင်ပဲ။

ဦးလှမောင်တို့အုပ်စုဟာ သူ့အဖေ မုဆိုးကျော်ဦးထင်ကြီး အမိန့် ပေးတဲ့ အတိုင်း ဒီတောထဲက ခပ်မြင့်မြင့်သစ်ပင်ကြီးရဲ့အကိုင်းပေါ်မှာ လင့်စင်ဆောက်ခဲ့ ကြသည်။ လင့်စင်ဆောက်တာလည်း လွယ်တာမှတ်လို့၊ ကျားတစ်ရှန်လွတ်အောင် လင့်စင်ထိုးရတာ။

သူတို့မုဆိုးအုပ်စုဟာ ညရောက်ပြီဆိုကတည်းက လင့်စင်ပေါ် တက်နေရ တာ။ သူတို့ဟာ သဘာဝအလင်းရောင်နဲ့ ညဘက်ထွက်တဲ့ သားကောင်တွေကို ပစ်ဖို့ ချောင်းနေကြတာ။ ဒါကြောင့် အမဲပစ်ဖို့ရက် ရွေးရင်လည်း လပြည့်ညတို့လို လရောင်အလင်းရတဲ့ညမျိုးကို ရွေးကြသည်။

မှတ်မှတ်ရရ အဲဒီညက လပြည့်ည . . ။

လရောင်ကလည်း ညှို့နက်လေလေ ပိုပြီးထွန်းလင်းလေလေ . . ။ လင့်စင်ပေါ်ကနေ ဦးထင်ကြီးတို့အုပ်စုက စောင့်နေကြတာ သန်းခေါင်ယံကျော်ကျော် အချိန်သို့ ရောက်လာခဲ့၏။

အဲဒီအချိန်မှာ တောစပ်က မီးဝင်းဝင်းနှစ်ခုကို မြင်လိုက်ရသည်။ အတွေ့အကြုံရင့်ကျက်လှတဲ့ ဦးထင်ကြီးက . .

"တောစပ်မှာဟင်းမျိုးကြီး ရောက်နေပြီ" လို့ သူ့အဖော်တွေကို ခပ်တိုး တိုး ပြောလိုက်တယ်၊ ဟင်းမျိုးဆိုတာ မုဆိုးတွေရဲ့အခေါ်။ တကယ်တော့ကျားပေါ့။ မုဆိုးတိုင်းလိုလို ကျားရဖို့ မျှော်လင့်ကြတယ်။ ကျားက အရေကစပြီး အရိုးအထိ ဆေးဘက်ဝင်လို့ ဈေးအကောင်းဆုံးရတဲ့ သတ္တဝါပဲ။

ဟင်းမျိုးဆိုတာနဲ့ ကျန်တဲ့မုဆိုးတွေပါ အိပ်ငိုက်မနေတော့ဘဲ မျက်လုံးပြူး ကုန်ကြပြီ။ အားလုံးက သေနတ်ကိုယ်စီကိုင်ပြီး ဟင်းမျိုးကြီးကို ချက်ကောင်းပစ်ဖို့ အသင့်ချိန်ထားခဲ့ကြသည်။

မကြာပါဘူး ဟင်းမျိုးကြီးက တောစပ်မှာအနံ့ခံပြီး သစ်ပင်ကြီးနားကို တဖြည်းဖြည်းလျှောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးဆိုတာမျိုးဟာ ကိုယ့်ရဲ့သတ်ကွင်းထဲဝင်လာတဲ့ ဘယ်သားကောင်ကိုမှ အလွတ်ပေးရိုး ထုံးစံမရှိဘူး။ နိုင်ရင်စားမှာပဲ။ ဦးလှမောင်အပါအဝင် မုဆိုးအားလုံးဟာ သေနတ်တွေနဲ့ အသေအချာ ချိန်ထားခဲ့ကြသည်။

ကျားကြီးဟာ တဖြည်းဖြည်းနဲ့သတ်ကွင်းထဲ ဝင်လာပါပြီ။ လက်ဖြောင့်မောင်ထင် ဆိုတဲ့မုဆိုးကျော်ကြီးအတွက် လက်စွမ်းပြဖို့ အချိန်ရောက်လာပြီမို့

"ဒိုင်း"

ဒိုင်းခနဲ မြည်ဟီးသွားတဲ့ သေနတ်သံနှင့်အတူ ကျည်ဆန်ဟာ ကျားကြီးရဲ့ဝမ်းဗိုက်ကို သေသေချာချာ ထိမှန်သွားခဲ့၏။ ကျန်တဲ့မုဆိုးတွေကလည်း ကျားကြီးကိုဝိုင်းပစ်ခဲ့ကြသည်။

"ဒိုင်း"

"ဒိုင်း"

"ဝေါင်း"

ဒီညတော့ ကျားကြီးကို အပိုင်ပစ်နိုင်ပြီဆိုပြီး အားလုံးက ဝမ်းသာအားရဖြစ်နေကြ၏။ ကျားကြီးဟာ သေနတ်ထိမှန်ထားလို့ သူ့ တစ်ကိုယ်လုံးမှာ သွေးတွေစီးကျနေသည်။

အဲဒီအချိန်အခါမှာ . . .

ကျားကြီးဟာ အမှတ်မထင် ဝေါင်းဆိုတဲ့အသံကြီး ဟိန်းလိုက်ပြီး နောက်ဂျွမ်းတစ်ပတ်ထိုးလိုက်တာ တောစပ်နားလည်းရောက် ပျောက်သွားတော့တာပဲ။

"ကျားကြီး ပြေးပြီ လိုက်ကြစို့"

ဒီတွင် မုဆိုးကျော် ဦးထင်ကြီးက

"မင်းတို့ ဘယ်လိုက်မှာတုန်း"

"ကျားကြီးဒဏ်ရာရသွားပြီဆိုတော့ ကျားကြီးနောက်လိုက်မှာပေါ့"

"အဲဒီကျားက အစစ်မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ ဒီနေရာက နောက်ဂျွမ်းပစ်လိုက်တာ ကိုက်တစ်ရာလောက်အထိ ရောက်ပါ့မလား။ ဒီနဲ့တောစပ်ဟာ အနည်းဆုံး ကိုက်တစ်ရာကျော်ဝေးတယ်"

"အင်း ဦးဖိုးထင် ပြောတာလည်း ဟုတ်တာပဲ"

"မင်းတို့အခုအချိန်မှာ လင့်စင်အောက်ဆင်းဖို့ တစ်နည်းနည်းနဲ့ သူတို့က လှည့်စားတော့မှာပဲ၊ မယုံဘူးဆိုရင် မနက်ကျမှ ကျားသေကိုလိုက်ကြည့်၊ ဒါပေမဲ့





သူတို့လှည့်စားထားတာမို့ တွေ့မှာမဟုတ်ဘူး"

"အင်း ဦးဖိုးထင် သတိပေးလို့၊ နို့မို့ရင် ကျားနောက်လိုက်ရင်းနဲ့ သေကြရမှာ"

"မင်းမယုံကြည့်နေ ကျားနဲ့လှည့်စားပြီး တို့ကိုလင့်စင်အောက်ဆင်းဖို့ လုပ်လိုက်တာ မအောင်မြင်တော့ နောက်တစ်ခါထပ်ပြီး ဖြားယောင်းလိမ့်ဦးမယ်"

သည်တော့မှ ကျန်မုဆိုးတွေလည်း သဘောပေါက်သွားပြီး နောက်တစ်ခါ ဘာထပ်လာမလဲဆိုတဲ့ စိုးရိမ်စိတ်နဲ့ ရင်တထိတ်ထိတ်ပေါ့။

ညဉ့်နှစ်ချက်ထိုးခါနီးလည်းရောက်ရော လာတဲ့လမ်းဘက်က ဆူဆူညံညံအသံတွေ ကြားလိုက်ရသည်။

"မြန်မြန်သွားကြဟေ့ မြန်မြန်သွားကြ"

"အချိန်မမီရင် ဒုက္ခရောက်လိမ့်မယ်ဟေ့"

တဖြည်းဖြည်း အသံတွေက နီးနီးလာသည်။ လင့်စင်ပေါ်ကနေ အသံကြားရာဆီကို လှမ်းကြည့်လိုက်တော့

"မီးတုတ်တွေနဲ့ လူအုပ်တစ်အုပ် လာနေတာတွေ့တယ်"

"သတိထားကြနော်"

"ဟုတ်ကဲ့ပါ ဦးဖိုးထင်"

ဦးဖိုးထင်က မုဆိုးအချင်းချင်း သတိပေးလိုက်၏။

ဆူဆူညံညံနဲ့ လူအုပ်ကြီးဟာ တဖြည်းဖြည်း သူတို့လင့်စင် ထိုးထားတဲ့နေရာအောက်တည့်တည့်ကို ရောက်လာသည်။

"ဒီပေါ်မှာ လှမောင်ရှိလားဟေ့၊ လူကြုံစကားပါးလိုက်လို့"

ဒီလိုပြောလိုက်တော့ မောင်လှမောင်လည်း ကြက်သီးတဖြန်းဖြန်း ထသွားသည်။ မောင်လှမောင်က သူ့ဖခင်ဖြစ်တဲ့ ဦးဖိုးထင်ကို လှမ်းအကြည့် . . ဦးဖိုးထင်က ခြေဟန်လက်ဟန်နဲ့ စကားမပြောဖို့ ညွှန်ကြားလိုက်၏။ ဒါနဲ့ ဘာမှမပြောဘဲ ခပ်ဆိတ်ဆိတ် နေလိုက်သည်။

ဒီတော့ အဲဒီလူအုပ်ကြီးထဲက အသားမည်းမည်း ထောင်ထောင်မောင်းမောင်းနဲ့လူကြီးက

"အေး လှမောင်မရှိရင်လည်း နေပေါ့ကွာ၊ တောစပ်မှာ လူတစ်စုက လှမောင်မိန်းမ အဖျားတက်ပြီး ဆုံးသွားပြီလို့ ပြောတယ်၊ အဲ့ဒီစကား လူကြုံပါးလိုက်လို့ဟေ့၊ မင်းတို့အုပ်စု မဟုတ်ရင် တခြားအုပ်စုကို သွားရှာပြီးပြောလိုက်မယ်"

မောင်လှမောင်မှာ အဲဒီလူတစ်စုရဲ့စကားကြောင့် သတိလစ်မတတ် ခံစားလိုက်ရသည်။ ချက်ချင်း သတိရရချင်း



www.burmeseclassic.com

www.burmeseclassic.com



"အဖေ ရွှေအိ ဆုံးပြီတဲ့၊ သား အမြန်ပြန်မှဖြစ်မယ်"

အဲဒီလိုပြောပြီး လင့်စင်ပေါ်က ဆင်းမယ်အလုပ်မှာ ဦးဖိုးထင် က

"လှမောင် မင်းဘာဖြစ်နေတာလဲ၊ မင်းမိန်းမက ဘာကြောင့် ဆုံးရမှာလဲ"

"ရွှေအိဆုံးလို့ ပြောနိုင်းလိုက်လို့နေမှာ၊ မဖြစ်ဘူး သားပြန်မယ်"

"ဟောကောင် မင်းကို မကောင်းဆိုးဝါးတွေက လှည့်စားနေတာ၊ မင်းမိန်းမ မသေပါဘူးကွာ"

"မဖြစ်ဘူး အဖေ၊ ရွှေအိ သေမသေ သားပြန်ကြည့်ချင်တယ်"

"ရွှေအိက မသေပါဘူး၊ မင်း လင့်စင်အောက်ဆင်းတာနဲ့ မင်းသေမှာပဲ"

"သေ သေ အဖေရာ သားမိန်းမ သေပြီဆိုတော့ သားမနေနိုင်တော့ဘူး"

"ဟောကောင် ခုနကတည်းက ငါပြောပါပကော၊ သူတို့ဟာ မင်းတို့ လင့်စင်အောက်ဆင်းဖို့ အမျိုးမျိုး ဖြားယောင်းလိမ့်မယ်လို့"

အဲဒီအခါမှာ အခြားသော ဝါရင့်မုဆိုးများကလည်း

"လှမောင် မင်းက ဒီတစ်ခါပဲ တောလိုက်ဖူးသေးတာ၊ တောတောင်တွေမှာရှိတဲ့ မကောင်းဆိုးဝါးတွေဟာ ညအချိန်မှာ ထင်ယောင်ထင်မှားဖြစ်အောင် တောခြောက်တတ်တယ်ကွဲ့"

"ရွှေအိ သေပြီဆိုတော့ ကျွန်တော့်ရင်တွေ ကွဲပါပြီဗျာ"

မောင်လှမောင်က ပြောဆိုနေတာကို အောက်ကမီးတုတ်နဲ့ လူအုပ်က စောင့်ကြည့်နေလေရဲ့။

မောင်လှမောင်ကို ပြောမရတဲ့အဆုံးမှာ ဦးဖိုးထင်က စိတ်ဆိုးပြီး

"ဟောကောင် လှမောင် မင်းငါပြောတာ မယုံဘူးမဟုတ်လား"

"မယုံဘူး အဖေ"

"ဒါဆိုရင် ငါ လက်တွေ့ပြမယ်"

ဦးဖိုးထင်က နဂိုကတည်းက စိတ်မရှည်သူပီပီ

သူ့ရဲ့သေနတ်ကို အသားမည်းမည်း အုပ်စုခေါင်းဆောင်ကို သေသေချာချာချိန်ပြီး

"ဒိုင်း"

ဒိုင်းခနဲ ပစ်လိုက်တယ်။ အသားမည်းမည်းအုပ်စုခေါင်းဆောင် ဟာ ရင်ဘတ်မှာ သေနတ်မှန်ပြီး မီးတုတ်တစ်ခြား လူတစ်ခြား ပစ်လဲသွားခဲ့တယ်။

အခြားမုဆိုးတွေကလည်း သေနတ်နဲ့တဒိုင်းဒိုင်း ပစ်လိုက်တာ မီးတုတ်





ကိုင်အုပ်စုလည်း သေနတ်မှန်တဲ့လူကမှန်ပြီး တောစပ်ထဲ ပြေးဝင်သွားခဲ့ကြတယ်။

သည့်တွင် မောင်လှမောင်က

"အဖေ ဘယ်လိုလုပ်လိုက်တာလဲ၊ သားကောင်မပစ်ဘဲ လူတွေလိုက်ပစ်နေတော့ အဖေ အဖမ်းခံရမှာပေါ့"

"အဲဒါ မင်းကြောင့် ငါပစ်ရတာ"

"ဘာဆိုင်လို့လဲ အဖေရ"

"အဲဒါ တောခြောက်တာပါ ပြောလည်းမရတော့ ဒီလိုရှင်းပစ် လိုက်ရတာပေါ့"

ထိုစဉ် တခြားမုဆိုးများကလည်း

"ငါတို့က တောလိုက်တာကြာပြီဆိုတော့ တောခြောက်တာ ရိုးနေပြီ၊ မင်းက မကောင်းဆိုးဝါးတွေမှန်းမသိလို့ ဆင်းမယ် တကဲကဲဖြစ်နေတာ၊ မင်း မနက်မိုးလင်းရင် အမှန်တွေ့ရလိမ့်မယ်"

"ဦးလေးတို့ဝိုင်းပြောလို့သာ ယုံရမှာ၊ ကျွန်တော့်ရင်ထဲမှာတော့ မိန်းမ သေပြီပြောကတည်းက အရမ်းစိတ်ဓာတ်ကျသွားတယ်"

"ကဲ ကဲ မကြာမီ ရောင်နီလာတော့မယ်၊ မင်းလည်း စိတ် အေးအေး ထားပြီး တစ်ရေးတစ်မောအိပ်လိုက်ဦး၊ ဦးလေးတို့စောင့်ပေးမယ်"

"မအိပ်ချင်ပါဘူး ဦးလေးတို့ရယ်၊ မြန်မြန်သာ မိုးလင်းချင်ပါပြီ"

အမှန်တကယ်တော့လည်း မောင်လှမောင် အိပ်မရခဲ့ပေ။ မိမိချစ်လို့ နိုးပြေးလာခဲ့တဲ့ မိန်းမ မရွှေအိ၊ သားကလေး တစ်ယောက်မွေးထားတာမှ တစ်လကျော်ကျော်။ အိမ်ထောင်သက် တစ်နှစ်ကျော်ကျော် ချစ်လို့မှမဝသေးခင် သေပြီဆိုတော့ မောင်လှမောင် ဘယ်လိုမှမခံစားနိုင်။

"မြန်မြန် မနက်မိုးလင်းပါစေ"

ဒီလိုဆုတောင်းရင်း မိုးအလင်းကိုစောင့်နေခဲ့သည်။

သိပ်မစောင့်ရပါ။ နံနက်မိုးစင်စင် လင်းခဲ့ပြီ။

"လှမောင် မင်းညက အုပ်စုတွေ ဒဏ်ရာရမရ သိချင်တယ် မဟုတ်လား"

"ဟုတ်ကဲ့ အဖေ"

"ဒါဆို ငါနဲ့တောထဲလိုက်ခဲ့"

တွေ့ချင် မြင်ချင်လှန်းတဲ့စိတ်ကြောင့် သူ့အဖေနဲ့အတူ တောထဲကို အမြန်ဆုံးသွားခဲ့သည်။ သူတို့နဲ့အတူ မုဆိုးနှစ်ယောက်လည်း လိုက်လာခဲ့၏။ သူတို့ တောထဲလည်းဝင်ရော သိပ်မဝေးတဲ့နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



"ဟော ဟိုမှာ ပုတ်သင်ညိုတွေ အတုန်းအရုန်း သေနေပါလား"

မောင်လှမောင်က ပုတ်သင်ညိုသေတွေကို တွေ့ရတဲ့အတွက် ဒီလိုပြောလိုက်တယ်။ သူ့အဖေက

"ပုတ်သင်ညိုအသေတွေ တွေ့တယ်မဟုတ်လား။ အဲဒါ ညကငါတို့ကို တောခြောက်တဲ့အကောင်တွေပဲ"

"ဟုတ်ပါ့မလား အဖေ"

"ငါတို့လည်း အစကမသိပါဘူးကွာ၊ တောကျောင်းဘုန်းကြီးက ဘုရားစာအုပ်ထဲမှာ ပြိတ္တာတွေ သရဲတွေသေရင် ပုတ်သင်အဖြစ်နဲ့ တွေ့ရတယ်လို့ ပြောတယ်၊ မင်းမယုံရင်တော့ တောကျောင်းဘုန်းကြီးနဲ့တွေ့ရင် မေးကြည့်ပေါ့"

"အဖေပြောတာ မှန်မှာပါ အဖေရယ်၊ သားမမေးတော့ပါဘူး။ သားလည်းနောက်ကို အဖေတို့နဲ့ ဘယ်တော့မှ မလိုက်တော့ဘူး၊ တောရဲ့မာယာလည်း မသိတော့ မြန်မြန်သေလိမ့်မယ်၊ အမေ့ရဲ့အဖေလိုပဲ ရေထဲမှာ ပိုက်ချတဲ့အလုပ်ကိုပဲ လုပ်တော့မယ်"

အဲဒါကတော့ ဦးလှမောင် ကိုယ်တွေ့တောခြောက်ခံရတဲ့ ဖြစ်ရပ်မှန်တစ်ခုပါပဲ . . .။

■ ■ ■



အခန်း (၇)

"မကောင်းဆိုးဝါး ခွေးနက်ကြီး"

အခုတလော. .

ကမ်းပါးဖြူက ရွာသူရွာသားတွေဟာ ထိတ်လန့်မှုတွေ ကြောက်ရွံ့စိုးထိတ်မှုတွေနဲ့ ပြည့်နှက်နေလေရဲ့. . .။

ဘာကြောင့်လဲဆိုတော့. .

နှစ်ရွာတစ်ရွာလို့နေတဲ့ ကမ်းပါးဖြူရွာနဲ့ ပေါက်ပင်ရွာက ရွာသားတွေဟာ ညအချိန်ဆိုလည်း သချိုင်းနှစ်ခုကို ဖြတ်ကျော်ပြီး သွားကြလာကြနဲ့ ဒါဟာလည်း ဟိုးရှေးပဝေသဏီတည်းက သွားနေကြတာပဲ။ ပေါက်ပင်ရွာက ကာလသားနဲ့ ကမ်းပါးဖြူရွာက မိန်းကလေးနဲ့ ရတာမျိုးရှိသလို ကမ်းပါးဖြူရွာက ကာလသားနဲ့ ပေါက်ပင်ရွာက မိန်းကလေးနဲ့ ရတာမျိုးလည်းရှိသည်။

ဒါကြောင့် ဟိုဘက်ရွာ ဒီဘက်ရွာဆိုပေမယ့် ဆွေမျိုးမကင်းတွေမို့ ဒီဘက်ရွာကကိစ္စရှိရင်လည်း ဟိုဘက်ရွာကအုပ်စုကလာပြီး ကူညီပေး လေ့ရှိ၏။ အဲဒီလိုပဲ ဟိုဘက်ရွာက သာရေးနာရေးရှိရင် ဒီဘက်ရွာက အုပ်စုကသွားပြီး ကူညီပေးကြသည်။

မောင်မင်းအောင်နဲ့ ဖိုးချမ်းတို့နှစ်ယောက် ပေါက်ပင်ရွာက သရဲခြောက်ခံရပြီးနောက် အမူးသမားနှစ်ယောက်ဖြစ်တဲ့ ပေါက်စနဲ့ ထူးမောင်တို့နှစ်ယောက်ဟာ ပေါက်ပင်ရွာမှကမ်းပါးဖြူရွာကိုအပြန် ညဉ့်ကလည်း အတော်နက်နေပြီ။

"ဟေ့ကောင်ရေ ငါက မူးတာမူးတာ၊ သရဲတော့ကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ပေါက်စက သရဲအကြောင်းအစဖော်ပြီး ပြောလိုက်ရာ ထူးမောင်က

"ငါကတော့ မကြောက်ဘူးကွ၊ ဘာဖြစ်လို့လဲဆိုတော့ သရဲဆိုတာ လူကဖြစ်တာပါကွာ"

"ဒါကတော့ မင်းပြောမှလား၊ ငါလည်းသိတာပေါ့၊ ဒါပေမဲ့ သရဲဆိုတာ ရုပ်ကြမ်းကြီးနဲ့ချောက်တော့ ကြောက်စရာကြီးပေါ့ကွ"

"ဒါလည်း ကံနိမ့်တဲ့သူမှ မြင်ရတာပါကွာ"

"အေးလေ ငါတို့က ကံနိမ့်လားကံမြင့်လားမှ မသိတာ"

"ဘာပဲဖြစ်ဖြစ် ဟိုရှေ့ကျရင် သင်္ချိုင်းနှစ်ခုကို ဖြတ်ရမှာကွ"

"သြော် ဒါလေးများ ငါတို့ မကြာခဏ ဖြတ်နေကြပဲဟာ"

"ဟိုတစ်လောတုန်းက မင်းအောင်တို့ ဖိုးချမ်းတို့ ဒီသင်္ချိုင်းကိုဖြတ်တုန်းက ဆံပင်ဖားလျားနဲ့ သရဲမက ချောက်လိုက်လို့တဲ့"

"အေး ဖိုးချမ်းဆို ကြောက်လွန်းလို့"

ထိုသို့ပြောရင်းဆိုရင်း တဖြည်းဖြည်း ပေါက်ပင်သင်္ချိုင်းနားသို့ ရောက်လာခဲ့သည်။ ပေါက်စက သင်္ချိုင်းဘေးက လမ်းကလေးအတိုင်းဖြတ်ရင်း သင်္ချိုင်းဆီကို အမှတ်တမဲ့ လှမ်းကြည့်လိုက်ရင်း

"အောင်မလေး ဘုရား ဘုရား"

"ဟေ့ကောင်ပေါက်စ ဘာဖြစ်လို့တုန်း"

"ဟို ဟို သင်္ချိုင်းထဲက မျက်လုံးကြီးနှစ်လုံး"

"မင်းကလည်း ဘာတွေလျှောက်ပြောနေတာလဲ"

"ငါပြတဲ့နေရာကို သေသေချာချာကြည့်လိုက်စမ်းပါကွာ၊ မျက်လုံးကြီးနှစ်လုံး တွေ့နေရတယ်"

ထူးမောင်လည်း ပေါက်စပြောတဲ့နေရာကို လှမ်းကြည့်လိုက်တော့ . .

အမှောင်ထုကြီးထဲမှာ နီရဲနေတဲ့ မျက်လုံးကြီးနှစ်လုံး။

"ဟုတ်ပါရဲ့ ပေါက်စပြောတာ မှန်တယ်၊ အဲဒါ သရဲမျက်လုံးကြီး ဖြစ်မယ်"

"ဒါဆို သူငယ်ချင်း ငါတို့ မြန်မြန်သုတ်ခြေတင်မှပဲ"

"အေး ဟုတ်တယ်"

သူတို့နှစ်ဦးလည်း ခပ်သုတ်သုတ်သွားပြီး ထိုနေရာကိုလှမ်း ကြည့်လိုက်တော့

"ပေါက်စရေ မျက်လုံးကြီးနှစ်လုံး ငါတို့နောက်လိုက်လာပြီ"

"ဒါဆို ပြေးမှဖြစ်မယ်"





ပြောပြောဆိုဆို သူတို့နှစ်ယောက်လည်း အပြေးသင်္ချိုင်းထဲမှ ခါးစောင်းလောက်ရှိတဲ့ ခွေးနက်ကြီးတစ်ကောင် ပြေးထွက်လာတာကို သူတို့နှစ်ယောက် တွေ့လိုက်သည်။

"ပေါက်စရေ ခုနက မျက်လုံးကြီးနှစ်လုံးက ခွေးနက်ကြီးရဲ့ မျက်လုံးပဲ ဖြစ်မယ်"

"အေး ဒါနဲ့ ခွေးနက်ကြီးက နောက်ကလိုက်လာပြီ"

"ဘာပဲဖြစ်ဖြစ် ငါတို့ရွာထဲရောက်အောင်ပြေးမှပဲ"

သူတို့နှစ်ဦးလည်းအပြေး ကြီးမားလှတဲ့ခွေးနက်ကြီးက နောက်မှလိုက်လာရင်း . .

"အူး အူး အူး"

အဲဒီလို ဆွဲဆွဲငင်ငင် အူလိုက်တယ်။

"ဟေ့ကောင် ထူးမောင်ရေ၊ ခွေးအူနေပြီ၊ အဲဒါ မကောင်းဆိုးဝါးတွေကို ခေါ်နေသလိုပဲ"

"ဒီလောက်ကြီးတဲ့ခွေးကိုရော မင်းမြင်ဖူးလို့လား၊ အဲဒီခွေးကလည်း မကောင်းဆိုးဝါးလား မသိဘူး"

သူတို့နှစ်ဦးလည်း ပြောပြောပြေးပြေး ပြေးလာရင်း ရွာထိပ်က ဘကြီးဦးဘသာရဲ့အိမ်ရှေ့အကျော်မှာ

"အဲဒီခွေးကြီးက သူတို့နှစ်ယောက်နောက် ဆက်မလိုက်တော့ဘဲ ဦးဘသာရဲ့အိမ်ရှေ့မှာ ဆွဲဆွဲငင်ငင် အူလိုက်သည်။

"အူး"

"အူး"

"အူး"

သူတို့နှစ်ဦးလည်း ကိုယ့်အိမ်ကိုယ် အပြေးပြန်ခဲ့ကြသည်။

■ ■ ■

မနက်မိုးလင်းလို့ မျက်နှာသစ်တုန်းပဲ ရှိသေးသည်။ ဒီရွာက သတင်းစုံလို့ နာမည်ပေးထားတဲ့ ခေါ်ခင်မြိုင်က

"ဟဲ့ ပေါက်စ ရွာထိပ်က ဦးဘသာကြီး ညကပဲဆုံးသွားပြီ"

"ဟင် ဟုတ်လား ဘယ်အချိန်က ဆုံးသွားတာလဲ"

"ညသန်းခေါင်ကျော်လောက်မှာ ခွေးကဆွဲဆွဲငင်ငင် အိမ်ရှေ့မှာ လာအူပြီး သိပ်မကြာဘူး အဖျားရောဂါဖြစ်နေတဲ့ဦးဘသာကြီးက ငါ့ကို ခွေးနက်ကြီး လာခေါ်နေပြီလို့ ပြောလိုက်တယ်၊ ဒါနဲ့ အိမ်သားတွေက တံခါးဝက ချောင်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ သူတို့အိမ်ရှေ့မှာတကယ်ပဲ ခွေးနက်ကြီးတစ်ကောင် ဆောင့်ဆောင့် ထိုင်နေတာ တွေ့ရတယ်တဲ့''

''ဒါဆို ညက သချိုင်းထဲက လိုက်လာတဲ့ခွေးနက်ကြီးနေမှာ''

''ဟဲ့ ပေါက်စ နင် ဘာပြောလိုက်တာတုန်း''

''ညက ချိန်းပွဲရှိလို့ ကျွန်တော်နဲ့ထူးမောင်တို့နှစ်ယောက်သား ပေါက်ပင်ရွာက ဖဲရိုက်ပြီးအပြန်ပေါ့၊ သန်းခေါင်ယောက်အချိန်မှာ ပေါက်ပင်သချိုင်းဘေးက လမ်းက ဖြတ်လာတာ ပထမအမှောင်ထဲမှာဆိုတော့ မျက်လုံးကြီးနှစ်လုံးပဲ အရင်မြင်ရတာ၊ ကျွန်တော်တို့နှစ်ယောက်လည်း သရဲမျက်လုံးဖြစ်မယ်ဆိုပြီး ပြေးကြတာ၊ အဲဒီမျက်လုံးကြီးက နောက်ကလိုက် ကျွန်တော်တို့က ရှေ့ကပြေးပေါ့၊ နောက်မှ ခါးစောင်းလောက်ရှိတဲ့ ခွေးနက်ကြီးဖြစ်နေတယ်၊ အဲဒီခွေးနက်ကြီးက ဘကြီးဦးဘသာတို့အိမ် ရှေ့လည်းရောက်ရော ဆက်မလိုက်တော့ဘဲ အူတော့တာပါပဲဗျာ''

''ဒါဆို ညက နင်တို့ခွေးနက်ကြီးကို သေသေချာချာ တွေ့ခဲ့ရတယ်ပေါ့''

''သေချာပါတယ်ဗျာ ထူးမောင်ပါ တွေ့တာမို့လို့ ထူးမောင်ပါ မေးကြည့်နိုင်တယ်''

''အေးတော် ထူးဆန်းလိုက်တာ၊ အဲဒီခွေးနက်ကြီးက ရိုးရိုးခွေးမဟုတ်ရဲ့လား၊ မကောင်းဆိုးဝါးများလား''

''ဩော် အရီးဒေါ်ခင်မြိုင်ကြီးကလည်း သချိုင်းထဲက ညကြီးမင်းကြီး လိုက်လာပါတယ်ဆိုမှ ရိုးရိုးခွေးဖြစ်မလား''

''အေးလေ ပေါက်စပြောတာလည်း ဖြစ်နိုင်တာပဲ၊ ဦးဘသာကြီး သနား ပါတယ်ဟယ်၊ ဖျားတာမှ သုံးရက်ပဲရှိသေးတယ် အခုသေပြီတဲ့''

''ဟုတ်ပါရဲ့ အရီးရယ်''

''အေး အဲဒါ ငါနင့်ကိုလာပြောတာ၊ အသုဘမှာကူပြီးလုပ်ပေးဖို့ သွားလိုက်ဦး''

''ဟုတ်ကဲ့ အရီး''

အရီးဒေါ်ခင်မြိုင်ကြီးကလည်း ရွာထဲလယ်ပြီး အသုဘအိမ်ကို သွားဖို့ ကိစ္စပြောရင်းနဲ့ . . ပေါက်စနဲ့ ထူးမောင်တို့ဟာ ထူးဆန်းတဲ့ခွေးနက်ကြီးကို တွေ့ခဲ့တယ်ဆိုတဲ့အကြောင်းပြောလိုက်လို့ တစ်ရွာလုံး သိသွားခဲ့ကြသည်။

လူတွေကလည်း ထူးဆန်းတဲ့ခွေးနက်ကြီးအကြောင်း စိတ်ဝင်စားလာကြသည်။ ဦးဘသာကြီးရဲ့အသုဘရက်လည်မယ့်ညမှာ ရွာသူရွာသားတွေဟာ





မှန့်ဟင်းခါးချက်တဲ့လူကချက် အလုပ်ဝိုင်းလုပ်နေတဲ့သူကလုပ်နဲ့ သန်းခေါင်ယံအချိန် ဘယ်လိုရောက်သွားမှန်းမသိ။

အဲဒီအချိန်မှာ . . .

''အူး''

''အူး''

''အူး''

ဆိုပြီး ခွေးတစ်ကောင်ကစပြီး အူလိုက်တာ ရွာထဲက ခွေးတွေ ဝိုင်းအူကြသည်။ ဒါကြောင့် မှန့်ဟင်းခါးချက်နေတဲ့ ရွာသားတချို့က လမ်းမကို လှမ်းကြည့်လိုက်တော့ . . .

''အောင်မလေး နည်းတဲ့ခွေးကြီး မဟုတ်ပါလား''

သူတို့အုပ်စုဟာ အလွန်ကြီးမားတဲ့ခွေးနက်ကြီးကို တွေ့လိုက်ရသည်။ အဲဒီအခါမှာ ဦးဘသာရဲ့တူတော်တဲ့ ချစ်အောင်က

''အဲဒီ မကောင်းဆိုးဝါးခွေး ငါတို့အိမ်ရှေ့မှာ လာအူလို့ ငါ့ဦးလေး သေရတာ၊ ဒီခွေးတော့ သေပေတော့''

ချစ်အောင်က ပြောပြောဆိုဆို အိမ်ပေါ်ကပြေးဆင်းပြီး အဆင်သင့်ယူလာတဲ့ လောက်လေးနဲ့ ဆွဲပစ်လိုက်၏။

''ဒုတ်''

''ဒုတ်''

''ဒုတ်''

သူကလည်း လက်တည့်သူမို့ သူ့ရဲ့လောက်စာလုံးတွေဟာ ခွေးနက်ကြီးကို တဒုတ်ဒုတ်နဲ့ မှန်တော့တာပဲ။ ခွေးတွေဟာ ချစ်အောင် လောက်လေး မှန်တာနဲ့ တကိန်ကိန်အော်ပြီး ပြေးကြသည်။ ဒါပေမဲ့ ခွေးနက်ကြီးကတော့ နည်းနည်းမှမဖြုံ။

''ဂီး''

''ဂီး''

''ဂီး''

ဆိုပြီး သွားဖြဲကာ မာန်ဖီနေလေရဲ့။ ဒါကြောင့် ချစ်အောင်ဘေး နားက မှန့်ဟင်းခါးချက်နေတဲ့လူတွေက

''ချစ်အောင်ရေ ညဉ့်နက်နေပြီ၊ ခွေးကိုပစ်မနေနဲ့တော့''

''ဟုတ်တယ် ချစ်အောင်ရေ၊ ခွေးကြည့်ရတာ တစ်မျိုးပဲ''

''ဟုတ်တယ် အပြင်ထွက်မနေနဲ့၊ အိမ်ထဲဝင်နေလိုက်တော့''



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ဝိုင်းဆွဲတဲ့အတွက် ချစ်အောင်လည်း အိမ်ပေါ်ကိုတက်ခဲ့သည်။

ဒီလိုနဲ့ မနက်မိုးလင်းနဲ့ပြီ။

သံဃာတွေပင့်ဖိတ်ပြီး ရက်လည်ဆွမ်းသွပ်ခဲ့ကြသည်။

လူတွေကိုတော့ မုန့်ဟင်းခါးနဲ့ ညှေ့ခံမယ်ပေါ့။

"ကဲ လူတွေလာတော့မယ်၊ မုန့်ဟင်းခါးရည်တွေကို အိုးကြီးနဲ့ တစ်ဝက်ခွဲပြီး အိမ်ပေါ်ကို တင်ခဲ့ဟေ့"

ဦးဘသာရဲ့မိန်းမက ညှေ့သည်တွေကို အိမ်ပေါ်ထပ်မှာ ကျယ် ကျယ်ဝန်းဝန်း ဧည့်ခံချင်တာကြောင့် ချစ်အောင်ကို လှမ်းပြောလိုက်သည်။

"ဟုတ်ကဲ့ ဒေါ်လေး"

ချစ်အောင်က ဟင်းရည်အိုးတစ်ဝက်ခွဲထည့်ပြီး အိုးကြီးကို မ,ပြီး လှေကားထစ်အတိုင်း တက်လာခဲ့သည်။

လှေကားထစ်ကလည်း သံဃာတွေကြွတုန်းက သန့်ရှင်းအောင် ရေနဲ့ဆေးကြောထားတော့ ရေနည်းနည်းစိုနေ၏။

ချစ်အောင်က ဘာပဲလုပ်လုပ် အလောတကြီးလုပ်တတ်တဲ့ အကျင့်ရှိသည်။ သူက မုန့်ဟင်းရည်အိုးကြီးကို လက်နှီးနဲ့မပြီး လှေကားထစ်အတိုင်း တက်လာတာ အပေါ်ဆုံးအထစ်ရောက်ခါနီးမှာ ရေစိုတဲ့အချိန်နဲ့ ခြေချော်သွားပြီး

"အောင်မလေး"

"ဝုန်း"

"ဒုံး"

"ဒုံး"

ဆိုတဲ့ အသံနဲ့အတူ မုန့်ဟင်းအိုးရော လူရော ပစ်ကျသွားခဲ့သည်။ တကယ်ဆိုတော့ ချစ်အောင် ကံဆိုးတာပါ။ လှေကားထစ်အတိုင်း ကျသွားပြီးနောက် အောက်ခြေကအုတ်ခုံနဲ့ ဦးခေါင်းနဲ့ရိုက်လိုက်တာ. . .

'ခွပ်ခနဲ' အသံနဲ့အတူ ဦးခေါင်းက သွေးတွေဖြာခနဲ။

"အောင်မလေး လုပ်ကြပါဦး"

ဦးဘသာရဲ့မိန်းမက အလန့်တကြား အော်ဟစ်လိုက်သည်။ ဒါကြောင့် အိမ်အောက်ထပ်မှာ ရှိနေတဲ့လူတွေက ချစ်အောင်ဆီကို အပြေးသွားပြီး ချစ်အောင်ကို ပွေ့ထားလိုက်သည်။

"ချစ်အောင်"

"ချစ်အောင်"





"ကျွန်တော် ခေါင်းအရမ်းမူးတယ်"

"မူးမှာပေါ့ကွာ ခေါင်းကွဲသွားတာကို"

အဲဒီလိုပြောပြီး သူတို့က ချစ်အောင်ကို သွေးထွက်လွန်မှာစိုးလို့ ပုဆိုးကို ဖြဲပြီး ခေါင်းကစည်းထားလိုက်သည်။

"ကျေးရွာဆေးမှူးကိုသွားခေါ်ခဲ့ကြဟေ့"

ဦးဘသာဇနီးရဲ့ညွှန်ကြားမှုကြောင့် ရွာသားနှစ်ဦးက ဆေးမှူးကို သွားခေါ်နေကြသည်။

အဲဒီအချိန်မှာ ချစ်အောင်ရဲ့ခေါင်းက သွေးတွေဟာမနိုင်အောင် ထွက်လာလို့ ပုဆိုးတစ်ခုလုံး စိုရွှဲနေတာပဲ။ ရွာသားတွေကလည်း ဘာမှမလုပ်တတ်လို့ ဆေးမှူးအလာကို စောင့်နေကြတုန်း. . .

ချစ်အောင်က. . .

"ဟဲ့ ခွေးနက်ကြီး ငါ့နားမလာနဲ့ သွား သွား"

"အောင်မလေး ခွေးနက်ကြီး ကျုပ်ကိုလာဆွဲနေပြီ မောင်းပေးကြပါဦး"

အလန့်တကြားအော်ဟစ်ပြီး အတင်းရုန်းကန်နေလို့ မနည်းဆွဲထားရသည်။

ဒီတင် အဘဦးသာနိုးက. . .

"ဘုရားစင်ပေါ်က ပရိတ်ရေသွားယူစမ်း"

"ဟုတ်ကဲ့ အဘ"

အဘ ဦးသာနိုးက ပရိတ်ရေနဲ့ပက်ပြီး မကောင်းဆိုးဝါးတွေကို နှင်ပစ်လိုက်သည်။ အဘက ပရိတ်ရေနဲ့ပက်လိုက်တော့ ချစ်အောင်လည်း အော်တာငြိမ်ကျသွားသည်။

တခဏအကြာမှာတော့ ဆေးမှူးဦးသိန်းဒန် ရောက်လာခဲ့တယ်။ ပုဆိုးနဲ့ ထုပ်ထားတာ ဖြည်လိုက်တော့ ခေါင်းကဒဏ်ရာက အတော်ကြီးတာပဲ။ ဒါနဲ့ နားကြပ်နဲ့နှလုံးခုန်နှုန်းကို ထောက်ကြည့်လိုက်တော့

"ချစ်အောင် အသက်မရှိတော့ဘူး"

"ဟင်"

"ဟာ"

အားလုံး အံ့အားသင့်သွားခဲ့ကြ၏။ စောစောကပဲ မုန့်ဟင်းရည်အိုးတည်ရင်း တွံတေးသိန်းတန်ရဲ့သီချင်းတွေ တကြော်ကြော်နဲ့. . .။

အခုတော့ဆုံးပြီတဲ့။ မြန်လိုက်တဲ့ဖြစ်ခြင်း။ အားလုံးက မယုံကြည်နိုင်ဘဲ

"အမလေး အဖြစ်ဆိုးလှချည်လား ငါ့တူလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘာသာရဲ့မိန်းမလည်း အော်ဟစ်ငိုယိုနေပါတော့သည်။

"ကိုဘာသာ သေလို့ ဒီတူလေးတစ်ယောက်ပဲ အားကိုးမယ်ကြကာရှိသေးတယ်၊ အခုတော့ ဆုံးပြီတဲ့ အဟီး အဟီး"

အဲဒီအချိန်မှာ ဦးဘာသာရဲ့ရက်လည်ကို ရောက်လာကြတဲ့ ရွာသူရွာသားတွေဟာ မမျှော်လင့်ဘဲ ချစ်အောင် သေဆုံးနေတာတွေ့ရလို့ နှမြောစာသ စိတ်မကောင်းဖြစ်ကြရှာသည်။

အခုအချိန်မှာတော့ ဦးဘာသာရဲ့အိမ်ဟာ လူနှစ်ယောက်ရက်လည်ရက် ထွက်သေတဲ့ အိမ်ဖြစ်သွားခဲ့ရသည်။

ရက်လည်ပွဲကိုလာတဲ့လူတွေက ချစ်အောင် ဘယ်လိုဆုံးတာလဲ ဆိုပြီး မေးကြမြန်းကြပေါ့။ ဒါလည်းရှာလေ့ပဲ။ တစ်ခုခုဖြစ်ရင် အစအဆုံး သိချင်ကြတာပဲ၊ ပြောတဲ့လူကလည်း သူသိသမျှ စေ့စေ့စုံစုံပြောတ၏။

နောက်ဆုံးမှာတော့ ခွေးနက်ကြီးကို လောက်လေးခွနဲ့ ပစ်မိလို့သေရတယ်ဆိုတာမျိုး ဖြစ်သွားခဲ့သည်။ ချစ်အောင်ကလည်း မသေခင်မှာ ကယောင်ကတန်းနဲ့..

"ခွေးနက်ကြီးက လိုက်ဆွဲနေတယ်လို့ အော်တာကိုး"

ဒါကြောင့် တိုက်ဆိုင်တာလား ဘာလားဆိုတာ အတတ်မပြောနိုင်ပေမယ့် ဦးဘာသာလည်း ခွေးနက်ကြီးလာအူလို့ သေရတာလို့ သဘောပေါက်ခဲ့ကြ၏။

ထို့အတူပဲ လှေကားထစ်ပေါ်က မုန့်ဟင်းရည်အိုး အလေးကြီးနဲ့ ချော်ကျပြီး အုတ်ခုံနဲ့ရိုက်မိလို့ သေတဲ့ချစ်အောင်ကိုလည်း ခွေးနက်ကြီးကို လောက်လေးနဲ့ပစ်လို့ သေရတာလို့ ပြောနေကြသည်။

ဒီလိုနဲ့ မောင်မင်းအောင်တို့ရဲ့ ကမ်းပါးဖြူရွာကလေးမှာ ဘယ် နေ့ဘယ် အချိန်မှာ မကောင်းဆိုးဝါး ခွေးနက်ကြီး ဘယ်နေရာက ပေါက်ချလာမလဲ..။ ဘယ်လို အတိတ်နိမိတ်ဆိုးတွေကို ယူဆောင်လာမလဲဆိုတဲ့ စိုးရိမ်စိတ်နဲ့ စိုးတထိတ်ထိတ် ဖြစ်နေလေရဲ့...။

■ ■ ■



## အခန်း (၈)

## "ချစ်သူရဲ့သူရဲကောင်း"

"ချစ်သက်ရေ မနက်ဖြန်မှာ ရွာဦးကျောင်း ကထိန်ခင်းပြီ"

"အေးပါ ငါလည်းသိပါတယ်၊ တစ်နှစ်တစ်ခါ ကထိန်ပွဲမှာ ပျော်စရာ ဘယ်လောက်ကောင်းမလဲ"

"အေး ဒီနေ့ည ငါတို့ဘုန်းကြီးကျောင်းမှာအိပ်ပြီး မနက်ဖြန်အတွက် လိုအပ်တဲ့ကိစ္စတွေ လုပ်ပေးရမယ်"

"အေးတော် ဟုတ်ပါရဲ့၊ ဒီနေ့ည ဘုန်းကြီးကျောင်းမှာအိပ်ရမှာပဲ၊ ငါ့အဖေတောင် မပြောရသေးဘူး"

"ပြောထား ချစ်သက်ရေ၊ မင်းအောင်တို့အုပ်စုလည်း လာမှာဆိုတော့ ညည်းအလှပြင်ခဲ့ဦး"

"အလှလည်း မပြင်ချင်ပါဘူးအေ၊ စဉ်းစားလိုက်တိုင်း ဟိုမြို့သားရဲ့ မျက်နှာက ပေါ်ပေါ်လာလို့ သေတော်သေပစ်လိုက်ချင်တယ်"

"နင်ပြောမှပဲ ဟိုမြို့သားအကြောင်းကို သတိရလာတယ်၊ အဲဒီ မြို့သားကလည်း နင့်ကိုလိုချင်တာ တစ်ပိုင်းကိုသေနေပုံရတယ်"

"ဟုတ်ပါ့တော် သူ့အင်းထဲကငါးတွေကို ငါတို့အိမ်လာပေးပြီး အဖေနဲ့ အမေ့ကို သိမ်းသွင်းနေတယ်"

"အေးလေ ငါတို့ မင်းအောင်ကြီးကလည်း ဘာမှမပေးနိုင်တဲ့ မျက်နှာမွဲဆိုတော့ မင်းအောင်ကြီးနဲ့ချစ်သက်ကို သဘောတူပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့နှစ်ယောက်ရဲ့ဇာတ်လမ်းကလည်း ဘယ်တော့မှ ဇာတ်ပေါင်းခ ကို ရောက်မလဲ မပြောနိုင်ပါဘူး၊ စဉ်းစားတိုင်း စိတ်မအေးရပါဘူးကွာ"

"စိတ်အေးတာ မအေးတာနောက်ထား ညနေရောက်ရင် ငါလာ မယ်၊ အဲဒါ နှင်အသင့်ပြင်ထား"

"အေးပါ အိဖြူရဲ့"

"ဒါဆို ငါသွားပြီ"

မနက်ဖြန်တွင် ရှာဦးဘုန်းတော်ကြီးကျောင်းမှာ ကထိန်ပွဲကြီး ဖြို သဲ့သဲ့ ကျင်းပမှာဖြစ်လို့ တစ်ရွာလုံးက ကာလသား ကာလသမီးတွေဟာ ပျော် နေကြသည်။ ကထိန်ပွဲနေ့မှာ အဆင်သင့်ဖြစ်စေဖို့ အကြိုနေ့မှာ လူငယ်လေးတွေ လုံမငယ်လေးတွေဟာ ကျောင်းဝေယျာ ဝစ္စလုပ်ဖို့ စုဝေးရောက်ရှိလာကြသည်

ဒီညနေစောင်းမှာ အိဖြူက လာခေါ်တဲ့အတွက် ချစ်သက်တို့ လုံမ တစ်သိုက် ရှာဦးဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိလာခဲ့ကြ၏။ အဲဒီမိန်းကလေ တစ်သိုက်ထဲမှာ အိဖြူတို့ ဝါမြွေစင်တို့ နီနီတို့အုပ်စုလည်း တစ်ခါတည်း လိုက် လာခဲ့သည်။ ကျောင်းရောက်တော့ . . သူတို့ထက်အရင် ရောက်နှင့်နေ ကြီးဒေါ်မြိုင်တို့အုပ်စုက ဆီးကြိုခဲ့ကြသည်။

"ချစ်သက်တို့အုပ်စု ရောက်လာကြပြီလား"

"ဟုတ်ကဲ့ ကြီးဒေါ်မြိုင်"

"အတော်ပဲ ကထိန်သီးမယ့်ပစ္စည်းတွေကို အလှူရှင်နာမည် ကပ်ပေး ဟေ့"

"ဟုတ်ကဲ့ ကြီးဒေါ်မြိုင်"

ထိုစဉ် ကာလသမီးခေါင်းဆောင်ဖြစ်တဲ့ ဒေါ်စန်းက

"ချစ်သက်ရေ မကြီးစန်းဘက်လာဟေ့၊ ဒီမှာနာမည်ရေးထား ပြီ ကပ်ရုံပဲ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ချစ်သက်တို့အုပ်စုက အားလုံးဝိုင်းလုပ်ပေးခဲ့ကြ၏။ ထိုစဉ် မင်းအောင် အုပ်စု ရောက်လာခဲ့ကြသည်။

"ချစ်သက်ရေ နင်တို့လုပ်ပြီးတဲ့ပစ္စည်းတွေကို ကထိန်တိုင်မှာ ချိတ် မင်းအောင်တို့အုပ်စုကိုပေးလိုက်"

မကြီးစန်းက တမင်ပြောလိုက်သည်။ ဒီအထဲမှာရှိတဲ့လူတွေ အားလုံးက ချစ်သက်နဲ့မင်းအောင်အကြောင်း သိပြီးသား . . ။ ဒါကြောင့် အားလုံးသော အမျိုးသမီးအုပ်စုက . .





"ဟုတ်တယ် ကိုမင်းအောင်ရေ ချစ်သက်လုပ်ထားတဲ့ပစ္စည်းတွေကို ကထိန်တိုင်မှာ ချည်ပေးလိုက်၊ ဒါမှနောင်ဘဝရောက်လည်း ပြန်တွေ့ကြမှာ"

အဲဒီလို ပြုံးပြုံးကြီးနဲ့စလိုက်တော့ ချစ်သက်ကလည်း ရှက်သွေးဖျန်းပြီး

"အစ်မတို့ကလည်း ဘာတွေလျှောက်ပြောနေမှန်းမသိဘူး"

"ဟယ် ချစ်သက်က ရှက်နေပြန်ပြီ"

ချစ်သက်ကို အမျိုးသမီးတစ်သိုက်က စရင်းနောက်ရင်း ပျော်ရွှင်စွာ စကားပြောနေတုန်း . .

"ဟော တင်မောင်နိုင်တို့အုပ်စုလည်း ရောက်လာပြီ"

မကြီးစန်းက လှမ်းအော်လိုက်သည်။ ထိုစဉ် တင်မောင်နိုင်က

"ကထိန်အတွက် သက်န်းလာကပ်တာပါ"

"အေး အေး ဒါ့ကိုပေး၊ တစ်ခါတည်း ကထိန်တိုင်မှာ ချည်ပေးလိုက် မယ်"

တင်မောင်နိုင်က မကြီးစန်းလက်ထဲ သက်န်းပေးရင်း

"ဩော် ချစ်သက်တို့တောင် ရောက်နေတာကိုး"

တင်မောင်နိုင်က လှမ်းနှုတ်ဆက်လိုက်ပေမယ့် ချစ်သက်က မသိသလိုပဲ နေလိုက်တယ်၊ ဒီတင် တင်မောင်နိုင်နဲ့အတူပါလာတဲ့ သူ့ရဲ့နောက်လိုက် ညိုကြီးက

"ဒီကထိန်မှာ ချစ်သက်တို့နဲ့အတူတူ အလှူအတန်းလုပ်ရတော့ နောက်ဘဝမှာလည်း ကျွန်တော်တို့အစ်ကိုကြီး တင်မောင်နိုင်နဲ့ တွေ့ကြ ဦးမှာပဲ ထင်တယ်"

အခွင့်ကောင်းယူပြီး ဒီလိုပြောလိုက်သည်။

အဲဒီအခါမှာ မကြီးစန်းက မင်းအောင်လည်းရှိနေတဲ့အတွက် သူတို့နှစ် ယောက် ရန်ဖြစ်မှာစိုးလို့ . .

"ကဲ မောင်တင်မောင်နိုင်ရဲ့သက်န်းကို ကထိန်တိုင်မှာ ချည်ပြီးပြီဆို တော့ စိတ်ကျေနပ်သွားပြီမဟုတ်လား၊ ဒီနေရာက အလုပ်များတော့ မင်းတို့ကျောင်း ဝရံမှာသွားပြီး ဝေယျာဝစ္စလုပ်ပေးရင် မကောင်းဘူးလား"

"ကောင်းပါတယ် မကြီးစန်း၊ ကျွန်တော်တို့က ရွာခံမဟုတ်ပေမယ့် ရွာသူတွေရဲ့စကားကို နားထောင်ပါမယ်"

အထေ့အငေါ့မလွတ်တဲ့ စကားကိုပြောပြီး ကျောင်းပေါ်က ဆင်း သွားခဲ့သည်။ အဲဒီကတည်းက မင်းအောင်တို့အုပ်စု ကျန်ရစ်ခဲ့တာကို သူတို့စိတ်မှာ မကျေမချမ်းဖြစ်သွားကြသည်။

ထိုအခါ မကြီးစန်းက



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်တွေအုပ်စု ငါပြောလိုက်လို့ မကျေနပ်ဖြစ်သွားတယ်နဲ့တူတယ်"

"မကျေနပ်လည်း မတတ်နိုင်ဘူး၊ ချစ်သက်ကိုလာရစ်နေမှန်း သိသာတယ်"

"ဟုတ်ပါတော် ငါတို့ကတော့ ကိုယ့်ရွာသားနဲ့ပဲ သဘောတူတယ်"

"အို မကြီးစန်းတို့ကလည်း"

ချစ်သက်က ကထိန်တိုင်မှာ ပစ္စည်းတွေကို ချည်ပေးနေတဲ့ မင်းအောင်တို့အုပ်စု ကြားမှာစိုးလို့ ဟန့်လိုက်သည်။

တင်မောင်နိုင်တို့အုပ်စုကတော့ မနက်ဖြန်အတွက် ချက်ပြုတ်နေတဲ့ ကာလသားဝိုင်းဆီ ရောက်သွားခဲ့သည်။ ရွာသားတွေက တင်မောင်နိုင်ကို ထင်း ပေးဖို့ အကူအညီတောင်းလို့ တင်မောင်နိုင်က သူ့နောက်လိုက် ညိုကြီးတို့အုပ်စုနဲ့ ထင်းခြမ်းတွေ အများကြီး ခွဲခိုင်းခဲ့သည်။

ညိုကြီးက ထင်းခွဲရင်း

"မင်းအောင်တို့အုပ်စုက တော်တော်လူပါးဝတယ်"

"ဘာဖြစ်လို့လဲ"

"ပင်ပင်ပန်းပန်းနဲ့ ထင်းခွဲတာကျတော့ ငါတို့လုပ်တဲ့၊ သူတို့ကတော့ ကထိန်တိုင်မှာ ကြိုးချည်ရတဲ့ ပေါ့ပေါ့ပါးပါးအလုပ်ကို လုပ်တယ်"

ထိုအခါမှ တင်မောင်နိုင်က သဘောပေါက်သွားပြီး

"ငါလည်း မင်းပြောမှ သဘောပေါက်တယ်၊ ဒီကောင်တွေက ငါတို့ကို သက်သက်ပညာပြတာပဲ၊ ဒီကောင်တွေ ထိအောင်လို့ ငါတို့ကလည်း ပညာ လိုက်ဦးမယ်"

"ဟုတ်တယ် အာစရိ၊ ဒီနေ့ည ချစ်သက်က ဒီမှာအိပ်မှာ၊ ဒီတော့ အခွင့်ရရင် ချစ်သက်ကို ရည်းစားစကားပြောလိုက်ပေါ့"

"ဟေ့ကောင်တွေ ဖြစ်ပါ့မလားကွ"

"ဖြစ်ပါတယ် အာစရိရဲ့၊ အာစရိရဲ့ရုပ်ရည်က မြို့သားမို့ တော သားတွေနဲ့ တခြားစီပဲ၊ အမှတ်တမဲ့ကြည့်လိုက်ရင် ရုပ်ရှင်မင်းသားတောင် ရှုံးတယ်"

"ဟုတ်တယ် အာစရိ ညိုကြီးပြောတာ မှန်တယ်၊ ချစ်သက်ကို ကိုယ် တိုင်ပြောကြည့်လိုက်ရင် ညွတ်ချင်ညွတ်လာမှာပေါ့၊ ဒီတော့မှ သူ့ မိဘတွေ ပြောလိုက်ရင် တစ်ချက်ပဲ"

"ငါလည်း သတ္တိရှိတဲ့လူတစ်ယောက်ပါကွာ၊ ဒါပေမဲ့ ချစ်သက်နဲ့တွေ့ရ ပါးစပ်မှာတစ်ခုခု ဆို့ထားသလိုလို ကိုယ်ကိုလည်း ကြိုးနဲ့တုပ်ထားသလို





လှုပ်တောင်မလှုပ်ရဲပါဘူးကွာ"

"အဲဒါ အာစရိက ကြောက်ပြနေတာကိုး၊ မိန်းမတွေက ရဲမှ ကြိုက်တာ"

"ဟေ ဟုတ်လား"

"ဟုတ်တယ် ယောကျ်ားလေးက မိန်းကလေးကို ရည်းစားစကားပြောတာပဲ ငါ့ကိုနင်ချစ်မလား၊ နင့်ကိုငါချစ်တယ်လို့ ပြောလိုက်ပေါ့"

"ဟေ့ကောင်တွေ မင်းပြောတာက သီချင်းထဲက စာသားတွေပဲ"

"ဘာပဲဖြစ်ဖြစ် အာစရိကိုကြည့်ရတာ စိတ်မရှည်တော့ဘူး၊ လက်နှေးနေရင် ခံသွားရမယ်နော်"

ညိုကြီးတို့အုပ်စုက တင်မောင်နိုင်ကို မြှောက်ပေးခဲ့သည်။ တင်မောင်နိုင်ကလည်း ချစ်သက်ကို ရည်းစားစကားပြောဖို့ ချောင်းပေမယ့် အခြေအနေမပေးလို့ မပြောဖြစ်ခဲ့ဘူး။

"အင်း ဒီကောင်တွေပြောတာလည်း ဟုတ်တာပဲ၊ ငါ သူ့ကို ဒီလောက်ချစ်နေတာ ဒီညမှာအခွင့်အရေးရရင် ငါ သူ့ကိုဘယ်လောက်ချစ်ကြောင်း ပြောပြရမှာပေါ့"

တင်မောင်နိုင်ကလည်း သူ့အတွေးနဲ့သူပင်. . .။

မင်းအောင်ကို နဂိုကတည်းကပင် မိန်းကလေးအုပ်စုက ချစ်သက်နှင့် သဘောတူကြသည်။ မင်းအောင်ကလည်း ဒေါ်ကြီးမြိုင်တို့ မကြီးစန်းတို့နဲ့ အဆင်ပြေသည်။ ဒါကြောင့် အခုလို ချစ်သက်နဲ့ နီးနီးကပ်ကပ် ဝေယျာဝစ္စလုပ်ခွင့်ရခဲ့သည်။

တဖြည်းဖြည်းနဲ့ ညမိုးချုပ်ခဲ့ပြီ။

မင်းအောင်တို့အုပ်စုကလည်း ဆရာတော်ကြီးနဲ့ မနက်ဖြန်ပြုလုပ်မယ့် အစီအစဉ်တွေကို ဆွေးနွေးခဲ့ကြ၏။

အဲဒီအချိန်မှာ ချစ်သက်က အိဖြူကို. . .

"အိဖြူ တပိုတပါးသွားရအောင်"

"သွားလေ လိုက်ခဲ့မယ်"

ချစ်သက်နဲ့အိဖြူတို့နှစ်ယောက် ကျောင်းနောက်ဖေးမှာရှိတဲ့ အိမ်သာဆီသို့ သွားခဲ့ကြသည်။

ထိုစဉ် ညိုကြီးက တင်မောင်နိုင်ကို

"အာစရိ အချိန်ကောင်းရောက်ပြီ"

"ဘာအချိန်ကောင်းလဲ"

"ခုနက ချစ်သက်နဲ့အိဖြူ နောက်ဖေးသွားတာ မြင်လိုက်တယ်၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



အာစရိ လိုက်စကားပြောပေါ့''

''ဟေ ဟုတ်လား၊ ဒါဖြင့် ငါလိုက်သွားလိုက်ဦးမယ်''

''သတင်းကောင်းပါ တစ်ခါတည်း ယူလာခဲ့ပါ အာစရိ''

''အေးပါကွာ ငါက မင်းတို့ရဲ့အာစရိပဲ၊ သတင်းကောင်းကိုသာ စောင့်နေပေတော့၊ ငါ သွားလိုက်ဦးမယ်''

တင်မောင်နိုင်က ချစ်သက်တို့နောက်ကို ကမန်းကတမ်း လိုက်သွားခဲ့သည်။ လမ်းခုလတ်မှာ ချစ်သက်နဲ့အိဖြူကိုတွေ့တော့ တင်မောင်နိုင်က. . .

''ဟဲ့ အိဖြူ နင်ခဏရှောင်ပေးစမ်းပါ''

''ဘာလုပ်မလို့လဲ''

''ငါ ချစ်သက်နဲ့ပြောစရာကိစ္စရှိလို့''

တင်မောင်နိုင်ရဲ့စကားကြောင့် အိဖြူက ခပ်လှမ်းလှမ်းက စောင့်နေခဲ့သည်။ တင်မောင်နိုင်က ရုတ်တရက် ချစ်သက်ရဲ့ရှေ့သို့ ရောက်လာပြီး

''ချစ်သက်လေးရယ် အစ်ကိုက ပြောစရာရှိလို့ သည်းခံပြီး နားထောင်ပေးပါ''

''ဒီမှာ ကိုတင်မောင်နိုင်၊ ရှင်နဲ့ကျွန်မနဲ့ ဘာမှပြောစရာမရှိဘူး၊ ဘာမှလည်း သည်းခံပြီး နားမထောင်နိုင်ဘူး''

''ဒီလိုမပြောပါနဲ့ ချစ်သက်လေးရယ်၊ အစ်ကိုက မင်းကိုအရမ်း ချစ်မိလို့ အခုလို ဖွင့်ပြောရတာပါ၊ အဲဒါ ချစ်သက်လေးက အစ်ကိုရဲ့ အချစ်ကို လက်ခံပေးပါ''

''ကျွန်မ ရှင့်ကိုမချစ်ဘူး၊ ရှင့်အချစ်ကိုလည်း လက်ခံစရာ အကြောင်းမရှိဘူး''

''အစ်ကို့ကို မင်းရဲ့မိဘတွေက ချစ်သက်လေးနဲ့သဘောတူပါတယ်၊ ချစ်သက်လေးကသာ ချစ်တယ်လို့အဖြေပေးရင် ဒီရွာမှာ အကြီးကျယ်ဆုံးမင်္ဂလာပွဲကြီးကို ဆင်နွှဲပစ်လိုက်မယ်၊ ချစ်သက်လေး လိုချင်တာအားလုံးလည်း အစ်ကို ဝယ်ပေးပြီး အပြည့်အစုံထားပါ့မယ် ချစ်သက်လေး စဉ်းစားပြီး အဖြေပေးပါနော်''

''ကျွန်မ ဘာမှစဉ်းစားစရာမလိုဘူး၊ ရှင့်ကိုဘယ်တော့မှလည်း ချစ်လာမှာ မဟုတ်ဘူး၊ ကျွန်မရဲ့မေတ္တာကိုရဖို့ ရှင်မစဉ်းစားနဲ့''

''ချစ်သက်လေးရယ် အဲဒီလို ယတိပြတ်စကား မပြောပါနဲ့၊ စဉ်းစားပါဦး''

''ကျွန်မ ရှင့်ကို နည်းနည်းမှမစဉ်းစားဘူး၊ ရှင်ပြန်တော့''

ချစ်သက်က ဒီလိုပြောလိုက်တဲ့အတွက် တင်မောင်နိုင်မှာ ဒေါသ ဖြစ်





သွားပြီး. . .

''ချစ်သက် မင်းက မစဉ်းစားဘူးဆိုတော့ မင်းမှာ မင်းအောင်ဆိုတဲ့ အကောင်ရှိလို့ မဟုတ်လား''

ပြောပြောဆိုဆို လက်ကလေးကို လှမ်းဆွဲပြီး. . .

''ဒီမှာ ချစ်သက် မင်းကလေး ငါ့ကိုချစ်တယ်ပြောမှ လွှတ်မယ်''

ဖွတ်အတင်း အကြမ်းနည်းနဲ့ချဉ်းကပ်လာတဲ့အတွက် ချစ်သက်က

''ကယ်ကြပါဦး ကယ်ကြပါဦး''

ချစ်သက်ရဲ့အသံကြောင့် အိဖြူက ကျောင်းပေါ်မှာရှိတဲ့ မင်း အောင်ကို အကြောင်းကြားလိုက်သည်။ မင်းအောင်က ချစ်သက်ရဲ့ အကြောင်းလည်းကြားရော အဲဒီနေရာကို အပြေးသွားပြီး. . .

''ဟေ့ကောင် ချစ်သက်ကို လွှတ်လိုက်''

''မလွှတ်ဘူးကွာ၊ မင်းက ငါတို့အချင်းချင်း ပြေလည်နေတာကို ဘာလို့ ရောက်လာရတာလဲ''

တင်မောင်နိုင်က ပိုင်စိုးပိုင်နင်း ပြောလိုက်တဲ့အတွက် ချစ်သက်က. . .

''အစ်ကိုမင်းအောင် သူပြောတာ တစ်ခုမှမဟုတ်ဘူး၊ ကျွန်မကို သက်သက်မဲ့ ဆွဲလားရမ်းလား လုပ်နေတာ''

''ဟေ့ကောင် မင်းဘာလို့ ဒီလိုအကြမ်းဖက်ရတာလဲ လွှတ်လိုက်''

''မလွှတ်ဘူးကွာ''

''မလွှတ်ဦးကွာ''

''ဖုန်း''

''ဖုန်း''

''ဒုန်း''

မင်းအောင်က တင်မောင်နိုင်ကို ပြောမရတဲ့အဆုံးမှာ လက်သီးနဲ့မျက်နှာကို ထိုးလိုက်သည်။ အားကောင်းမောင်းသန် မင်းအောင်ရဲ့ လက်သီးနဲ့ အထိုးခံရတဲ့အတွက် သူ့မျက်လုံးမှာ မီးဝင်းဝင်းတောက်သွားပြီး လဲကျသွား၏။

''လာ လာ ချစ်သက် အစ်ကို့ဆီကိုလာ''

မင်းအောင်က ချစ်သက်ကို ခေါ်အလာ သူတို့ရဲ့ဆူညံတဲ့အသံတွေကြောင့် ကျောင်းပေါ်မှာရှိတဲ့ အမျိုးသမီးများရော ချက်ပြုတ်နေကြတဲ့ အမျိုးသားများပါ စုရုံးပြီး ရောက်ရှိလာခဲ့သည်။ ညီကြီးတို့အဖွဲ့လည်း ရောက်လာတဲ့အတွက် သူတို့ရဲ့ဆရာကို ထူပေးပြီး

''အာစရိ ဘာမှမဖြစ်ဘူးမဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူးကွာ"

လို့ ရက်ရက်နဲ့ပြန်ပြောလိုက်တယ်။

ဒါပေမဲ့ တင်မောင်နိုင်ရဲ့နှုတ်ခမ်းထောင့်မှာတော့ သွေးတွေစီးကျနေလေရဲ့။ လူအများရောက်လာတဲ့အတွက် တင်မောင်နိုင်ဟာ မင်းအောင်ကို ဘာမှမလုပ်နိုင်ခဲ့ပါ။

ဒါပေမဲ့ တင်မောင်နိုင်ကတော့ တော်တော်ကြီး ဒေါသထွက်သွားပြီး

"မင်းအောင် မင်း ငါ့ကိုရန်စလိုက်တာ ငါ့ရဲ့သွေးမြေခသွားပြီ၊ အဲဒီသွေးကြွေးကို မင်း အသက်နဲ့ပြန်ပြီး ပေးဆပ်ရမယ်"

ဒီလိုပြောပြီး ပါးစပ်ကစီးကျတဲ့သွေးကို မာန်ပါပါနဲ့သုတ်ပြီး ကြိမ်းဝါးလိုက်သည်။ သူတို့အုပ်စုဟာ သူတို့ရဲ့လုပ်ရပ်အတွက် အရှက်ရပြီး ဘုန်းကြီးကျောင်းထဲက ပြန်သွားခဲ့ကြသည်။

ချစ်သက်ရဲ့စိတ်ထဲမှာတော့ မင်းအောင် လာကယ်လို့ တင်မောင်နိုင်ရဲ့အတင်းအကျပ်ကိုင်မှုမှ လွတ်မြောက်ခဲ့တာမို့ . .

တကယ်တော့ သူဟာ ကျွန်မအတွက် 'ချစ်သူရဲ့သူရဲကောင်း' ပါပဲ။

■ ■ ■



## အခန်း (၉)

## "မြေနီအင်းမှအနွံရာယ်ကြိုးတစ်မျှင်"

ဒီယနေ့ . . .။ ကမ်းပါးဖြူရွာရဲ့ ဘုန်းတော်ကြီးကျောင်းမှာ . . ကထိန်ပွဲကြီး ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြသည်။

ဒီကထိန်ပွဲကြီးမှာ ချစ်သက်တို့အုပ်စုလည်း ပါဝင်ဆင်နွှဲကြတယ်။ ချစ်သက်ကတော့ သည်ပွဲမှာ အချောဆုံး အလှဆုံးပေါ့ . .။

ဖိုးချင်းတို့အုပ်စုကလည်း 'နှစ်ကိုယ့်တစ်စိတ်' အကနဲ့ ဖြေဖျော်လို့ လူကြိုက်များတဲ့ပွဲကလေး ဖြစ်သွား၏။ မင်းအောင်ကလည်း ချစ်တဲ့သူ မိန်းမချောကလေးကို ခဏခဏ ခိုးကြည့်ပြီး ရင်ထဲမှာ တစ်သိမ့်သိမ့် ကြည်နူးနေသည်။

"ဟဲ့ ချစ်သက်ရေ ဒီနေ့ မင်းအောင်က လည်ကတုံးအင်္ကျီနဲ့ ယောပုဆိုးနဲ့ဆိုတော့ တော်တော်ချောတယ်တော့"

"မကြီးစန်းကလည်း ဘာတွေပြောမှန်းမသိဘူး"

ချစ်သက်က ရှက်စနိုးနဲ့ ပြောလိုက်သည်။

ထိုစဉ် အိဖြူကလည်း . .

"ဟုတ်တယ်တော့ ငါလည်း အခုမှ သေသေချာချာကြည့်မိတယ် မင်းအောင်နဲ့ချစ်သက်က တော်တော်လိုက်တယ်"

"အိဖြူကလည်း မှသားစကားတွေ ပြောနေပြန်ပြီ"

ထိုအခါ ကြီးဒေါ်မြိုင်ကလည်း . .

"မကြီးစန်းပြောတာ ဟုတ်သားပဲ၊ ငါတော့ ချစ်သက်ကိုမင်းအောင်နဲ့ပဲ သဘောတူတယ်၊ ဟိုကောင် မြို့သားနဲ့ သဘောမတူဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ကြီးတော်မြိုင်ရဲ့"

"အဲဒီကောင်က ပိုက်ဆံချမ်းသာတာပဲရှိတာ၊ အရက်တွေ သောက်လွန်းလို့ မျက်နှာမှာ ဖြူတ်ထနေတာ တွေ့တယ်မဟုတ်လား"

"မှတ်တယ် ဟုတ်တယ် အရက်သောက်လိုက်ပုံများ ဖိုးအေးရဲ့ အရက်ဆိုင်ထဲကကို မထွက်ဘူး"

"ဒီလို အရက်သမားနဲ့ယူရင် ချစ်သက်တော့ ဒုးနဲ့မျက်ရည်သုတ်နေရမှာပဲ"

"အဲဒီ အရက်သမားကို ချစ်သက်တို့မိဘတွေက ဘာကိုကြည့် ပြီးတော့ သဘောတူရသလဲ မသိဘူး"

မကြီးစန်းက ဤသို့ပြောလိုက်ရာ ကြီးတော်မြိုင်က

"ချစ်သက်ရဲ့မိဘများက မြို့သားအရက်သိပ်သောက်မှန်း မသိလို့နေမှာပေါ့၊ နောက်ပြီး ပိုက်ဆံရှိကြောင်း သိအောင်လို့ လက်ဆောင်တွေယူလာပေးတော့ ရှီးသားတဲ့လင်မယားက အားနာလို့နေမှာပေါ့"

ချစ်သက်ကလည်း မိဘနှစ်ပါးကို ပြောနေသည့်အတွက်

"ကြီးတော်မြိုင် ပြောတာမှန်တယ်၊ ချစ်သက်ကို လယ်က ဆယ်ကေနှားငါးရှည်၊ အိမ်တစ်ဆောင်၊ မီးတစ်ပြောင်ထားမယ်ဆိုပြီး ခဏခဏ နားချတယ်၊ အဖေ အမေတို့က သနားပါတယ်၊ တစ်သက်လုံး ဘယ်မှာ အိမ်ကြီးအိမ်ကောင်းနဲ့ နေရဖူးလို့လဲ၊ ဒီတော့ သူတို့လည်း နေချင်တာပေါ့၊ ဒါပေမဲ့လည်း ချစ်သက်ကို သနားလို့ အတင်းမတိုက်တွန်းရှာပါဘူး"

"အေးလေ နင့်မှာလဲ ဒုက္ခပါပဲ"

"ဟုတ်ပါတယ် ကြီးတော်မြိုင်ရယ်၊ တစ်ခါတစ်ခါတော့ ချစ်သက် ကိုယ်ချစ်သက် အနစ်နာခံပြီး မြို့သားကို ယူလိုက်မယ်လို့တောင် စိတ်ကူးမိသေးတယ်"

"ညည်း ဒါတော့ ဘယ်ဖြစ်မလဲ၊ အဲဒီလိုလုပ်ရင် မင်းအောင် အသည်းကွဲပြီး ဒုက္ခရောက်ပြီပေါ့"

"ဟုတ်ပါတယ် ချစ်သက်လည်း မင်းအောင်ကြောင့် အဲဒီလို မလုပ်နိုင်ဘူး ဖြစ်နေတယ်"

"အေးလေ ငါတို့ မင်းအောင်ကတော့ အညတြ ဆင်းရဲသားလေးဆိုတော့ မြို့သားလိုတော့ ဘယ်တင်တောင်းနိုင်မလဲ"

"မင်းအောင်က ချစ်သက်ကို ကောင်းကောင်းတင်မတောင်းနိုင်ပေမယ့် စိတ်ချမ်းသာအောင်ထားပြီး ဝမ်းဝအောင်တော့ လုပ်ကျွေးမှာပါ"





ပြောရင်းဆိုရင်းနှင့် ကထိန်လှည့်သူများဟာ ရွာဦးကျောင်းသို့ ရောက်ရှိလာကြသည်။ ထမင်းရုံမှာ ထမင်းကျွေးနေပြီဖြစ်လို့ ချစ်သက်တို့အုပ်စုလည်း ထမင်းရုံထဲသို့ ဝင်လာကြသည်။

မကြာမီမှာ မင်းအောင်တို့အုပ်စုအပါအဝင် ကာလသားအုပ်စုလည်း ထမင်းရုံသို့ ရောက်လာကြ၏။ အခြားရွာသူရွာသားတွေရော ပျော်ပျော်ရွှင်ရွှင် ထမင်းစားကြသည်။

■ ■ ■

ထိုအချိန်တွင် . . .

နွေခင်းကြောင်တောင် အရက်ဆိုင်သို့ရောက်နေကြသူများကတော့ တင်မောင်နိုင်တို့အုပ်စုပဲ ဖြစ်၏။ ဖိုးအေးဆိုင်မှာ အရက်သောက်ရင်း တင်မောင်နိုင်က. . .

"ငါ့ကို တံငါကောင် ထိုးသွားတာ ခွေးကိုက်တာထက် နာတယ်ကွာ"

"ဟုတ်တယ် အာစရိ၊ အဲဒါ ညီကြီးတို့မရှိလို့ အာစရိ ခံလိုက်ရတာ"

အဲဒီလိုလည်း မဟုတ်ပါဘူး။ ငါကလည်း ဒီကောင်ကို ထိုးနိုင်ပါတယ်ကွာ၊ ငါ့ရဲ့လက်တစ်ဖက်က ချစ်သက်ကို ဆွဲထားရတာကို ဒီကောင်က အခွင့်ကောင်းယူပြီး ထိုးလိုက်တာကွ"

"ဒီကောင့်ကို ဒီအတိုင်းလွှတ်ထားလို့မဖြစ်ဘူး"

"ဟေ့ကောင် ညီကြီး၊ ငါက ဒီကောင့်ကို ဒီအတိုင်းလွှတ်ထားမယ်များ ထင်သလား။ ငါ့သွေးတစ်စက်ကျရင် သူ့သွေးတစ်ကိုယ်လုံး ကျစေရမယ်ကွ"

"ဒါဆို အာစရိ ဒီကောင့်ကို ရွာပြင်မှားခေါ်ပြီး မသေမရှင် ရိုက်ပစ်လိုက်မယ်"

"မသေမရှင်ရိုက်တာက အရေးမကြီးပါဘူး၊ ငါတို့ရိုက်မှန်းသိရင် အမှုပတ်နေဦးမယ်"

"အာစရိကလည်း ရိုက်ပါတယ်ဆိုမှ ကျွန်တော်တို့မှန်းသိအောင် ရိုက်ပါ့မလား"

"အေး ဟုတ်တယ်၊ ညီကြီး မင်းက ဉာဏ်ကောင်းပါတယ်၊ မင်းပဲ ကြည့်ရှင်းလိုက်"

"ဒါလောက်တော့ ညီကြီးတို့က အသေးအဖွဲပဲ"

တင်မောင်နိုင်တို့အုပ်စုမှာ မင်းအောင်ကို မည်သို့ဒုက္ခပေးရန် ကြံစည်ရင်း အရက်ကိုတစ်ခွက်ပြီးတစ်ခွက် မော့သောက်ကြသည်။

ထို့နောက် ညီကြီးက

"အာစရိ ကျွန်တော် အကြံရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအကြံလဲ၊ ပြောကြည့်ပါဦး"

"ချစ်သက်က ညဆယ်နာရီမှာ သူတို့အိမ်နောက်ဖေးကို လာတွေ့ပါဆိုတဲ့ စာရေးပြီး ဖိုးထူးလေးကို မုန့်ဖိုးပေးပြီး မင်းအောင်က စာပေးခိုင်းတယ်လို့ ပြောခိုင်းမယ်"

"ဖြစ်ပါ့မလား ဖိုးထူးလေးကရော နှုတ်လုံပါ့မလား"

"ဖိုးထူးလေးက အခုမှ ဆယ်နှစ်ပဲရှိသေးတာ၊ ဘယ်သူ့မှ မပြောနဲ့ဆိုရင် ပြောမှာမဟုတ်ပါဘူး"

"အေး ဒါဆို မင်းကောင်းသလိုသာ လုပ်တော့"

ဤသို့ဖြင့် ချစ်သက်ထံမှ စာပေးသည့်အနေနှင့် ဖိုးထူးလေးနှင့်စာပေးခိုင်းလိုက်၏။ ချစ်သက်ထံမှ တစ်ခါမှစာမပို့ဘူးသလို မင်းအောင်ကလည်း တစ်ခါမှ စာမရေးဘူး။ အကြောင်းရှိရင် ချစ်သက် ကိုယ်တိုင် ရောက်ချလာတတ်သည်။ ဒါကြောင့် မင်းအောင်အဖို့ အထူးအဆန်းဖြစ်သွားပြီး . .

"ဖိုးထူးလေး မင်း မှန်မှန်ပြောရင် ဦးလေးက မုန့်ဖိုးပေးမယ်"

"ဦးလေးကို မှန်မှန်ပြောပါ့မယ်"

"ဒါဆို ဒီစာက ဘယ်သူပေးခိုင်းတာလဲ"

"ဦးလေး ညိုကြီးပေးခိုင်းတာ"

"ပြီးတော့ မင်းကို ဘာပြောသေးလဲ"

"ဦးလေးညိုကြီး ပေးခိုင်းတယ်လို့ မပြောနဲ့တဲ့၊ မမချစ်သက် ပေးခိုင်းတာလို့ ပြောခိုင်းလို့"

"အေး ဒါဆိုသိပြီ၊ မင်း ဒီလိုပြောတာကို ညိုကြီးတို့ကို ပြန် မပြောနဲ့"

"မပြောပါဘူး ဦးလေး မင်းအောင်"

"ဒါဆို ရော့ မုန့်ဖိုး"

မုန့်ဖိုးရသွားတဲ့အတွက် ဖိုးထူးလေးလည်း မင်းအောင်အပါးမှ လစ်ခနဲ ပြေးသွားခဲ့သည်၊ မင်းအောင်ဟာ ပြေးသွားတဲ့ ဖိုးထူးလေးရဲ့ ကျောပြင်ကိုကြည့်ရင်း

"ဒါဟာ ညိုကြီးတို့အုပ်စု တစ်ခုခုကြံစည်ချင်လို့ ငါ့ကိုစာပေးတာပဲ၊ ငါ တစ်ယောက်တည်း စဉ်းစားတာ ဉာဏ်မမီဘူး၊ ဒီအကြောင်းကို ဖိုးချင်းကို သွားပြောပြမှပဲ"

ဤသို့ မင်းအောင်မှာ တစ်ယောက်တည်း အတွေးပေါက်လာသည့်အတွက် ဖိုးချင်းဆီ သွားရောက်ခဲ့သည်။ ဖိုးချင်းဆီရောက်တော့ အကြောင်းစုံကို ရှင်းပြခဲ့၏။ အဲဒီအခါမှာ ဖိုးချင်းက . .

"ငါထင်တာတော့ မဟုတ်မှလွဲရောပဲ"





"မဟုတ်မှတော့ လွဲတာပေါ့ကွာ"

"မင်းကလည်းကွာ ငါက စကားမပြောခင် စကားချီးလေး ပြောတာပါကွ"

"စကားချီးတွေ ဘာတွေလုပ်မနေနဲ့ ပြောမှာသာပြောစမ်းပါကွာ"

"မင်းကို ချစ်သက်အနေနဲ့ စာပေးခိုင်းတယ်ဆိုပြီး စာပေးတာက ညဆယ်နာရီလောက်မှာ ချစ်သက်ဆီကို မင်းလာစေချင်လို့ နေမှာပေါ့"

"ချစ်သက်ဆီကို ငါ့ကို ဘာဖြစ်လို့ သွားစေချင်တာလဲ"

"သူတို့ရဲ့တကယ့်ဆန္ဒကတော့ မင်းကို ဘယ်သွားစေချင်မလဲ၊ ရေလာအောင် မြောင်းပေးတာပေါ့ကွာ"

"အေး ငါက ချစ်သက်ဆီလာတော့ သူတို့က"

"အေး အဲဒီလာတဲ့ လမ်းခုလတ်မှာ မင်းကိုဝိုင်းရိုက်မလို့နေမှာပေါ့"

"အေး ဟုတ်ပြီ၊ မင်းပြောမှ ငါအတွေးပေါက်ပြီ၊ ငါ့ကိုချောင်းရိုက်ချင်လို့ ဒီစာကိုပေးတာပဲ"

"ဒါဆိုရင် မင်း ဘယ်လိုဆုံးဖြတ်မလဲ"

"ချောင်းရိုက်တာတော့ မခံတော့ဘူးကွာ၊ သံချောင်းတို့အင်းမှာ သွားရှောင်နေမယ်"

"အဲဒီအစီအစဉ် ကောင်းတယ်၊ ဒါထက် ငါ မင်းကိုသတိပေးစရာရှိတယ်"

"ဘာများလဲ"

"တင်မောင်နိုင်က မင်းထိုးလိုက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး မကျေနပ်ဘူးနော်၊ အဲဒါ ဖိုးအေးအရက်ဆိုင်မှာ မကျေပွဲနွှဲမယ်လို့ ကြိမ်းဝါးနေသတဲ့"

"ငါ သိပါတယ်ကွာ၊ ငါထိုးလိုက်လို့ သူ့ပါးစပ်မှာ သွေးထွက်သွားတာကို ကြီးကြီးကျယ်ကျယ် သွေးကြွေးဆပ်မယ်တဲ့၊ ဆပ်စမ်းပါစေကွာ"

"မင်း အရေးမစိုက်ဘဲလည်း မနေနဲ့ဦး၊ သူတို့က အုပ်စုတောင့်တယ်၊ မင်းက တစ်ယောက်တည်း၊ ညဘက်သွားတာလာတာ ဆင်ခြင်ပါ"

"အေးပါ ဖိုးချင်းရယ် ငါ့အတွက်မပူပါနဲ့"

"အေးပါကွာ"

မင်းအောင်လည်း အိမ်သို့ပြန်လာခဲ့၏။ ညနေစောင်းအချိန်မှာ ရွာစွန်ဘက်က သံချောင်းတို့အင်းဆီသို့ သွားရောက်ခဲ့သည်။

သံချောင်းဆိုတာကတော့ မြေနီအင်းရဲ့ အင်းစောင့်တစ်ယောက်ပါ။ ဒီအင်းကို လေလံဆွဲတဲ့သူက သံချောင်းတို့အုပ်စုကို အင်းစောင့်အဖြစ် ငှားထား၏



www.burmeseclassic.com

www.burmeseclassic.com



သံချောင်းတို့အုပ်စုက စုစုပေါင်းငါးယောက်ရှိတယ်။ မနက်မှာ ငါးယောက်ရှိပေမယ့် ညဘက်မှာတော့ သံချောင်းရယ် ထွန်းမိုးရယ် နှစ်ယောက်ပဲ အင်းမှာစောင့်နေ ကြသည်။

သံချောင်းနဲ့မင်းအောင်ဟာ ကိုရင်ဝတ်တုန်းကတည်းက သူငယ်ချင်း တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ရှိကြသည်။ အားတဲ့ရက်မှာ သံချောင်းတို့ အင်းမှာ သွားစောင့်ပေးရင် အင်းထဲကထွက်တဲ့ အင်းငါးခူတို့ အင်းငါးရံ့တို့ ပေးလေ့ရှိသည်။ အမှန်တော့ မင်းအောင်က တင်မောင်နိုင်တို့အုပ်စုရန်စောင်မှာစိုး သက်သက်မဲ့ ထွက်လာခဲ့တာ ဖြစ်သည်။

ညနေငါးနာရီလောက်ကတည်းက သံချောင်းဆီကို ရောက်လာခဲ့ သံချောင်းကလည်း မတွေ့တာကြာပြီဖြစ်တဲ့ မင်းအောင်ရောက်လာလို့ တော်တော် ပျော်သွားခဲ့သည်။ နံနက်ပိုင်း အင်းအစောင့်လုပ်သားတွေ ပြန်သွားပြီဖြစ်လို့ သံချော နဲ့ထွန်းမိုးတို့နှစ်ယောက်ပဲ ဒီအင်းမှာ ကျန်နေခဲ့သည်။

မင်းအောင်က သံချောင်းတို့ဆီလာတိုင်း လက်ဗလာနဲ့မလာဘူး။ အ ကြော်တို့ ကောက်ညှင်းထုပ်တွေပါ ဝယ်လာခဲ့သည်။ အခုလည်း မင်းအောင်တ ယောက် သံချောင်းဆီ ရောက်ရှိလာခဲ့ပါပြီ။

"ရော့ သူငယ်ချင်း မင်းအတွက် ကောက်ညှင်းထုပ်နဲ့အကြော်တွေ"

"မင်းကလည်းကွာ ဒုက္ခခံလို့ ဘာလို့ ဝယ်လာရတာလဲ"

"မင်းတို့နေတဲ့နေရာက ရွာနဲ့လှမ်းတယ်ဆိုတော့ ဘာမုန့်မှမရှိလို့ ဝ ယ်လာတာ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်းပိုက်ဆံကုန်မှာစိုးလို့ပါ"

"ဒီလောက်တော့ မမွဲသေးပါဘူးကွာ"

"အေးပါ လာ ထိုင်ကွာ"

သံချောင်းနဲ့ထွန်းမိုးတို့နှစ်ယောက်နဲ့အတူ မင်းအောင်ယူလာတဲ့ အကြေ နဲ့ရေနွေးကြမ်း သောက်ရင်း စကားစမြည်ပြောဖြစ်ခဲ့သည်။

"မင်းလာတာနဲ့အတော်ပဲ"

"မင်းစကားက အရင်းမရှိ အဖျားမရှိနဲ့ ဘာအတော်ပဲလဲ"

"ငါတို့အင်းက ငါးတွေအထွက်နည်းနေလို့ သူဌေးကလည်း အတော် ဆူတယ်ကွာ"

"အဲဒါနဲ့ ငါနဲ့ဘာဆိုင်လို့တုန်း"

"ငါးတွေ ဘာကြောင့်နည်းသွားတုန်းဆိုတာ မင်းနဲ့တိုင်ပင်ကြည့်မလို့"

"မင်းတို့ ငါးရစ်ချိန်တုန်းက တအားဖမ်းလို့နေမှာပေါ့"





"အဲဒီလို မလုပ်ပါဘူးကွာ"

"ဒါဆို ရှင်းနေတာပဲ၊ မင်းတို့အင်းထဲ ငါးသူခိုးဝင်ခိုးလို့နေမှာပေါ့"

"အဲဒါလည်း ဖြစ်တော့ဖြစ်နိုင်တယ်"

"ဖြစ်နိုင်တယ် မလုပ်နဲ့လေ၊ သူခိုးရှိမယ်ထင်ရင် စောင့်ဖမ်းပေါ့ကွ"

"အဲဒါက ပြဿနာပဲ"

"ဘာဖြစ်လို့တုန်း"

"ငါတို့ရွာမှာ ခွေးနက်ကြီးသရဲကတစ်မျိုး၊ ဆံပင်ဖားလျားနဲ့ သရဲမက တစ်မျိုး၊ အင်းထဲမှာ သရဲခြောက်တာက တစ်မျိုးနဲ့ ငါနဲ့ထွန်းမိုး နှစ်ယောက်ထဲ ဘယ်လိုအင်းစောင့်နိုင်မလဲ"

"အေး မင်းတို့အင်းကလည်း အကျယ်ကြီးဆိုတော့ မင်းတို့ ပြောတာ လည်း ဟုတ်တာပဲ"

"သံချောင်း မင်းပြောတာလည်း ဟုတ်တာပဲ၊ အခုတစ်လော ခွေးနက် ကြီးသရဲက လူတိုင်းပါးစပ်မှာ ရေပန်းစားနေတယ်"

"ငါလည်း ခွေးနက်ကြီးသရဲနဲ့တွေ့မှာ ကြောက်တယ်၊ ဘာဖြစ်လို့ လဲဆိုတော့ ဒီပြင် သရဲက ခြောက်လှန့်လိုက်ရင် ငါတို့ကလည်း ကြောက် သွားပြီး ပြီးသွားတာပဲ၊ ခွေးနက်ကြီးသရဲနဲ့တွေ့တဲ့လူကတော့ အဲဒီလူ ဖြစ်ဖြစ် အဲဒီအိမ်ကလူဖြစ်ဖြစ် သေတယ်ဆိုတော့ ငါတို့မတွေ့ရဲဘူး"

"အေးပါကွာ ငါရောက်တုန်းတော့ အင်းမှာ ငါးသူခိုးရှိမရှိ လိုက်ကြည့် ပေးပါမယ်"

"အေးပါကွာ ဒါပေမဲ့ ငါနဲ့ထွန်းမိုး နှစ်ယောက်စလုံးကတော့ ကြောက်လို့ မလိုက်ဘူးကွာ၊ မင်းဘာသာ မင်းကြည့်လုပ်လိုက် ကိုယ့်လူ"

"ရပါတယ်ကွာ"

မင်းအောင်တို့အုပ်စုလည်း စားရင်းသောက်ရင်း တဖြည်းဖြည်း မှိုးချုပ် လာခဲ့သည်။

ထိုစဉ် တင်မောင်နိုင်ရဲ့အင်းက လူနှစ်ယောက်ရောက်လာပြီး

"ကိုသံချောင်း ကိုသံချောင်း"

တဲအပြင်မှ ခေါ်လိုက်တဲ့အတွက် ကိုသံချောင်းက တဲအပြင်သို့ ထွက် သွားပြီး

"ဩော် မောင်ရဲအောင်တို့ပါလား ဘာကိစ္စလဲ"

"စောစောက ရွာသွားရင်းနဲ့ မီးတောက်ချက်အရက် ကောင်း ကောင်းရ ယာလို့ ကိုသံချောင်းကို သွားပေးလို့ ဆရာကြီးကပြောလို့ လာပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး မင်းဆရာကြီးကို ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်ပါကွာ"

"ဟုတ်ကဲ့ ကိုသံချောင်း"

ဆရာကြီးဆိုတာက တင်မောင်နိုင်က ခန့်ထားတဲ့ အင်းစောင့် အကြီးအကဲကိုပြောတာပါ။ သူ့နာမည်က မြဆောင်တဲ့။ ဒီရွာသားပါပဲ။ အင်းမှာ စောင့်သူချင်းမို့ တစ်ယောက်ရလာတဲ့ပစ္စည်းဆိုရင် ဒီလိုပဲ ဝေခွဲပေးစမြဲပါ။

အရက်ကြိုက်တဲ့ ကိုသံချောင်းနဲ့ ထွန်းမိုးအတွက်ကတော့ ချက်အရက်ပြင်းပြင်းကိုရတာ အသုရာနတ်ဆေးကို ရသလိုပဲ။ မူးမူးနဲ့အိပ်ပျော်သွားတဲ့အရသာကို ငမူးတွေအတွက်မှာ နတ်စည်းစိမ်ခံစားရသလိုပဲ။

သိပ်မကြာမီအချိန်အတွင်းမှာ. .

"မင်းအောင် ဝယ်လာခဲ့တဲ့ အကြော်တွေနဲ့ ချက်အရက်ပြင်းပြင်း လိုက်ကြစို့ ထွန်းမိုးရေ"

"ဟုတ်တယ် သံချောင်းရေ ငါတို့ဘယ်လောက်မူးမူး မူးလို့ရပြီ ကိုယ့်ကိုမင်းအောင် ကြည့်လုပ်လိမ့်မယ်"

ထိုအခါ မင်းအောင်က. .

"အေးပါ မင်းတို့ပဲ မီးတောက်အရက်သောက်ပြီး မှောက်ကြပေါ့ကွာ ငါကတော့ အရက်မသောက်တဲ့သူဆိုတော့ မင်းတို့ပြောတဲ့အတိုင်း အင်းစောင့်လုပ်ပေးပါ့မယ်"

"အေး ဒါမှ ငါ့သူငယ်ချင်း"

"ကဲ ငါတို့အတော်လမ်း တစ်ခွက်တစ်ဖလား စလိုက်ရအောင်လား"

အမူးသမားနှစ်ယောက်ကတော့ ချက်အရက် ခပ်ပြင်းပြင်း အရသာကြီးကို ပစ်ခွက်ပြီး တစ်ခွက်သောက်ပြီး မှောက်နေလေရဲ့။

တကယ်တော့ မြေနီအင်းဟာ မင်းအောင်အတွက် အန္တရာယ် ကြီး တစ်မျှင်ပါပဲ။

■ ■ ■



အခန်း (၁၀)

"အသက်ကိုရင်း၍"

"အင်း သံချောင်းတို့နှစ်ယောက်တော့ မီးတောက်အရက်သောက်ပြီး မှောက်နေကြပြီ၊ မနက်ဟင်းစားလေးရအောင် အင်းထဲမှာသွားပြီး ပိုက်တစ်တန်း လောက်ချလိုက်ဦးမယ်"

မင်းအောင်က အလုပ်အားနေလျှင် မနေတတ်။

ဟုတ်. . အရင်ကလည်း ဒီလိုအချိန်ဆိုရင် သူ့ဖအေနဲ့ ငါးပိုက်ချနေကျ။ သံချောင်းတို့အင်းက တစ်ပတ်မှ တစ်ခါပဲ ပိုက်ချကြ၏။ ကြားရက်တွေမှာတော့ သူတို့စားဖို့ ပိုက်တစ်တန်းလောက်ပဲချတယ်။ အခုလို အရက်အလွန် အကျွံ သောက်ပြီး အိပ်နေလို့ ပိုက်ချဖို့တောင် မနိုးတော့ဘူး။

ဒါပေမဲ့ မင်းအောင်ကတော့ အမြဲတမ်း ပိုက်ချနေသူမို့ ပိုက်တစ်တန်း လောက်ချရတဲ့ကိစ္စလောက်နဲ့ သူတို့ကို မနှိုးတော့ဘူး။ ပိုက်တစ်ခုကိုထမ်းပြီး မြေနီအင်းဘက်ကို လျှောက်လာခဲ့သည်။ အလင်းရောင်က မှုန်တိမှုန်မွှားမို့ လက်ထဲက မီးအုပ်ဆောင်းကို မီးထွန်းပြီး လာခဲ့သည်။

သိပ်မကြာမီမှာတော့ မင်းအောင်တစ်ယောက် အင်းစပ်ကို ရောက်လာခဲ့၏။ အင်းစပ်မှာ အဆင်သင့်ကြိုးချည်ထားတဲ့ သံချောင်းတို့ရဲ့လှေကို တွေ့လိုက်ရတဲ့အတွက် လှေပေါ်ကို ပိုက်ကွန်ပစ်တင်လိုက်သည်။

ပြီးတော့ လှေပေါ်တက်ပြီး ထိုးဝါးနဲ့လှေထိုးပြီး အင်းစပ်ကထွက်လာခဲ့ပြီ မြေနီအင်းတစ်ခုလုံးကတော့ ညဦးအမှောင်ထုဖုံးလွှမ်းနေသည်။ သူယူဆောင်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



မီးအုပ်ဆောင်းရဲ့မီးအလင်းကလေးက လှေအရှေ့အရပ်ဆီကို ထွန်းလင်းပေးနေလေရဲ့. . .။

အင်းစပ်နားမှာတော့. . . ပေဒါအုပ်တွေ၊ ဆောက်ကုလားခြံတွေ မြက်ရိုင်းခြုံတွေကြောင့် မနည်းလှော်ခတ်ရတယ်။ ညဦးနက်သန်းခေါင် အချိန်မှာတောင် ချွေးစေးတွေ ပြန်လာသည်။

"သံချောင်းတို့အုပ်စုကအကောင်တွေက ပျော်းတွေနဲ့ တူတယ်၊ အင်းစပ်မှာ ပေါက်နေတဲ့ ပေဒါသိုက်တို့ မြက်ခြုံတို့ကို ရှင်းပစ်ရမှာပေါ့၊ နို့မို့ရင် တော်တော်နဲ့အင်းထဲကို မရောက်တော့ဘူး"

မင်းအောင်က တစ်ကိုယ်တည်း ညည်းညူကာ စကားပြောရင်း လှေလှော်လာခဲ့သည်။

အင်းစပ်မှ ထွက်ခွာလာပြီး မကြာမီတွင်. . .

"ဟူး ဟူး ဟူး"

"ဟူး ဟူး ဟူး"

တဟူးဟူး တိုက်ခတ်လာတဲ့ လေကြမ်းကြောင့် လှေကလေးပင်ပါသွားမလား ထင်ရအောင် လှုပ်လေးလူးနေသည်။

"ဒီညကျမှ ဘာဖြစ်လို့ လေပြင်းတွေ တိုက်နေပါလိမ့်"

မင်းအောင်က ဤသို့ရေရွတ်ရင်း လှေကို ဆက်လှော်လာရာ အင်းပြင်ကြီးသို့ ရောက်လာခဲ့သည်။

"အင်း ဒီနေရာလောက်မှာ ပိုက်တန်းချမှပဲ"

မင်းအောင်ဟာ သူ့စိတ်ကူးနဲ့သူ အင်းစပ်နားမှာရှိတဲ့ အင်းပြင်ကြီးမှာ ပိုက်တန်းချလိုက်သည်။

ထို့နောက်. . .

"အင်း သံချောင်းတို့အုပ်စုက အင်းကို တစ်ပတ်လောက် လှော်ကြည့်ပေးပါလို့ ပြောတယ်၊ ရောက်တုန်းရောက်ခိုက် အင်းပြင်ကြီးအဆုံးအထိ လှော်ကြည့်လိုက်မယ်၊ အင်းပြင်ဆုံးတာနဲ့ ဒီနေရာကို ပြန်လာရင် ငါးမိနေတာနဲ့ အတော်ပဲဖြစ်မယ်"

မင်းအောင်ကလည်း သူ့အတွေးနဲ့သူ. . .။

ခဏအကြာမှာ လေပြင်းတိုက်တာလည်း ငြိမ်သွားတဲ့အတွက် ပိုက်တန်းချရာနေရာမှာ အင်းပြင်ကျယ်ကြီးဆီသို့ ထိုးဝါးအကူအညီနဲ့ လှေထိုးထွက်လာခဲ့သည်။

မြေနီအင်းဟာ ဒီအနီးအနားမှာရှိတဲ့ အင်းတွေထဲမှာ အကြီးဆုံးအင်း





ဖြစ်လို့ အင်းပြင်ကျယ်ကြီးဆီကို ရောက်အောင် အချိန်ကြာကြာ လှေထိုးခဲ့ရသည်။

"အင်းပြင်ကျယ်ကြီးကနေ ဟိုးဘက်အင်းစပ်ရောက်ဖို့ အဝေးကြီး လှေထိုးရဦးမှာပဲ"

"ဒါကြောင့် သံချောင်းတို့နှစ်ယောက်ဟာ ဟိုဘက်ရောက်အောင် လှေမထိုးကြတာနဲ့တူတယ်"

"ငါကတော့ ရောက်တုန်းရောက်ခိုက် ဟိုဘက်အင်းစပ်အထိ သွားကြည့်ဦးမယ်"

မင်းအောင်က ဤသို့တွေးပြီး ထိုးဝါးနဲ့လှေကိုထိုးလာခဲ့ရာ

"ဟာ ဟိုဘက်အင်းစပ်နားမှာ မီးရောင်တစ်ခုတွေ့တယ်"

မှန်ပါတယ်။ မင်းအောင်က လှမ်းအကြည့်မှာ ခပ်ဝေးဝေးမှာ မီးရောင်လဲ့လဲ့ကို မြင်လိုက်ရ၏။

"အခုလိုအချိန်မှာ မီးရောင်မြင်တာ ဆန်းတယ်၊ ဒါဟာ ငါးသူခိုးလှေက မီးရောင်လားမသိဘူး"

"ဟုတ်မှာပါ ဒီအင်းထဲကို သံချောင်းတို့မှမလာတာ၊ ဒီတော့ ဒီမီးရောင်ဟာ ငါးသူခိုးလှေပဲဖြစ်ရမယ်"

"အင်း သံချောင်းကလည်း ငါးတွေအထွက်နည်းတယ်လို့ ပြောတယ်၊ ငါးသူခိုးတွေကြောင့် ငါးအထွက်နည်းတာနေမှာပေါ့"

"မဖြစ်ဘူး မဖြစ်ဘူး ဒီငါးသူခိုးတွေကို ငါ့လက်နဲ့အမိအရ ဖမ်းပြမယ်"

မင်းအောင်ရဲ့အတွေးဟာ ဒက်ထိမှန်နိုင်စရာအကြောင်းရှိတာမို့ တစ်ယောက်တည်း တွေးနေမိသည်။

တခဏအတွင်းမှာပဲ. . .

မင်းအောင်ဟာ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချလိုက်ပါသည်။

"ဒီ မီးရောင်တွေ့တဲ့နေရာကို ငါ အမြန်ဆုံးသွားမယ်"

"ငါ့လှေကို မမြင်အောင် မီးအုပ်ဆောင်းမီးကို မှိတ်ထားမှပဲ"

မင်းအောင်ကလည်း မခေပါ။ သူ့လှေကို မြင်မှာစိုးလို့ မီးအုပ် ဆောင်းမီးကို မှိတ်လိုက်၏။ ရေသံကြားမှာစိုးလို့ လှေကို ခပ်ဖြည်းဖြည်းပဲ လှေထိုးလာခဲ့သည်။ ညကလည်း မှောင်လွန်းနေတာမို့ မင်းအောင်ရဲ့ လှေကိုမြင်ဖို့ မလွယ်လှဘူး။

တဖြည်းဖြည်းနဲ့ မီးရောင်ရှိတဲ့နေရာနဲ့ မလှမ်းမကမ်းကို ရောက်လာခဲ့ပြီ၊ မီးရောင်ရှိတဲ့လှေကို မြင်လိုက်တယ်ဆိုရင်ပဲ. . .

"အင်းထဲမှာ ပိုက်ဆွဲပြီး ငါးဖမ်းနေကြပါလား၊ ငါးသူခိုးတွေကို တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းပြမယ်''

မင်းအောင်က ငါးသူခိုးတွေကို တွေ့လိုက်ရသည်။

''ဟေ့ကောင်တွေ မင်းတို့ ဘာဖြစ်လို့ ငါတို့အင်းထဲက ငါးကို လာခိုးရတာလဲ''

ရုတ်တရက် မင်းအောင်ရဲ့ပြောစကားကြောင့် သူတို့အားလုံး လန့်ဖျပ်သွားသည်။ ချက်ချင်းပဲ ပိုက်ကိုလှေပေါ်မှာတင်ပြီး ပြေးမယ်အလုပ်မှာ မင်းအောင်က လှေပေါ်ကလူတစ်ယောက်ကို ဝါးလုံးနဲ့ရိုက်လိုက်တာ

''ဝုန်း''

ဆိုပြီး လှေပေါ်ကတစ်ယောက်ဟာ ရေထဲကို ကျသွားခဲ့သည်။ ကျန်တဲ့ လှေပေါ်ကလူတွေက မီးအုပ်ဆောင်းမီးကိုမြှင့်ပြီး ကြည့်လိုက်တော့

''ဟာ မင်းအောင်ပါလား''

လှေပေါ်က လူတစ်ယောက်က လှမ်းအော်လိုက်တယ်။

''ငါ ဒီအသံကြားဖူးပါတယ်၊ ဘယ်သူပါလိမ့်''

မင်းအောင်က စဉ်းစားလိုက်တော့ သူ ချက်ချင်းသတိရလိုက်တယ်။

''ဟေ့ကောင် မင်းဟာ ရဲအောင်မဟုတ်လား''

ဟိုဘက် လှေပေါ်ကလူတွေက တုတ်တုတ်မှမလှုပ်။

''ငါက မင်းကို ရဲအောင်မှန်းသိတယ်၊ မင်းတို့က သံချောင်းတို့နှစ်ယောက်ကို မီးတောက်အရက်ပေးပြီး ငါးခိုးတာပေါ့လေ''

''ဟုတ်တယ် အဲဒါ ဘာဖြစ်လဲ၊ ငါက သံချောင်းရဲ့အင်းထဲက ငါးခိုးတာ၊ မင်းက ဘာလို့မခံနိုင်ဖြစ်ရတာလဲ၊ ဘာလဲ သံချောင်းက မင်းပထွေးလား''

''ဟေ့ကောင် ရဲအောင်၊ မင်းမမိုက်ရိုင်းနဲ့၊ မင်းတို့ကို တင်မောင်နိုင်က ငါးခိုးခိုင်းတာ မဟုတ်လား''

ထိုစဉ် ရေထဲသို့ကျသွားတဲ့ ရဲအောင်တို့အုပ်စုထဲက တစ်ယောက်က ရေပေါ်ကို ပေါ်လာပြီး

''ဟေ့ကောင် ရဲအောင် မင်းအောင်ကို ဝိုင်းဖမ်းကြ''

ရဲအောင်တို့လူစုက ငါးယောက်၊ မင်းအောင်က တစ်ယောက်။

တစ်ယောက်နဲ့ငါးယောက် သတ်ကြပုတ်ကြနဲ့ ပထမတော့ ဗလုံးဗထွေးနဲ့၊

နောက်ဆုံးတော့ ရဲအောင်တို့ငါးယောက်ရဲ့လက်ထဲမှာ မင်းအောင် အညံ့ခံလိုက်ရသည်။ သူတို့ဟာ မင်းအောင်ကိုလှေနဲ့တင်ပြီး အင်းစပ်ကို ခေါ်သွားခဲ့ကြ၏။ အင်းမြေပြင်ရောက်တော့ မင်းအောင်ကို လက်ပြန်ကြိုးတုပ်ပြီး ရဲအောင်က

''ငါတို့က ယုန်ထောင် ကြောင်မိဆိုတာမျိုး ဖြစ်နေပြီ၊ ငါတို့ ဆရာကြီးက





မင်းကိုဖမ်းချင်လို့ ညကြီးနဲ့ချစ်သက်တို့အိမ်နားမှာသွား စောင့်နေတယ်၊ အခုတော့ မင်းက ငါတို့ရဲ့အင်းထဲရောက်နေတော့ အတော်ပဲ၊ မင်းကိုဖမ်းပြီး ခပ်နာနာလေး ရိုက်မယ်လို့ စဉ်းစားထားတာ၊ ဒါပေမဲ့ မင်းက အခုငါတို့အကြောင်းတွေပါ အကုန်သိသွားပြီဆိုတော့ မင်းက သေသင့်တယ်''

လို့ ဆရာကြီးတစ်ယောက်လို မာန်ပါပါနဲ့ ပြောလိုက်သည်။

ဒီတော့ မင်းအောင်က

''ငါ့ကိုသတ်ရင် မင်းလည်း လူသတ်မှုနဲ့အဖမ်းခံရမှာပဲ၊ ငါက ယောကျ်ားပဲ သေတစ်နေ့ မွေးတစ်နေ့ပဲ သတ်ရင်သတ်လိုက်''

''အေးပါ ငါက မင်းကိုသတ်လိုက်မှ ငါ့ဆရာကြီးနဲ့ချစ်သက်နဲ့ ညားမှာမို့ မင်းရဲ့ဆန္ဒကိုဖြည့်ပေးမယ်''

မင်းအောင်ကတော့ ရဲအောင်ရဲ့ တင်းမာတဲ့မျက်နှာထားကြောင့် မကြာမီ သူ သတ်တော့မယ်ဆိုတာ သိလိုက်ပါပြီ။ ရဲအောင်က ဟိုဘက်ရွာနေတုန်းက လည်း ရန်ဖြစ်လို့ လူတစ်ယောက်ကို သတ်လိုက်သည်။ လူသတ်မှုနဲ့ ထောင်ကျခဲ့တဲ့ ရာဇဝင်လူဆိုးပေါ့။

ဒီတော့သူ မင်းအောင်ကို သတ်မယ်ဆိုတာ မင်းအောင် ယုံကြည်ပြီးသား။

သူတို့အုပ်စုက မင်းအောင်ကို ဒရွတ်တိုက်ဆွဲခေါ်သွားခဲ့ကြသည်။ မင်းအောင်ဟာ အစတုန်းက သူ့ကိုဘယ်ခေါ်သွားမှန်း မသိဘူး။ သူ့ကို အတင်းအဓမ္မခေါ်သွားတဲ့အတွက် အော်ဟစ်ပြီး အကူအညီတောင်းချင်ပေမယ့် အင်းတစ်ခုနဲ့ တစ်ခုက အဝေးကြီး။

ဒါ့အပြင် လူတွေအိပ်ချိန်မို့ လမ်းသွားလမ်းလာလည်း မရှိကြတော့ အော်ဟစ်ပေမယ့် ကူမယ့်သူ အချိုးနှီးပဲဆိုတာ မင်းအောင် သိလိုက်တယ်။ ဒါကြောင့် သူတို့ခေါ်တဲ့နေရာကို လိုက်ပါသွားခဲ့ရတယ်။

တဖြည်းဖြည်းသွားရင်း သွားရင်းနဲ့ . .

လမ်းက တဖြည်းဖြည်း ကျဉ်းလာသည်။ သစ်ပင်ကြီးတွေပေါ်များလို့ ပိုပြီးမှောင်လာသည်။ သူတို့အထဲကတစ်ယောက်က မီးအုပ်ဆောင်း မီးခွက်ကြီးထွန်းလိုက်၏။ ဒီတော့မှ မင်းအောင်ဟာ ဘယ်နေရာကို ဦးတည်ပြီးသွားနေမှန်း သိလိုက်ပါပြီ။

''မင်း မင်းတို့ စိမ်းပြာအိုင်အင်းဘက်ကို သွားနေတာ မဟုတ်လား''

မင်းအောင်က ရဲအောင်တို့အုပ်စုကို လှမ်းမေးလိုက်သည်။ ဒီတော့ ရဲအောင်က



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ခုနကကျတော့ သူရဲကောင်းလိုလို ဘာလိုလိုနဲ့ သတ်ရင်သတ်ဆို၊ အခုတော့ စိမ်းပြာအိုင်အင်းဆီကို သွားနေလို့ ကြောက်ချီးပန်းနေပြီလား"

"ဟေ့ကောင်တွေ ငါဟာ မင်းတို့ဆရာကြီးလို သူရဲဘော မကြောင်ဘူး။ သတ္တိရှိတယ်၊ မင်းလည်း သတ္တိရှိတယ်ဆိုရင် ငါ့ကိုအခု ကြိုးဖြည်ပေး မင်းတို့နဲ့ငါ ချမယ်"

"ဟေ့ကောင် မင်းအောင် ခါချဉ်ကောင်မာန်ကြီးမနေပါနဲ့၊ အဓိက က မင်းသေဖို့ပဲ၊ အခုအချိန်မှာ ဘယ်သူသတ္တိရှိတယ်၊ မရှိဘူး လာပြိုင်မနေနဲ့၊ ဉာဏ် ဘယ်သူကောင်းမကောင်းဆဲ ယှဉ်ရမှာ"

"အေး မင်းတို့ကောင်တွေက ဉာဏ်ကောင်းတာမဟုတ်ဘူး၊ ကလိန်ကကျစ်ဉာဏ်ပဲရှိတာ၊ ဒါကြောင့် မင်းတို့ကလိန်ကကျစ်ဉာဏ်ကို လာမပြောနဲ့"

"မပြောနဲ့ဆိုလည်း မပြောပါဘူးကွာ၊ ဒါပေမဲ့ ငါတို့ ဉာဏ်ကောင်းလို့ မင်းဟာ မကြာခင် သေရမှာ"

ပြောပြောဆိုဆို ဒရွတ်တိုက်ဆွဲခေါ်လာခဲ့ရာ မကြာမီ စိမ်းပြာအိုင်အင်းစပ်နားသို့ ရောက်ရှိလာခဲ့ကြသည်။ ဒီနောက်တော့ စိမ်းပြာအိုင် အင်းစပ်မှာရှိတဲ့ လှေပေါ်ကို အတင်းဆွဲတင်လိုက်၏။

"ဟေ့ကောင်တွေ မင်းအောင်ကို သေသေချာချာ ချုပ်ထားစမ်း"

"ချုပ်ထားပါတယ် ဆရာ၊ ကျွန်တော်တို့နှစ်ယောက်တောင် ချုပ်ထားတာမို့ သူ မရုန်းနိုင်ပါဘူး"

မှန်ပေသည်။ အားကောင်းမောင်းသန် လူနှစ်ယောက်က ချုပ်ထားတာမို့ မင်းအောင်လည်း ဘယ်လိုမှ မရုန်းနိုင်ပေ၊

လှေကလေးကို ရဲအောင်က ထိုးဝါးနဲ့ထိုးထိုးပြီး လှော်ခဲ့တာ မကြာမီမှာ အင်းပြင်ကျယ်ကြီးဆီကို ရောက်လာခဲ့၏။ မင်းအောင်ဟာ မရုန်းနိုင်တဲ့ဘဝမို့ . .

"အင်း သူတို့ငါ့ကို အင်းရေပြင်ကြီးထဲ ပစ်ချတော့မှာပဲ၊ ငါ့ကို ခြေရောလက်ပါ ကြိုးနဲ့တုပ်ထားတာမို့ ဒီအတိုင်းဆို ငါ ဘယ်လိုမှ မလွတ်နိုင်ဘူး၊ ဒီရေပြင်ကျယ်ကြီးထဲမှာ လူမသိသူမသိဘဝနဲ့ သေသွားတော့မှာပဲ"

ဒီလိုတွေးမိပြီး . .

"ငါမသေခင်မှာ ကောင်းမှုကုသိုလ်ပါအောင် သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်မှပဲ၊ ငါ့အမေက မကြာခဏပြောဖူးတယ်၊ အန္တရာယ်နဲ့ ရင်ဆိုင်တွေ့ရင် သမ္ဗုဒ္ဓေဂါထာတော်ကိုရွတ်ရင် အန္တရာယ်က လွတ်ကင်းနိုင်တယ်လို့ ပြောတယ်"

ထိုသို့ တွေးနေစဉ် . .





ရဲအောင်က . .

သူ့အဖော်နှစ်ယောက်အား . .

"ဒီနားက ရေတော်တော်နက်တယ်၊ မင်းအောင်ကို ကန်ချလိုက်"

"ဟုတ်ကဲ့"

ထိုသို့ပြောပြီးနောက် မင်းအောင်ကို ထိုသူနှစ်ဦးက လှေပေါ်က ကန်ချလိုက်သည်။

"ဝုန်း"

"မြတ်စွာဘုရား ကယ်တော်မူပါ"

မင်းအောင်က အရင်ဆုံးပြောလိုက်သည်။ အဲဒီအချိန်မှာ မင်းအောင်တစ်ယောက် ရေအောက်ထဲကို ရောက်သွားခဲ့သည်။

မင်းအောင်က ကြိုးချည် ထားပေမယ့် ခြေထောက်နှစ်ချောင်းကို ရေမှာခတ်လိုက်တော့ . .

ခဏအတွင်း ရေပေါ်ကိုပြန်ပေါ်လာတယ်။

ရဲအောင်တို့အုပ်စုကလည်း ရေမှုဆိုးတွေဆိုတော့ အခြေအနေကို ချက်ချင်းသိလိုက်သည်။

"မင်းအောင်ရေ ဒီလိုပုံစံမျိုးနဲ့ မင်း ဘယ်လောက်တောင့်ခံနိုင်မလဲ မင်းဘယ်လောက်ကြိုးစားကြိုးစား ရေပေါ်ကို သုံးလေးခါထက် ပိုပြီးမပေါ်နိုင်ဘူး။ မင်းဟာ ရေအောက်မှာ သေရမယ့်အကောင်ပါကွာ၊ ဒါပေမဲ့ အားမငယ်ပါနဲ့ သဘက်ခါမှာ ငါတို့မင်းအလောင်းကို လာကြည့်မယ်"

ရဲအောင်က ဒီလိုပြောအပြီးမှာ သူ့တပည့်တစ်ယောက်က

"မင်းအောင်ရေ ဒီအင်းကို တစ်လနေလို့တောင် တစ်ယောက် မလာတာမို့ သဘက်ခါမှာ ငါတို့ဆက်ဆက်လာပြီး မင်းအလောင်းကိုကောက်ပေးပါ့မယ်"

ဤသို့ပြောနေစဉ် မင်းအောင်မှာ ရေအောက်သို့ပြန်မြုပ်သွားခဲ့၏။

"အင်း ငါ့ကိုဘုရားမှတစ်ပါး ကယ်မယ့်လူမရှိတော့ဘူး။ သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်မှပဲ"

ထိုသို့စိတ်ကူးပြီး . .

သမ္ဗုဒ္ဓေ–အဋ္ဌဝီသဉ္စ

ဒွါဒသဉ္စ–သဟဿကေ

ပဉ္စသတ–သဟဿာနိ

နမာမိ –သိရသာမဟံ။



www.burmeseclassic.com

www.burmeseclassic.com



အစရှိသော ဂါထာတော်ကြီးကို ရွတ်ဖတ်ပူဇော်လိုက်သည်၊ ထို့နောက် အဖေ့ရဲ့ပြောစကားကို အမှတ်ရပြီး. . .။

"ဒီအင်းကြီးထဲမှာရှိတဲ့ အင်းစောင့်ပုဂ္ဂိုလ်နဲ့တကွ အင်းမှာရှိတဲ့ အစောင့်အရှောက်အပေါင်းအသင်းများအား မေတ္တာပို့ပါတယ်၊ ကျွန်ုပ်ကို ဤအသက်အန္တရာယ်မှ လွတ်ကင်းအောင် ဆောင်ရွက်ပေးပါ၊ အကယ်၍ ကျွန်ုပ်အသက်ချမ်းသာရာရပါစေ၊ အသင်တို့အတွက် အလှူဒါနပြုပြီး အမျှအတန်းဝေပါမယ်"

အထက်ပါအတိုင်း ပြောပြီးနောက် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ဆက်၍ ရွတ်ဖတ်နေခဲ့သည်။

မင်းအောင်မှာမူကား ခြေနှံ့ယက်လိုက် ရေပေါ်သို့ပေါ်သွားလိုက် ရပ်လိုက် ရေထဲသို့မြုပ်သွားလိုက်နဲ့ မြုပ်ချည်ပေါ်ချည်။

"အင်း ရဲအောင်တို့ပြောတဲ့အတိုင်းပဲ ငါ ရေထဲမှာ ဘယ်လောက်ယက်နိုင်မလဲ. . . အင်းစပ်နဲ့လည်း အဝေးကြီးဆိုတော့ အဲဒီအင်းစပ်ရောက်ဖို့ကလည်း မလွယ်ဘူး. . . ဒီအင်းကိုလည်း ဘယ်သူမှ မလာကြဘူးဆိုတော့ ငါကတော့ မချသေတော့မှာပဲ"

"ဒါပေမဲ့ ယောကျ်ားတို့လုံ့လ သေကာမှ လျှော့မှာပဲ၊ ငါ့မှာ အဖေတို့ အမေတို့ကိုလည်း ကျေးဇူးမဆပ်ရသေးဘူး၊ နောက်ပြီး ငါ့ချစ်သူ ချစ်သက်နဲ့လည်း မပေါင်းရသေးဘူး၊ ဒီတော့ သေလို့မဖြစ်သေးဘူး"

အသက်အန္တရာယ်နဲ့ ရင်ဆိုင်တွေ့တော့ ဘယ်သူပဲဖြစ်ဖြစ် ရှိသမျှခွန်အားလေးနဲ့ ရုန်းကန်ကြတာ ဓမ္မတာပါပဲ။

မင်းအောင်လည်း ဒီလိုပါပဲ. . . ဒီအင်းပြင်ကျယ်ကြီးထဲမှာ ဘယ်လိုအသက်ဆက်ပြီး ရှင်ရမလဲဆိုတဲ့အတွေးနဲ့ ခြေပြင်ပေါ်ရောက်လိုက် အသက်ဝရှူလိုက်. . . ရေအောက်ရောက်လိုက်. . . ခြေဖြင့်ယက်လိုက် လုပ်နေတုန်းမှာ သူ့အနားမှာ. . .

"ဝုန်း"

ဝုန်းခနဲအသံနဲ့အတူ မည်းမည်းအကောင်ကြီး တစ်ကောင်ပေါ်လာခဲ့သည်။

■ ■ ■



## အခန်း (၁၁)
## "ငါးပြိတ္တာကြီးနှင့်အသက်လုပွဲ"

"ဟိုက် ဘာကောင်ကြီးပါလိမ့်"

မင်းအောင်လည်း လန့်ဖျပ်သွားပြီး မှုန်တိမှုန်မွှား အလင်းရောင်အောက်မှာ မည်းမည်းအကောင်ကြီးရှိရာကို စူးစိုက်ပြီး ကြည့်လိုက်သည်။ အဲဒီမည်းမည်းကောင်ကြီးဟာ မင်းအောင်ဆီကို တဖြည်းဖြည်း ကူးခတ်လာခဲ့ပါပြီ၊ အနီးသို့ရောက်လာတယ်ဆိုရင်ပဲ သူ့ရဲ့ပါးစပ်ကြီးကို ဖြဲလိုက်ရာ

"ဟာ ငါးပြိတ္တာကြီးပဲ"

ငါးပြိတ္တာကြီးဆိုတာက ငါးကြီးက ကြီးလွန်းလို့ တင်စားပြီး ခေါ်တာပါ။ ငါးကြီးရဲ့သွားတွေကလည်း ချွန်ထက်နေသည်၊ ဒီငါးပြိတ္တာကြီးကို အခုမှ မင်းအောင် မြင်ဖူးတာမဟုတ်ဘူး။ အဖေနဲ့အင်းထဲမှာ ငါးသွားဖမ်းတုန်းကတည်းက မြင်ဖူးခဲ့တာပါ။ သူ့သွားတွေနဲ့ ကိုက်လိုက်လို့ကတော့ အသက်နဲ့ခန္ဓာကိုယ် အိုးစားကွဲပြီပဲ။

"ဩော် ငါ့ကံကိုက ဆိုးလိုက်တာ၊ ရေနစ်လို့ သေခါနီးဖြစ်နေတဲ့ကြားထဲ ငါးကြီးကိုက်လို့သေရဦးမယ်၊ မဖြစ်ဘူး ငါလည်း ရေငုပ်ပြီး ပြေးလိုက် ရေပေါ်ဖော်ပြီးပြေးလိုက်လုပ်မှ"

မင်းအောင်ကလည်း အသက်အန္တရာယ်နဲ့ရင်ဆိုင်လာရတော့ အကြံဉာဏ်တွေ ထွက်လာပြီး ငါးကြီးအနားရောက်တာနဲ့ ရေထဲကို ငုပ်ပစ်လိုက်၏။ ငါးကြီးက ရေငုပ်ပြီး အနားရောက်လာတဲ့အခါမှာ ရေကိုခြေနဲ့ယက်ပြီး ရေပြင်ပေါ်ကို တက်လိုက်သည်။

ဒီလိုနဲ့ ငါးကြီးနဲ့မင်းအောင်ဟာ ပြေးသူနဲ့လိုက်သူ ဖြစ်သွားခဲ့သည်၊ မင်းအောင်လည်း ကြောက်ကြောက်နဲ့ ရှောင်ရှားရင်း ဘယ်လောက်ကြာအောင်



www.burmeseclassic.com

www.burmeseclassic.com



ရှောင်နေတယ်မသိ။ တဖြည်းဖြည်းနဲ့ ရောင်နီအလင်းကလေး ထွက်ပေါ်လာခဲ့ပြီ။

အလင်းရောင်ဆိုတာ လူသားတွေရဲ့ခွန်အားပါပဲ။ တဖြည်းဖြည်းနဲ့ အလင်းရောင်ရောက်လာတော့မှာမို့ ငါးပြွတ္တာကြီးကို သူ ရှောင်နိုင်မယ်ထင်ပါရဲ့...။ မင်းအောင်ဟာ၊ ရှောင်ရင်းပြေးရင်းနဲ့ ဒီတစ်ချိမှာလည်း ငါးကြီးက အနားရောက်လာပြီး ဟပ်လိုက်သည်။

သူလည်း ကြောက်ကြောက်လန့်လန့်နဲ့ လက်နဲ့ကာလိုက်တာ သူ့ ကြောက်တာတောင် အမှန်ဖြစ်သွားခဲ့သည်။ ဘာဖြစ်လို့လဲဆိုတော့ သူက ကြောက်လန့်လို့ လက်နှစ်ဖက်ကို ကာလိုက်တဲ့အချိန်မှာ ငါးကြီးရဲ့ သွားတစ်ချောင်းနဲ့ ငြိပြီး ချွန်ထက်လှတဲ့ငါးကြီးရဲ့သွားဟာ အဲဒီလက်နှစ်ဖက်ကို ချည်ထားတဲ့ကြိုးနဲ့ငြိပြီး ထောင်းခနဲ ပြတ်သွားခဲ့တယ်။

''အောင်မလေး ဝမ်းသာလိုက်တာ၊ ငါ့လက်က ကြိုးတွေပြတ်သွားပြီ ဒါဟာ ဘုရားမတာပဲ''

မင်းအောင်လည်း အလွန်အမင်း ဝမ်းသာသွားခဲ့တယ်။ ရေမှဆိုး တစ်ယောက်အတွက် လက်ကကြိုး ပြတ်သွားပြီဆိုတော့ လှုပ်ရှားနိုင်ပြီပေါ့။ ဒါပေမဲ့ ငါးပြွတ္တာကြီးရဲ့ ရန်စွယ်က ရှိနေသေးတာမို့ အလျှင်အမြန် ကူးခတ်ပြီး ငါးပြွတ္တာကြီးကို ရှောင်ရှားလိုက်သည်။

သူဟာ ချက်ချင်းဆိုသလို ဘောင်းဘီအိတ်ထဲမှာ အမြဲထည့်ထားတဲ့ ဓားမြှောင်ကို ထုတ်လိုက်သည်။ ပြီးတော့ သူ့ရဲ့ခြေထောက်မှာ ချည်နှောင်ထားတဲ့ ကြိုးကို ဓားသွားနဲ့ ဖြတ်လိုက်သည်။

''ထောင်း''

ခြေထောက်မှာ ချည်ထားတဲ့ကြိုးတွေလည်း ပြတ်သွားပြီဆိုတော့ သူ့ရဲ့ ဝမ်းသာမှုဟာ အတိုင်းထက်အလွန်ပေါ့...။

ခြေထောက်မှာရော လက်မှာရော အချုပ်အနှောင်လွတ်သွားပြီဆိုတော့ အဲဒီ ငါးပြွတ္တာကြီးနဲ့ သူသေကိုယ်သေ တိုက်ကြရုံပေါ့။

တဖြည်းဖြည်းနဲ့ နံနက်ငါးနာရီလောက် အလင်းရောင်ကလေးကို တွေ့လိုက်ရပြီ။ ထင်ထင်ရှားရှားတွေ့နိုင်တာမို့ ငါးပြွတ္တာနဲ့ တစ်ပွဲတစ်လမ်းတော့ တွေ့ရတော့မှာပေါ့။

ထင်တဲ့အတိုင်းပဲ ငါးပြွတ္တာကြီးရဲ့ကြီးမားလှတဲ့ ဦးခေါင်းကြီးဟာ မင်းအောင်ရဲ့ဘေးမှာ ဘွားခနဲပေါ်လာပြီး မင်းအောင်ကို လှမ်းပြီး အဟပ်..

''ရှော့ကွာ''

မင်းအောင်က ဤသို့အော်ဟစ်ပြီး ငါးကြီးရဲ့လည်မြိုကို ဓားမြှောင်နဲ့





လှမ်းအထိုး..

ငါးကြီးဟာ အလွန်အမင်း နာကျင်သွားလို့ ရေထဲသို့ပြန်အငုပ် အခြေအနေကို စောင့်နေတဲ့ မင်းအောင်ဟာ ဓားမြှောင်ကို အားစိုက်ထိုးလိုက်ပြီး ဆွဲချလိုက်သည်။ မင်းအောင်ရဲ့အင်အားနဲ့ ငါးကြီးရဲ့အရှိန်ကြောင့် ဓားမြှောင်ဟာ ငါးကြီးရဲ့ လည်မြိုကနေ ဝမ်းဗိုက်အထိ ခွဲချလိုက်သလိုဖြစ်ပြီး သွေးတွေဟာ ရေပြင်ပေါ်ကို ပေါ်ထွက်လာခဲ့သည်။

မကြာခင်အတွင်းမှာ..

စိမ်းပြာအိုင်အင်းကြီးအလယ်မှာ သွေးရောင်တွေ လွှမ်းသွားသည်။

''အင်း ဒီလောက်ဆိုရင် မကြာမီ ဒီငါးကြီးသေတော့မယ်၊ ငါ့အဖေကို သွားခေါ်ပြီး ဒီငါးကြီးကို သယ်ခိုင်းမှပဲ''

မင်းအောင်ဟာ အချိန်တိုအတွင်းမှာ စိမ်းပြာအိုင်အင်းကြီး အတွင်းမှ ကူးခတ်ပြီး အင်းစပ်ကိုအရောက်သွားခဲ့သည်။ နောက်တော့ သူ့အိမ်ကို အပြေးအလွှား ပြန်သွားခဲ့၏။

''အဖေ အဖေ''

''မင်းအောင်လား ဘာဖြစ်လာလို့ တစ်ကိုယ်လုံး ရေတွေစိုရွှဲနေတာလဲ''

သူ့အဖေက နံနက်စောစော တစ်ကိုယ်လုံး ရေတွေစိုရွှဲပြီး ကမန်းကတမ်း ပြန်လာတဲ့ သားကိုတွေ့လိုက်ရတဲ့အတွက် အံ့ဩစွာ မေးလိုက်သည်။

''အဖေ ဘာမှမမေးနဲ့၊ ပိုက်ရယ် မှိန်းရယ်၊ ငါးတောင်းရယ် ယူပြီး သားနောက်ကို အမြန်လိုက်ခဲ့ပါ''

''အေး အေး''

ဦးလှမောင်ကလည်း ဘာမှမေးမနေတော့ဘဲ သူ့သားရဲ့ပြော စကားအတိုင်း ယူစရာရှိတာယူပြီး သူ့သားရဲ့နောက်က ကမန်းကတမ်းလိုက်လာခဲ့သည်။

မင်းအောင်ကလည်း ဒီငါးပြွတ္တာကြီး သေသွားတာကို ဘယ်သူမှမသိစေချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီငါးပြွတ္တာကြီးကို ကြောက်လို့ ဒီအင်းကို မလာကြတာ။ ငါးပြွတ္တာကြီးသာမရှိဘူးဆိုရင် ဒီအင်းကို အပြိုင်အဆိုင်လေလံဆွဲပြီး ငါးဖမ်းကြမယ့်သူက အများကြီးပဲ။

သိပ်မကြာခင်အချိန်မှာ သူတို့သားအဖနှစ်ယောက်စလုံးဟာ စိမ်းပြာအိုင်စပ်နားကို ရောက်သွားခဲ့သည်။

''အဖေ သားတော့ ငါးပြွတ္တာကြီးကို သတ်လိုက်ပြီ''

''ဟင် ဟုတ်လား သားရယ်၊ သားပြောလို့သာ ကြားရတယ်၊ အဖေဖြင့် ယုံတောင် မယုံနိုင်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"အဖေရာ သားရဲ့အဖြစ်မှန်ကိုသာသိရင် ဒီထက်ပိုပြီး မယုံမှာ"

"ဟေ ဟုတ်လား။ ငါ့သား ဘာတွေဖြစ်ခဲ့လို့လဲ"

"အခုတော့ အချိန်မရှိလို့ ဒီလောက်ပဲ သိထားပါ။ ငါးပြေွှာကြီးကို ရပြီးနောက်ပိုင်းမှာ အဖြစ်အပျက်အပြည့်အစုံကို ပြောပြပါ့မယ်"

"အေး ဒါဆို အဖေတို့ လှေထိုးသွားကြစို့"

သားအဖနှစ်ယောက် လှေထိုးပြီးသွားခဲ့ကြတာ မကြာမီ အင်းပြင်ကျယ်ကြီးရဲ့အလယ်ကို ရောက်သွားခဲ့သည်။

"ဟင် အင်းရေပြင်တစ်ခုလုံးလည်း သွေးတွေကြီးပါလား"

"ဟုတ်တယ် အဲဒါ သား ဓားမြှောင်နဲ့ထိုးပြီး ရင်ကိုခွဲလိုက်တာ၊ ဒါကြောင့် သွေးပြင်ကျယ်ကြီးလို ဖြစ်နေတာ"

"အိမ်း ဟောဟို ခပ်လှမ်းလှမ်းမှာလည်း သွေးပြင်ကျယ်ကြီး တစ်ခုတွေ့တယ်၊ ဒီတော့ အဲဒီ ငါးပြေွှာကြီးဟာ အဲဒီနားမှာ သေနေတယ်နဲ့တူတယ်"

"ဖြစ်နိုင်တယ် အဖေ၊ အဲဒီနားကို ပိုက်ကွန်ပစ်ကြည့်ပါ အဖေ"

"အေး အေး"

သူတို့နှစ်ဦးက ရေမှုဆိုးအကျော်အမော်တွေဖြစ်လို့ မြစ်ရေထဲက ငါးအညှီနံ့ကိုတောင် အနံ့ခံနိုင်တဲ့သူတွေပဲ . . ။ ဒီလောက်ကတော့ အပျော့ပေါ့။ ဒါလည်း ကျွမ်းကျင်ရာလိမ္မာ ဆိုသလိုပဲ . . ။

ဒီလိုနဲ့ . . နောက်ထပ်တွေ့တဲ့ သွေးပြင်ကျယ်ကြီးမှာ ပိုက်ချလိုက်သည်။ မကြာခင်မှာ ပိုက်ကိုဆွဲကြည့်လိုက်တော့ ပိုက်ထဲမှာ တစ်ခုခု လှုပ်ရှားနေတာမျိုး တွေ့လိုက်သည်။

'သားရေ မင်းပြောတဲ့ ငါးပြေွှာကြီး ပါလာတယ်နဲ့တူတယ်၊ ပိုက်မှာ တစ်ခုခုတိုးနေတာမျိုး ဖြစ်နေတယ်"

"ဒါဆို သားလည်း ကူဆွဲမယ်"

နှစ်ယောက်သား ပိုက်ကိုဆွဲခဲ့ကြတယ်။ နောက်ဆုံးမှာတော့ ပိုက်ထဲမှာ ငါးပြေွှာကြီးပါလာသည်။ ဗိုက်မှာအထိ ဓားစိုက်ပြီး ခွဲထားသလို ဖြစ်နေတာကြောင့် မသေမရှင် ဖြစ်နေ၏။ ဒါပေမဲ့ သားအဖနှစ်ယောက်လုံးက အတင်းအားစိုက်ပြီး ဇလှေပေါ်ကို တင်လိုက်သည်။

"ဟာ နည်းတဲ့ငါးကြီးမဟုတ်ဘူး"

ဦးလှမောင်က သူ့သားကို လှမ်းပြောလိုက်သည်။ လှေပေါ်ရောက်လာတော့ သားအဖနှစ်ယောက်လည်း အင်းစပ်အထိ လှေထိုးလာခဲ့သည်။ ကမ်းစပ်အရောက်မှာတော့ ငါးပြေွှာကြီးလည်း စင်းစင်းသေသွားခဲ့ပြီ။

အိုးယွန်းယှဉ်စာပေ



"အဖေ ဒီငါးကြီးကို မြို့မှာသွားရောင်းမှဖြစ်မယ်"

"ဘာဖြစ်လို့တုန်း ငါ့သား"

"သားက ဒီငါးကြီးသေသွားတာ ဘယ်သူမှ မသိစေချင်ဘူး"

"အေး ဒါလည်း ဟုတ်တာပဲ၊ ဒီငါးပြေွှာကြီး မရှိတော့ဘူးဆိုရင် အဲဒီအင်းထဲမှာ ငါးဖမ်းမယ့်လူတွေ အများကြီးဖြစ်လာမှာပဲ"

"ဟုတ်တယ် အဖေ၊ ဒါကြောင့်လည်း သားက ဘယ်သူမှ မသိစေချင်တာ"

"အေး ငါ့သားပြောတာ မှန်တယ်၊ ဒါဆို ငါတို့သားအဖနှစ်ယောက် မြို့တက်ပြီး ငါးသွားရောင်းကြမယ်"

သားအဖနှစ်ယောက် ငါးပြေွှာကြီးကို မြို့သို့ယူဆောင်သွားပြီး ရောင်းခဲ့ကြသည်။ ငါးကကြီးလွန်းသဖြင့် ငွေအမြောက်အမြားရရှိပြီး ပြန်လာခဲ့ကြ၏။

"ငါတို့ ငါးဖမ်းတဲ့သက်တမ်းမှာ တစ်ခါမှ ဒီလောက်များတဲ့ ငွေမရဖူးဘူး"

"ဟုတ်တယ် အဖေ၊ ဒီငွေဟာ သားရဲ့အသက်နဲ့ရင်းပြီးရတာ"

"ဟေ ဘယ်လိုပြောလိုက်တာတုန်း"

"ဒီငါးကြီးမသေရင် သားအသေပဲ"

"ဘယ်လို ဘယ်လို"

"ဟုတ်တယ်အဖေရ နို့မို့ရင် သားဟာ အဲဒီအင်းထဲမှာ သေနေပြီ၊ အဖေတို့ကလည်း သားအဲဒီအင်းထဲမှာ သေနေမှန်း သိမှာမဟုတ်ဘူး"

"အေးလေ မင်း စိမ်းပြာအိုင်အင်းကြီးထဲတော့ မသွားလောက်ဘူးလို့ ထင်တာပဲ"

"ငါ့သားက စိမ်းပြာအိုင်ကိုမသွားဘဲနဲ့ ဘယ်လိုအဲဒီကိုရောက်သွားတာလဲ"

"အဖြစ်ကတော့ ဒီလိုပါ အဖေရယ်"

အဲဒီကစပြီး ဖြစ်ရပ်အဆုံးအထိ ပြောပြလိုက်သည်။ ဒီတော့ ဦးလှမောင်က

"ဖြစ်ရဖြစ်ရလေ သားလေးရယ်၊ သားလေးသာ တစ်ခုခုဖြစ်သွားရင် မင်းအမေတော့ အသက်တောင်ရှင်မှာမဟုတ်ဘူး၊ ငါ့သားလေး ဒီအင်းထဲမှာ ရှိမှန်းမသိဘဲ လျှောက်ရှာနေမှာ"

"အဖေရယ် သားလည်း ကြောက်ကြောက်နဲ့ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ရွတ်ပြီး ဆုတောင်းလိုက်ရတာ အဖေရယ်"

"အေးပေါ့ကွာ ဒါကြောင့် မင်းကိုနတ်ကောင်းနတ်မြတ်များက စောင့်ရှောက်လို့ ဒီအန္တရာယ်က လွတ်လာတာနေမှာပေါ့"

"အဖေ သားတော့ ရဲအောင်တို့အုပ်စုကို မကျေနပ်ဘူး၊ သူကြီးကို တိုင်ထားလိုက်ရမလား"

အိုးယွန်းယှဉ်စာပေ

www.burmeseclassic.com



"ဒါပေါ့ သားရယ်၊ သူကြီးကို တိုင်ရမှာပေါ့"

ထို့နောက် မင်းအောင်တို့သားအဖက ဒေါ်ရွှေအိကို စိမ်းပြာအိုင်က ဖြစ်ရပ်မှန်ကို ပြောပြလိုက်သည်။

"အမလေး လေး လေး ကံကြီးပေလို့ပေါ့ သားလေးရယ်၊ သားလေး သာတစ်ခုခုဖြစ်သွားရင် အမေ ရင်ကွဲ့ရချေရဲ့ မဖြစ်ဘူး မဖြစ်ဘူး၊ အဲဒီအကြောင်း တွေကို သူကြီးကို တိုင်ထားမှပေါ့"

"ဟုတ်တယ် အမေ၊ သားတို့သားအဖ သူကြီးနဲ့သွားတွေ့လိုက်ဦးမယ်"

သူတို့သားအဖနှစ်ဦးဟာ မကြာမီ သူကြီးဦးတိုက်စိုးရဲ့အိမ်သို့ ရောက် လာခဲ့သည်။

"မင်းတို့သားအဖနှစ်ယောက် မလာစဖူးလာကြတာ ကိစ္စတစ်ခုခုရှိသလား"

"ဟုတ်ကဲ့ ကျွန်တော့်သားအတွက် တိုင်ချင်လို့ပါ သူကြီး"

ဦးလှမောင်က ဤသို့ပြောရင်း ခုံတန်းရှည်ကြီးမှာ ဝင်ထိုင်လိုက်သည်။

"ကဲ ဦးလှမောင် ဘာကိစ္စလဲ ပြောစမ်းပါဦး"

"အဖြစ်က ဒီလိုပါ သူကြီး၊ တင်မောင်နိုင်ရဲ့အင်းထဲက ရဲအောင်တို့ အုပ်စုက ကျွန်တော့်သားကိုဖမ်းပြီး စိမ်းပြာအိုင်အင်းကြီးထဲကို ပစ်ချလိုက်တယ် အဲဒီအချိန်မှာ ကျွန်တော့်သားရဲ့လက်နှစ်ဖက်နဲ့ ခြေထောက် နှစ်ချောင်းကိုလည်း ကြိုးနဲ့ချည်ထားသေးတယ်"

သူကြီးကလည်း 'တင်မောင်နိုင်' ဆိုတာနဲ့ ထိတ်ထိတ်လန့်လန့် ဖြစ်သွား ခဲ့သည်။ တင်မောင်နိုင်က ဗိုက်ဆံလည်းချမ်းသာတော့ မြို့ကအပြန်ဆိုလည်း သူကြီးအတွက် လက်ဆောင်ပစ္စည်းပါနေကျ..။

နောက်ပြီး သူကြီးပြောတဲ့ကိစ္စမှန်သမျှအတွက် ရန်ပုံငွေကလည်းထည့် ပြီးသား၊ ဒါ့အပြင် ချစ်သက်ကိုတောင်းမယ်ဆိုတဲ့အကြောင်း အဲဒီကိစ္စကို မင်းအောင် က ဖျက်နေကြောင်းကိုပါ ပိုပိုသာသာ ပြောထားခဲ့သည်။

ဒါကြောင့် သူကြီးကလည်း ချစ်သက်ကို ကောင်းစားစေချင်တဲ့ စေတနာ နဲ့ ကြားထဲက ကန့်လန့်လုပ်နေတဲ့ မင်းအောင်ကိုခေါ်ပြီး ဆုံးမဖို့စီစဉ်ထားတာ..

အခုတော့ တင်မောင်နိုင်တို့လူစုက မင်းအောင်ကို ခြေလက် ကြိုးနဲ့တုပ် ပြီး အင်းထဲပစ်ချတယ် ဆိုပါလား၊ သူကြီးတောင် ဘယ်လိုပြောရမှန်းမသိတော့ဘူး

ဒါပေမဲ့ သူကြီးဆိုတာက အမှုပေါင်းများစွာ ကိုင်တွယ်လာတဲ့လူဖြစ်လေ ရာတော့

"အေး အေး မင်းတို့တိုင်ကြားချက်ကို ငါ မှတ်ထားလိုက်မယ်၊ ပြီးတော့ ရဲအောင်ကို လူလွှတ်ပြီး ခေါ်မေးမယ်၊ ပနက်ဖြန် ဒီလိုအချိန်ပြန်လာခဲ့၊ အကျိုး





အကြောင်းသိတာအားလုံး ပြောပြီးညှိပေးမယ်"

"ဟုတ်ကဲ့ သူကြီး"

သူတို့သားအဖ အိမ်သို့ပြန်လာခဲ့ကြတယ်။ အိမ်အပြန်လမ်းမှာ ဦးလှ မောင်က..

"ငါ့သား သူကြီးပြောပုံဆိုပုံက တစ်မျိုးပဲ"

"ဟုတ်တယ် အဖေရ သူက ရဲအောင်ကို ခေါ်မေးပြီး ညှိပေးမယ်ဆို တော့ ဘာကိုညှိပေးမှာလဲ၊ ဒါက လူသတ်မှုလေ အဖေရဲ့"

"အေးလေ ငါတို့တိုင်ရင် သူတို့ရဲအောင်ကိုဖမ်းပြီး စစ်ဆေးရမှာ မဟုတ်လား"

"အဖေရာ မနက်ဖြန်မနက်စောစော သူကြီးအိမ် ထပ်သွားကြည့်တာပေါ့"

သူတို့သားအဖနှစ်ယောက် မကျေမချမ်းနှင့် ပြောနေသည့် အတွက် ဒေါ်ရွှေအိကလည်း

"ရှင်တို့သူကြီးကို တိုင်ခဲ့တယ်မဟုတ်လား၊ အခု သူကြီးက ဘာပြောတုန်း"

"ရဲအောင်ကို စစ်မေးမယ်လို့ ပြောတာပဲ"

"ရိုးရိုးစစ်မေးလို့ ဘယ်ရမလဲ၊ ဖမ်းချုပ်ပြီး စစ်မေးမှဖြစ်မှာပေါ့၊ သားလေး ကို ရေနစ်သတ်တဲ့ကိစ္စပဲ၊ ရှင်တို့မပြောရင်နေ ကျွန်မကတော့ ဆယ်အိမ်မှူးခေါ်ပြီး သွားပြောမယ်"

ပြောပြောဆိုဆို ဒေါ်ရွှေအိ ထွက်သွားပြီး ဆယ်အိမ်မှူးကို အကျိုး အကြောင်း ပြောပြလိုက်သည်၊ ပြီးတော့ ဆယ်အိမ်မှူးနဲ့အတူ သူကြီးဆီ ထပ်သွား ခဲ့ကြ၏။ ဆယ်အိမ်ခေါင်းက သူကြီးကို ဖြစ်ရပ်မှန် အတိုင်းပြောပြပြီး ရဲအောင်ကို ဖမ်းချုပ်စစ်ဆေးဖို့ ပြောတဲ့အတွက် သူကြီးလည်း မငြင်းသာဘဲ ရဲအောင်ကို ဖမ်းဖို့လူလွှတ်လိုက်သည်။

မကြာခင်မှာ သူကြီး လွှတ်လိုက်တဲ့လူတွေ ပြန်လာခဲ့ကြသည်။ ဒါပေမဲ့ ရဲအောင်တော့ ပါမလာဘူး။

"ဟေ့ကောင်တွေ ရဲအောင်ကို ဘာလို့မဖမ်းခဲ့တာလဲ"

"ရဲအောင် မရှိတော့ဘူး၊ မြို့တက်သွားတယ်တဲ့"

"ဘယ်တော့ ပြန်လာမှာလဲ"

"အဲဒါလည်း မသိဘူးလို့ပြောတယ် သူကြီး"

တကယ်တော့ မင်းအောင်ကို သတ်မှုနဲ့ အမှုပေါ်မှာစိုးလို့ တင်မောင်နိုင် က ရဲအောင်ကို အရှောင်ခိုင်းထားတာပဲ။ အခုတော့ ရဲအောင် မရှိတော့ဘူးဆိုပြီး ခြေရာဖျောက်သွားလေရဲ့ ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)
## "ဘိုးဘိုးကြီးပေးတဲ့ ရွှေအိုးတစ်လုံး"

''ဟေ့ကောင် မင်းအောင် ချစ်သက်ရဲ့အဖေကြီး လေဖြတ်သွားလို့တဲ့''

''ဟင် ဟုတ်လား၊ ဘယ်တုန်းကဖြစ်တာလဲ''

''မနေ့ညနေက ဖြစ်တာတဲ့''

''ဘယ်လိုဖြစ်သွားတာလဲ ပြောပါဦး''

''မနေ့ညနေက လယ်ထဲကပြန်လာပြီး ရေချိုးလိုက်တာ တစ်ခွက်ပဲချိုး သေးတယ် သတိလစ်သွားတယ်တဲ့၊ အဲဒါနဲ့ ကျန်းမာရေးမှူး ကိုဖော်ဝင်းကိုခေါ် ပြီး ဆေးထိုးပေးလိုက်တယ်၊ ညကတော့ တစ်ညလုံး သတိလစ်နေတာ မနက် ၁ာတိရတော့ ညာဘက်တစ်ခြမ်း လှုပ်လို့မရတော့ဘူးတဲ့၊ အဲဒါနဲ့ ဟိုဘက်ရွာ ဆရာဝန်နဲ့ မနက်ကပြတယ်''

''ငါလည်း ညကတည်းက အဖေနဲ့ပိုက်ချတာ လိုက်နေလို့ ဘာ အဲဒီအကြောင်းတွေ မသိဘူး''

''ညက ချစ်သက်က မင်းကိုအဲဒီအကြောင်းလာပြောခိုင်းလို့ ငါ လာ သေးတယ်၊ မင်းအမေက မင်းနဲ့မင်းအဖေ ပိုက်ချသွားတယ်လို့ပြောလို့ ငါပြန်လာ ခဲ့တာ၊ အခုမနက်မှ ထပ်ပြီးလာပြောတာ''

''အေး အဲဒါဆိုရင် ချစ်သက်ရဲ့အဖေကို ငါသွားကြည့်လိုက်ဦးမယ်''

''ဒါဆို ငါနဲ့အတူတူသွားကြတာပေါ့''

ဖိုးချင်းက ဒီသတင်းကို လာပြောတဲ့အတွက် ဖိုးချင်းနဲ့အတူတူ ချစ်သက် ဆီကို လာခဲ့ကြသည်။ ဖိုးချင်းတို့အိမ်က ချစ်သက်တို့အိမ်နဲ့ ခြေရင်းခေါင်းရင်းမို့ ချစ်သက်တို့အိမ်မှာ ဘာအကြောင်းဖြစ်ဖြစ် ဖိုးချင်းတို့အိမ်က အတိုင်းသားကြား





နေရလို့ အားလုံးသိကြသည်။

မင်းအောင်တို့ရောက်သွားတော့ ဟိုဘက်ရွာကဆရာဝန်က ချစ်သက် တို့အဖေကို ဂလူးကို့စ်ပုလင်းကြီး ချိတ်ပေးထားသည်။ လိုအပ်တဲ့ ဆေးတွေပေးပြီး ပြန်သွားခဲ့၏။

ချစ်သက်ကိုကြည့်လိုက်တော့ မျက်ရည်စက်လက်နဲ့. . .။

''ချစ်သက် ဦးလေး ဘယ်လိုနေသေးလဲ''

''အဖေ လေဖြတ်သွားပြီ''

''သက်သာရဲ့လား''

''ကုတုန်းပဲ ရှိသေးတာမို့ မပြောတတ်ဘူး''

''အေး ငါလည်း ဖိုးချင်း လာပြောလို့သိတာ''

''ညကတည်းက ပြောခိုင်းလိုက်တာ''

''အစ်ကိုသိရင် ချက်ချင်းလာပါတယ်''

''သိပါတယ် အစ်ကို၊ ညက တင်မောင်နိုင်ကို ဘယ်သူက သွားပြော လိုက်လဲမသိဘူး။ မနက်မိုးလင်းလင်းချင်း ဟိုဘက်ရွာက ဆရာဝန်ကိုခေါ်ပြီး အဖေ့ကိုဆေးကုပေးခဲ့တယ်၊ လူနာအတွက်ဆိုပြီး အမေ့ကို ပိုက်ဆံတွေတစ်ထပ်ကြီး ပေးခဲ့တယ်၊ ဒါပေမဲ့ သူ့ရဲ့စကားကတော့ အဖေ့ကို နေကောင်းတဲ့အထိ တာဝန်ယူ ပြီး ကုပေးမယ်တဲ့၊ နောက်လမှာတော့ သူနဲ့ချစ်သက်လက်ထပ်ရမယ်တဲ့''

''ဟင် ဟုတ်လား''

''ဟုတ်တယ် ဒါနဲ့ အဖေမလည်း ဘယ်လိုမှမငြင်းနိုင်လို့ တင်မောင်နိုင် စကားကို သဘောတူလိုက်တယ်''

''ဖြစ်မှဖြစ်ရလေ ချစ်သက်ရယ်''

''အစ်ကိုရယ် ချစ်သက်ရဲ့အဖြစ်ကို ကယ်ပါဦး''

ချစ်သက်က မင်းအောင်ကို အားကိုးတကြီးနဲ့ပြောလိုက်တော့ မင်းအောင် လည်းရင်ဆို့သွားခဲ့သည်။

တစ်နေ့လုပ်မှ တစ်နေ့စား လှေဦးစိုးမှ ဝမ်းစိုတဲ့မိသားစု. . .။ ဒီလို မိသားစုဝင်တစ်ယောက်အဖို့ လေဖြတ်နေတဲ့သူမရဲ့အဖေကို ဘယ်လိုကုပေးရမလဲ။ စေတနာရှိပေမယ့် အသပြာမရှိတဲ့ဘဝမှာ ချစ်သူရဲ့မျက်နှာကို ဘယ်လိုကြည့်ပြီး ဘယ်လိုပြန်ပြောရမလဲ။ နှစ်သိမ့်စရာစကားတောင် ကောင်းကောင်းမရှိတဲ့ဘဝ ပါလား။

''ချစ်သက်ရယ် အားမလျှော့ပါနဲ့၊ တစ်လဆိုတဲ့အချိန်ဟာ အများကြီး ကျန်ပါသေးတယ်၊ အစ်ကို ကြိုးစားပါ့မယ် ဘာမှမပူပါနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုရယ် ချစ်သက်လည်း အဲဒီအရက်သမားနဲ့ လက်မထပ်ချင်ဘူး။ အစ်ကို့ကိုပဲ ယုံလိုက်မယ်"

"အင်းပါ ချစ်သက်လေးရယ်"

အင်းပါလို့သာ ပြောရသည် မင်းအောင်ရဲ့ရင်ထဲက နင့်နေသည်။ ချစ်သူကို တကယ်ပဲ ကယ်တင်နိုင်ပါ့မလား။ လူနာဆေးဖိုးနဲ့ မင်္ဂလာကြေးငွေဆိုရင် ဘယ်လောက်တောင်များလိုက်လေမလဲ။ ဘယ်လို ကြိုးစားပြီးရှာရပါ့မလဲ။ အတွေးတွေနဲ့ ချာချာလည်သွားခဲ့၏။

နောက်ဆုံးတော့ ချစ်သက်တို့အဖေကို အခြေအနေကြည့်ပြီး ပြန်လာခဲ့တယ်။ အိမ်ပြန်အရောက်မှာတော့ မင်းအောင်ရဲ့အဖေက. .

"ချစ်သက်ရဲ့အဖေ လေဖြတ်သွားတယ်ဆို"

"ဟုတ်တယ် အဖေ၊ ဖိုးချင်း လာပြောလို့ သွားကြည့်လိုက်တယ်"

"အခြေအနေ ဘယ်လိုရှိလဲ သား"

"လေတစ်ခြမ်းဖြတ်သွားလို့ စကားတောင် မပြောနိုင်ဘူး"

"ဒါဆိုရင် အခြေအနေမကောင်းဘူးပေါ့"

"ဟုတ်တယ် အဲဒီလို ဖြစ်နေတာကို တင်မောင်နိုင်ရောက်လာပြီး ဆရာဝန်လည်းခေါ်ပြီး ဆေးကုပေးတယ်၊ ပြီးတော့ စားဖို့သောက်ဖို့ ပိုက်ဆံလည်း ပေးတယ်တဲ့"

"တင်မောင်နိုင်က နဂိုကတည်းက စီးပွားရေးသမားပဲ၊ သူများ အင်းထဲကငါးတောင် နိုးသေးတာပဲ၊ အချိုးနိုးတော့ ချစ်သက်တို့မိသားစုကို ကူညီမှာ မဟုတ်ဘူး"

"ဟုတ်တယ် အဖေ၊ အဲဒီပိုက်ဆံတွေအပြင် မင်္ဂလာကြေးငွေတွေပါ ပေးဦးမယ်တဲ့၊ ချစ်သက်နဲ့တစ်လအတွင်း မင်္ဂလာဆောင်ဖို့ အခွင့်တောင်းထားတယ်တဲ့"

"ဒါဆိုရင်တော့ ငါ့သား အသည်းကွဲလာတာပေါ့"

"ဟုတ်ပါတယ် အဖေရယ်၊ သားလည်း ဘယ်လိုလုပ်ရမှန်းတောင် မသိဘူး"

"အဖေလည်း ဥစ္စာပစ္စည်းမရှိတဲ့သူဆိုတော့ ငါ့သားကို ဘာမှလုပ်မပေးနိုင်ဘူး။ အဖေ့ရဲ့အဘိုး မင်းရဲ့ဘိုးဘိုးကြီးရှိရင် ကောင်းမှာ"

"ဘာဖြစ်လို့လဲ အဖေ"

"ဘာဖြစ်ရမလဲ အဖေ့ရဲ့အဘိုးဟာ ဟိုတစ်ချိန်က ဒီရွာမှာ လယ်တွေ အများကြီးပိုင်တဲ့ သူဌေးကြီး ဦးဘိုးသာတဲ့၊ ဂျပန်ခေတ်တုန်းက လူဆိုးတွေက





အဘိုးကို ပြန်ပေးဆွဲသွားခဲ့တယ်၊ ပြန်ရွေးဖို့ပြောလို့ အဘွားက ရှိသမျှပစ္စည်းတွေ ရောင်းချပြီးတော့ သွားရွေးတာ၊ အဲဒီပစ္စည်းတွေကို ယူပြီး အဘိုးကိုသတ်ပစ်လိုက်တယ်၊ အဘိုးအလောင်းကို စိမ်းပြာအိုင် အင်းကြီးထဲကို ချပစ်လိုက်တယ်"

"ပစ္စည်းလည်း ယူသေးတယ်၊ လူလည်းသတ်တယ်ဆိုတာကတော့ ဒီလူတွေဟာ တော်တော်လူစိတ်ကင်းတဲ့လူဆိုးတွေပဲ"

"အေး ဟုတ်တယ် အစကတော့ ပစ္စည်းရပြီးရင် ပြန်လွှတ်မယ်လို့ စဉ်းစားထားတာနေမှာ၊ ကံဆိုးချင်တော့ လူဆိုးရဲ့မျက်နှာအုပ်ထားတဲ့ ပဝါစက ပြုတ်သွားတော့ အဘိုးရဲ့လယ်က စာရင်းငှားမှန်းအဘိုးက သိသွားလို့ အဘိုးကို သတ်ပစ်လိုက်တယ်၊ အဲဒီကိစ္စတွေလည်း နောက်မှသိတာ၊ အဲဒါနဲ့ အဘိုးရဲ့သမီးဖြစ်တဲ့ အဖေ့ရဲ့အမေနဲ့ အဘိုးရဲ့မိန်းမတို့ဟာ ပညာလည်းမတတ်ကြတော့ ဟိုလူလိမ် ဒီလူလိမ်နဲ့ ပစ္စည်းတွေ ကုန်သွားခဲ့တယ်၊ အမေတို့လက်ထက်ကစပြီး ဆင်းရဲလိုက်တာ အခုအထိ ပါပဲ"

"အဘိုးဘဝကလည်း သနားစရာပဲနော်"

"အေးပေါ့ သားရယ်၊ သားလည်း သိပ်မညစ်ပါနဲ့၊ ဖူးစာမှန်ရင်တော့ ချစ်သက်နဲ့ရမှာပဲ"

"သားလည်း ကြိုးစားပြီး ပိုက်ဆံရှာမှာပါ အဖေရယ်၊ ဒီရွာမှာနေပြီး ပိုက်ဆံရှာလို့မလွယ်ဘူး၊ မြို့တက်ပြီး ရရာအလုပ်လုပ်ပြီး ပိုက်ဆံရှာမလားလို့"

"ချစ်သက်က တစ်လအတွင်း လက်ထပ်မှာဆိုတော့ မြို့ပေါ်တက်ပြီး အလုပ်လုပ်လည်း ဒီလောက်များတဲ့ငွေတွေ ဘယ်ကရမှာလဲ"

"ဘယ်တတ်နိုင်မလဲ အဖေရာ"

"ငါ့သား စိတ်ညစ်နေမှန်း အဖေ သိပါတယ်၊ ညကျရင် အဖေနဲ့ပိုက်တန်းမလိုက်နဲ့၊ ဖိုးကျော်တို့အုပ်စုက အဖေနဲ့လိုက်မယ်တဲ့"

"ဟုတ်ကဲ့ပါ အဖေ၊ ငါးရရင် ဖိုးကျော်တို့အုပ်စုကိုလည်း ဟင်းစားပေးလိုက်ပါ"

"အေးပါကွာ ငါသိပါတယ်"

သူတို့သားအဖကား လက်လုပ်လက်စားဖြစ်သည့်တိုင် ကိုယ့်ထက်နိမ့်ကျသူများကို စာနာသနားကာ မျှဝေပေးသော စိတ်ဓာတ်ရှိသူများဖြစ်တယ်။

ညဦးရောက်တော့ ဦးလှမောင်လည်း ပိုက်ကွန်အပါအဝင် ငါးဖမ်းကိရိယာများကိုယူဆောင်ပြီး အိမ်မှထွက်ခွာသွားခဲ့၏။ အိမ်မှာတော့ သူ့အမေ ဒေါ်ရွှေအိနဲ့ မင်းအောင်ပဲ ကျန်ခဲ့ကြသည်။

ဒေါ်ရွှေအိက. .



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဖေ ကိုလှမောင်က ဟိုးအရင်ကတော့ ဆွေကြီးမျိုးကြီးပေါ့ကွယ်၊ အမေ့မှာ မင်းအဖေနဲ့လက်ထပ်တုန်းက မင်းအဖေရဲ့အမေက လက်ဖွဲ့ထားတဲ့ ကျားခေါင်းလက်ကောက်တစ်ရံတော့ ရှိသေးတယ်၊ အဲဒီလက်ကောက်က ရွှေနှစ်ကျပ်သားလောက်တော့ရှိတယ်၊ အဲဒါ မင်းမင်္ဂလာဆောင်ရင် တင်တောင်းဖို့အမေ တမင်မဝတ်ဘဲ သိမ်းထားတာ"

"အမေရယ် သားယောက်ျားပါ အမေရာ၊ သားအိမ်ထောင်ပြုတာ အမေတို့အတွက် အခက်အခဲ မဖြစ်စေရပါဘူး၊ အချိန်နည်းနည်း လောက်ရရင် သား ငွေရှာနိုင်ပါတယ် အမေရယ်"

အမေ့ရဲ့ရှေ့မှာ ဟန်လုပ်ပြီး ပြောရပေမယ့် ငွေရဖို့က မလွယ်ပါ။ မင်းအောင်လည်း ခပ်စောစောပဲ အိပ်ရာဝင်ခဲ့သည်။ အိပ်ရာဝင်ပေမယ့် အတွေးတွေက နှိပ်စက်နေလို့ တော်တော်နဲ့ အိပ်မပျော်ပါ။

"မင်းရဲ့ဘိုးဘိုးကြီးက ဒီရွာမှာ လယ်ကေတွေ အများကြီးပိုင်တဲ့ သူဌေးကြီး ဦးဖိုးသာ တဲ့၊ ဂျပန်ခေတ်က လူဆိုးတွေသတ်လို့ သေသွားတာ၊ သူ့အလောင်းကို စိမ်းပြာအိုင်ထဲမှာ ပစ်ချခဲ့တာ"

ဘာကြောင့်မှန်းမသိ။ သူ့အဖေပြောစကားများကို နားထဲမှာ ကြားယောင်နေမိသည်။ တဖြည်းဖြည်းနဲ့ ညဉ့်နက်လာတော့ သူလည်း မေ့ခနဲ အိပ်ပျော်သွားခဲ့၏။ အိပ်မက်ထဲမှာ သူတစ်ခါမှ မမြင်ဘူးတဲ့ အဘိုးကြီးတစ်ယောက်. . .။ ရှေးခေတ်က ဝတ်စားဆင်ယင်မှုပုံသဏ္ဌာန်နဲ့ သျှောင်တစ်စောင်းထုံးထားပြီး အပေါ်အင်္ကျီက တိုက်ပုံညာဖုံး ဖုံးထား၏။ ခြေထောက်မှာတော့ ရှူးဖိနပ်ကို ဝတ်ဆင်ထားသည်။

"လှမောင် လှမောင်"

သူက မင်းအောင်ရဲ့အဖေနာမည်ကိုခေါ်ပြီး အိမ်ရှေ့မှာ ရပ်နေသည်။ ဒါနဲ့ မင်းအောင်က အဲဒီအဘိုးကြီးနားကိုသွားပြီး

"အဘိုးက ဦးလှမောင်ကို တွေ့ချင်လို့လား"

"အေး ဟုတ်တယ်"

"အဖေ မရှိဘူး၊ ပိုက်တန်းသွားတယ်"

"ဒါဆို မင်းက လှမောင်သားပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို မင်းက ငါ့မြစ်ပဲ"

"အဘိုးက ဘယ်သူတုန်း"

"ငါက မင်းရဲ့ဘိုးဘိုးကြီး ဦးဖိုးသာပေါ့"





"ဒါဆို အဘိုးက သူဌေးကြီး ဦးဖိုးသာပေါ့ ဟုတ်လား"

"အေး ဟုတ်တယ်"

"ဒါဆိုရင် မြေးတို့အိမ်ပေါ်ကို တက်ပါဦး"

"အဘိုးက အိမ်ထဲဝင်လို့ မရဘူး"

"ဘာဖြစ်လို့လဲ အဘိုး"

"အဘိုးကို အိမ်စောင့်နတ်က ခွင့်မပြုဘူးကွဲ့"

"ဟင် ဟုတ်လား ဒါဆို အဖေ့ကို ဘာဖြစ်လို့ လာရှာတာတုန်း"

"မင်းအဖေကို အဘိုးက ပြောစရာရှိလို့ လာရှာတာပါ"

"အဖေမရှိလည်း မြေးကိုပြောလို့ရပါတယ်"

"ဘိုးဘိုးကြီးကို ဂျပန်ခေတ်တုန်းက လူဆိုးတွေက ဖမ်းပြီး သတ်လို့သေခဲ့ရတာ ဘိုးဘိုးကြီးရဲ့အလောင်းကို စိမ်းပြာအိုင်အင်းကြီးထဲကို ပစ်ချခဲ့တယ်၊ ဘိုးဘိုးကြီးဟာ ဥစ္စာပစ္စည်းတွေကို တွယ်တာတဲ့စိတ်ရယ်၊ မိသားစုကို စိတ်မချတဲ့စိတ်တွေကြောင့် စိမ်းပြာအိုင်မှာ အင်းစောင့်သရဲကြီး ဖြစ်ခဲ့တယ်"

"ဖြစ်မှဖြစ်ရလေ ဘိုးဘိုးကြီးရယ်"

"အခု ဘိုးဘိုးကြီးလာတာ ကိစ္စနှစ်ခုနဲ့ လာခဲ့တာပဲ"

"ပြောပါ ဘိုးဘိုးကြီး"

"ပထမကိစ္စက ဘိုးဘိုးကြီးတို့ အိမ်နောက်ဖေးက ကတက်ပင်ကြီးအောက်မှာ ရွှေဒင်္ဂါးတွေ ထည့်ထားတဲ့ အိုးတစ်လုံးမြှုပ်ထားတယ်၊ အဲဒါ မင်းတို့တူးပြီး ငါ့ကိုအမျှဝေပါ၊ နောက်တစ်ခုက စိမ်းပြာအိုင်အင်းထဲမှာ ငါးပြွတ်ကြီးမရှိတော့လို့ အန္တရာယ်ကင်းသွားပြီ၊ မင်းတို့သားအဖ ငါးလာဖမ်းလှည့်"

"ဘိုးဘိုးကြီးပြောတာ တကယ်လားဟင်"

"တကယ်ပေါ့ ငါ့မြေးရယ်၊ အဲဒါ မင်းအဖေလာရင် ပြောပြပါ"

"ဟုတ်ကဲ့ပါ ဘိုးဘိုးကြီး"

"အေး ဒါဆို ငါသွားတော့မယ်"

အဲဒီလိုပြောဆိုပြီး ဘိုးဘိုးကြီးလည်းပျောက် မင်းအောင်လည်း အိပ်ရာက လန့်နိုးခဲ့သည်။

အိပ်မက်ကလည်း ထင်ရှားလွန်းလို့ အိပ်မက်လေလား၊ တကယ်လား လို့တောင် ခွဲခြားဖို့ခက်နေ၏။

"အင်း အိပ်မက်ကတော့ အိပ်မက်ပါပဲ၊ ဒါပေမဲ့ ဘိုးဘိုးကြီး ကို ငါ တကယ် တွေ့လိုက်ရသလိုပဲ၊ ဘာပဲဖြစ်ဖြစ် အဖေလာရင် အိပ်မက်အကြောင်း ပြောပြမှပဲ"



www.burmeseclassic.com

www.burmeseclassic.com



သည့်လိုတွေးပြီး ပြန်အိပ်လိုက်သည်။ မနက်မိုးလင်းပြီး မကြာခင်မှာ ကိုလှမောင် ပြန်ရောက်လာခဲ့၏။

"အဖေ အဖေ့ကို သားပြောစရာရှိတယ်"

"ဘာပြောမလို့လဲ သား"

"သား ညကအိပ်မက်မက်တယ်၊ အိပ်မက်ထဲမှာ သားတို့တိုးဘိုးကြီး ဦးဖိုးသာနဲ့တွေ့တယ်"

"ညနေကပြောတဲ့စကားတွေကို ညဘက်မှာ အိပ်မက်မက်နေတာများလား"

"မဖြစ်နိုင်ဘူး အဖေ၊ အဲဒီအိပ်မက်က ထူးဆန်းတယ်"

"ဘယ်လိုထူးဆန်းတာလဲ"

"အိမ်နောက်ဖေးက ကတက်ပင်အောက်မှာ ရွှေဒင်္ဂါးတွေမြှုပ်ထားတယ်တဲ့၊ အဲဒီရွှေဒင်္ဂါးတွေကိုတူးပြီး ဘိုးဘိုးကြီးအတွက် အလှူအတန်းလုပ်ပြီး အမျှဝေပေးပါတဲ့"

"ဟေ ဟုတ်လား"

"နောက်တစ်ခုက စိမ်းပြာအိုင်မှာ ဘာအန္တရာယ်မှမရှိတော့လို့ ငါးလာဖမ်းပါတဲ့"

"ဟာကွာ မင်းရဲ့အိပ်မက်ကလည်း ကောင်းလိုက်တာကွာ",

"ဟုတ်တယ် အဖေ၊ သားရဲ့အိပ်မက် မှန်မမှန်သိရအောင် ကတက်ပင်အောက်ကို ညကျရင် တူးကြည့်ရင်မကောင်းဘူးလား"

"အေး ညလူခြေတိတ်မှ တူးရမယ်၊ သူများသိလို့ မဖြစ်ဘူး"

"အဖေ အဲဒါ အမေ့ကိုတော့ အသိပေးလိုက်ဦး"

"အေးပါ မင်းအမေကိုပြောဖို့ ငါတာဝန်ထား"

မုန့်ဆီကြော်က ဘယ်နေမှန်းမသိဘူး။ သူတို့သားအဖနှစ်ယောက်ကတော့ စိတ်ကူးနဲ့ဝမ်းသာနေကြသည်။ ညအချိန်ကိုရောက်ဖို့ အကြာကြီး စောင့်ဆိုင်းနေရတယ်လို့ ထင်နေမိ၏။

ညလူခြေတိတ်ချိန်မှာ သားအဖနှစ်ယောက်ဟာ မီးအုပ်ဆောင်းကိုထွန်းပြီး ပေါက်တူး ဂေါ်ပြားစတဲ့ တွင်းတူးတဲ့ကိရိယာတွေကိုယူပြီး ကတက်ပင်အောက်ကို သွားခဲ့ကြသည်။

"အဖေ ကတက်ပင်အောက်ရောက်ပြီ၊ သား အရင်စတူးမယ်"

မင်းအောင်က ပြောပြောဆိုဆို စတင်တူးလိုက်သည်။ သူ့အဖေကလည်း ဂေါ်ပြားနဲ့မြေကြီးတွေကိုကော်လိုက်သည်။ မြေကြီးအနက် နှစ်ပေလောက်ရောက်တော့ . .





"ဒုတ်"

"အဖေရေ ဒုတ်တဲ့"

"အေး အဲဒီနေရာကို ထပ်တူးကြည့်"

မင်းအောင်လည်း ထိုနေရာအနီးတဝိုက်ကို သတိနဲ့ထားပြီး တူးလိုက်တော့ . .

"အဖေ အိုးတစ်လုံးပေါ်လာပြီ"

"အေး အပေါ်ကိုဆွဲတင်လိုက်"

အပေါ်ကိုရောက်လို့ အိုးကိုဖွင့်လိုက်တယ်ဆိုရင်ပဲ . .

"အဖေရေ ရွှေဒင်္ဂါးတွေအများကြီးပဲ"

"အေးကွာ ရွှေဒင်္ဂါးတွေ အများကြီးပဲ၊ ဝမ်းသာလိုက်တာကွာ"၊

"အဖေရေ ဒီအိုးကို ဘယ်သူမှမမြင်အောင် အိမ်ပေါ်ကိုယူသွားပါ၊ သား ဒီမြေကြီးတွေကို ပြန်ပြီးညှိလိုက်ဦးမယ်"

"အေး အေး"

ဦးလှမောင်လည်း ရွှေဒင်္ဂါးကို အိမ်ပေါ်ကိုယူသွားပြီး ဒေါ်ရွှေအိ ကိုပြလိုက်သည်။

"အမလေး ငါ့သားလေးရဲ့အိပ်မက်က မှန်လိုက်တာ၊ ကိုလှမောင် ကျုပ်တို့တော့ သူဌေးဖြစ်ပြီ"

"အေး အဲဒါ ဘယ်သူမှမသိမှဖြစ်မယ်"

"ဟုတ်တယ်တော့"

"မနက်ဖြန်ကျရင် ရွှေဒင်္ဂါးတချို့တစ်ဝက်ယူပြီး မြို့မှာသွားရောင်းမယ်၊ အဲဒီငွေနဲ့ ဘုန်းကြီးငါးပါးဆွမ်းကပ်ပြီး အဘိုးကို အမျှဝေရမယ်"

"ကောင်းပါလေရဲ့တော်"

သူတို့မိသားတစ်စုလုံး အရမ်းဝမ်းသာခဲ့ကြတယ်။

နောက်တစ်နေ့ မနက်စောစောမှာ ကိုလှမောင်တို့လင်မယားဟာ မြို့ပေါ်ကို တက်သွားခဲ့ကြသည်။ သူတို့ဟာ မြို့ပေါ်မှာ ရွှေဒင်္ဂါးတွေကို ရောင်းပြီး ဘုန်းတော်ကြီးတွေအတွက် ဆွမ်းကပ်ဖို့ ပစ္စည်းတွေဝယ်ပြီး ပြန်လာခဲ့ကြသည်။

နောက်တစ်နေ့ မနက်မှာတော့ မင်းအောင်တို့အိမ်မှာ ဘုန်းကြီးငါးပါး ဆွမ်းကျွေးပြီး အမျှအတန်း ပေးဝေခဲ့သည်။ စိမ်းပြာအိုင်မှာလည်း ဘိုးဘိုးကြီးနဲ့တကွ အားလုံးကို အမျှအတန်း ထပ်ဝေခဲ့၏။

အဲဒီညမှာတော့ သားအဖနှစ်ယောက်ဟာ . .

ကြောက်ကြောက်နဲ့ စိမ်းပြာအိုင်ကိုလာပြီး ငါးပိုက်တန်းခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကျလို့ ပိုက်ကိုဖော်လိုက်တော့ အင်းထဲက ငါးဆယ်ပိဿာ လောက်ရခဲ့၏။ မနက်မိုးမလင်းခင် ဒိုင်ကိုပို့ပြီး ငါးရောင်းခဲ့သည်။ ငွေတွေ တစ်ထွေး တစ်ပိုက်နဲ့ ပြန်လာခဲ့ကြသည်။

မင်းအောင် အမေဒေါ်ရွှေအိကလည်း ငွေတွေအများကြီးရလို့ ပျော်တပြုံး ပြုံးနဲ့ပေါ့။ မင်းအောင်လည်း ငွေအချို့ကို ယူလာပြီး

"ချစ်သက်ရေ နင့်အဖေကိုဆေးကောင်းကောင်းကုလို့ ရပြီ ဒီမှာပိုက်ဆံတွေ"

"အစ်ကို ပိုက်ဆံတွေအများကြီးပါလား၊ ဘယ်ကရသလဲ"

"ဒါကိုမမေးပါနဲ့၊ ဒါပေမဲ့ အစ်ကို့ရဲ့ပိုက်ဆံက သန့်ရှင်းတဲ့ပိုက်ဆံ မို့ ချစ်သက်ရဲ့အဖေအတွက် ဆေးကုပေးပါ၊ နောက်ဆို တင်မောင်နိုင်ရဲ့ ပိုက်ဆံ မယူနဲ့တော့၊ အားလုံး အစ်ကိုပဲတာဝန်ယူသွားတော့မယ်"

"အစ်ကိုရယ် အစ်ကို့ပိုက်ဆံတွေရလာလို့ ဝမ်းသာလိုက်တာ အစ်ကိုရယ်"

"တင်မောင်နိုင်ဆီက ချစ်သက်တို့ယူထားတဲ့ပိုက်ဆံတွေကိုလည်း အစ်ကို ပြန်အမ်းပေးလိုက်မယ် သိလား"

"အစ်ကိုက တင်မောင်နိုင်ရဲ့ပိုက်ဆံကို ပြန်အမ်းနိုင်လို့လား၊ သူပေးထား တာ ငွေအများကြီးပဲ"

"ဘယ်လောက်များများ အစ်ကို ပြန်အမ်းနိုင်ပါတယ် ချစ်သက်ရယ်"

"အစ်ကို ပြန်အမ်းနိုင်မှဖြစ်မှာ၊ မနက်ဖြန်ဆိုရင် သူနဲ့လက်ထပ်ဖို့ တစ် ဆယ့်ငါးရက်ပဲ လိုတော့တယ်၊ အဲဒါ ခန်းဝင်ပစ္စည်းတွေနဲ့ ဖိတ်စာရိုက်ဖို့ တင် မောင်နိုင် လာတော့မှာ"

"ဒါဆို မနက်ဖြန်မှာ အစ်ကိုက သူ့ကို အမ်းဖို့ပိုက်ဆံ ယူလာခဲ့မယ်၊ ချစ်သက်ကို သူ မရစေရဘူး"

"ဝမ်းသာလိုက်တာ အစ်ကိုရယ်"

ချစ်သူနှစ်ဦးမှာ အခက်အခဲ အကြပ်အတည်းက လွန်မြောက်ရတော့ မယ်ဆိုတော့ ကြည်နူးမဆုံး . . ပျော်တပြုံးပြုံးပေါ့ . . ။

ဒါပေမဲ့ သူတို့နှစ်ယောက်စလုံးရဲ့စိတ်မှာ . . .

တင်မောင်နိုင်ကို အလွယ်တကူ ကျော်ဖြတ်နိုင်ပါ့မလား . .

အနိုင်ယူနိုင်ပါ့မလား . . အရှုံးတွေနဲ့ရင်ဆိုင်ရဦးမလားဆိုတဲ့ အတွေးတွေနဲ့ ရင်သိမ့်တုန်နေခဲ့ကြသည်။

မနက်ဖြန်မှာတော့ တင်မောင်နိုင်နဲ့ ရင်ဆိုင်ဖြေရှင်းရမှာမို့ ရင်မှာ တထိတ်ထိတ်ခုန်နေသည်။

■ ■ ■



## အခန်း (၁၃)
## "အင်းစောင့်သရဲကြီး ဦးဘိုးသာ"

မင်းအောင် သူ့အဖေနဲ့ရက်ရွာလူကြီးအချို့ပါ ချစ်သက်တို့အိမ်မှာရောက် နှင့်နေကြပြီ။ ချစ်သက်တို့ယူထားတဲ့ငွေကို ပြန်လျော်ဖို့အတွက် အားလုံး ပြင်ဆင် ထားကြသည်။ သိပ်မကြာခင်မှာ တင်မောင်နိုင်နဲ့ သူ့အဖွဲ့ဝင်သုံးလေးယောက်တို့ ရောက်လာခဲ့ကြသည်။

ထူးဆန်းတာက သူ့ရဲ့ညာလက်ရုံး ညိုကြီးနဲ့ ဘယ်လက်ရုံး ရဲအောင်တို့ ပါမလာဘူး။ ဘယ်လာမလဲ ရဲအောင်က မင်းအောင်ကို သတ်ရန်ကြံစည်မှုနဲ့ မြို့ပေါ်တက်ပြေးနေခဲ့သည်။ ညိုကြီးကလည်း ရဲအောင်နဲ့အတူ မြို့ပေါ်ကို လိုက် သွားခဲ့၏။ သူတို့ဟာ တင်မောင်နိုင်နဲ့ မြို့ပေါ်မှာနေကတည်းက အတူတူနေကြတဲ့ ပါတနာတွေ . . ။

တင်မောင်နိုင် ရောက်လာတော့ . .

"ဟော မောင်တင်မောင်နိုင် ရောက်လာပြီ ထိုင်ပါ ထိုင်ပါ"

ရပ်ရွာလူကြီးအချို့က ဖိတ်ခေါ်လိုက်သည်။ တင်မောင်နိုင်ကပါ လူကြီး တွေတွေ့လို့ အံ့ဩနေ၏။

ရပ်ရွာလူကြီးထဲက တစ်ဦးက . .

"မောင်တင်မောင်နိုင်ကို စကားပြောချင်လို့ ဦးလေးတို့ စောင့်နေကြတာ"

"ဟုတ်လား ဘာကိစ္စရှိလို့လဲ ပြောပါ"

"ပြောရမယ့်အကြောင်းကတော့ ချစ်သက်ရဲ့အဖေနဲ့အမေက မောင်တင် မောင်နိုင်ထံမှာ ဆေးကုသမှုအတွက် ငွေကြေးယူထားတယ် ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"အဲဒီငွေကြေးကို ပြန်ဆပ်ချင်လို့ပါ"

"ခင်ဗျာ"

တင်မောင်နိုင်က အံ့သြသွားပြီး အာမေဋိတ်သံ ထွက်ပေါ်လာသည်။ ပြီးတော့မှ . .

"ငွေပြန်ဆပ်ချင်လို့တော့ ဘယ်ရမလဲ ကျွန်တော်က ချစ်သက်နဲ့ လက်ထပ်ဖို့ပေးထားတာ"

"ဒီလိုပါ မင်းကိုချစ်သက်က လက်မထပ်နိုင်လို့ ဒီငွေကို ပြန် အမ်းတာ"

"ဦးလေးတို့ ဒီလိုလုပ်လို့ မရဘူးလေ၊ ချစ်သက်နဲ့လက်ထပ်ဖို့ သူ့မိဘတွေနဲ့ ကျေကျေလည်လည် ပြောပြီးသားပဲ"

"ဟုတ်တယ် အဲဒီတုန်းက ချစ်သက်က လက်ထပ်မယ်ဆိုတာ မသိလို့ လက်ခံလိုက်တာ၊ အခု သူက မင်းအောင်နဲ့လက်ထပ်မှာ၊ ဒါကြောင့် မင်းအောင်တို့ဘက်က မင်္ဂလာကြေးတင်တောင်းငွေနဲ့လျော်တာ"

"ဒီလို ကတိမတည်တာမျိုး ကျွန်တော် လက်မခံဘူး၊ ဒီလို အလျော်ပေးတဲ့ငွေလည်း မယူဘူး။ အရင်ကပြောထားတဲ့အတိုင်းပဲ သတ်မှတ်ထားတဲ့ နေ့ရက်မှာ ချစ်သက်နဲ့လက်ထပ်မှာပဲ"

"မောင်ရင် ဒီလိုအနိုင်ကျင့်လို့ မရဘူးလေ"

"ဦးလေးတို့ကသာ ကျွန်တော့်ကို အနိုင်ကျင့်တာပါ၊ သူ့မိဘနဲ့ ကောင်းပြီကောင်းရဲ့ ပြောထားတဲ့ဥစ္စာ၊ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့ ချစ်သက်က လက်မခံတာလဲ၊ ဦးလေးတို့ မတရားမလုပ်နဲ့၊ ကျွန်တော် သူကြီးနဲ့သွားတိုင်မှာ"

ထိုသို့ ရုတ်ရုတ်သဲသဲ ဖြစ်နေစဉ် သူကြီးနှင့်ပြည်သူ့ရဲတပ်ဖွဲ့ဝင်များသည် ချစ်သက်တို့အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ကြ သည်။

"သူကြီး ရောက်လာတာနဲ့ အတော်ပဲ၊ ကျွန်တော့်ကို ဒီလိုတွေ ဝိုင်းပြီး အနိုင်ကျင့်နေလို့ ကြည့်လုပ်ပါဦး"

တင်မောင်နိုင်က သူကြီးရဲ့လက်ကိုဆွဲပြီး တောင်းပန်တဲ့ဟန်နဲ့ ပြောလိုက်တယ်။ သူကြီးက ဘာမှမပြောနိုင်ခင် ဒုရဲအုပ်က

"တင်မောင်နိုင် မင်း သူကြီးကို ဘာမှအကူအညီတောင်းမနေနဲ့၊ အခု ငါတို့က မင်းကိုဖမ်းဖို့လာခဲ့တာ"

"မဖမ်းပါနဲ့ ရဲအုပ်ကြီးရယ်၊ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ"

"မင်းအပြစ်ကို မင်းမသိဘူးလား"

"ကျွန်တော့်မှာ ဘာမှအပြစ်မရှိဘူး"





တင်မောင်နိုင်ကလည်း ခပ်မာမာ ပြန်ပြောလိုက်၏။

"အေး မင်းမှာအပြစ်ရှိလား မရှိလားဆိုတာ ဒီမှာ မင်းရဲ့အဖွဲ့ဝင်တွေဖြစ်တဲ့ ညိုကြီးတို့ ရဲအောင်တို့က အားလုံးဝန်ခံပြီးပြီ ဒီမှာကြည့်"

ရဲများရဲ့နောက်မှာ လက်ထိပ်ခတ်ထားတဲ့ ညိုကြီးနဲ့ရဲအောင်ကို ထုတ်ပြလိုက်သည်။

"ဆရာကြီး မြို့ပေါ်မှာ ကျွန်တော်တို့လုပ်ခဲ့တဲ့ မူးယစ်ဆေးဝါး ကိစ္စတွေ ပေါ်လာလို့ ဝန်ခံလိုက်မိပါတယ် ဆရာကြီး"

"ကိုင်း မူးယစ်ဆေးဝါးဂိုဏ်းရာဇာ တင်မောင်နိုင် ကောင်းကောင်း အဖမ်းခံပါ"

"ကျုပ် ကျုပ်ကို မဖမ်းနဲ့၊ မဖမ်းနဲ့"

တင်မောင်နိုင်က အဖမ်းခံရမှာစိုးလို့ ထွက်ပြေးမယ်အလုပ် ဒုရဲအုပ်အပါအဝင် ရဲတပ်ဖွဲ့ဝင်တွေက ဖမ်းဆီးလိုက်သည်။ တင်မောင်နိုင်လည်း ရှုန်းရင်းကန်ရင်းနဲ့ ပါသွားခဲ့သည်။ ရဲတွေရဲ့ပြောပြချက်အရ သူကြီးလည်း အခုမှပဲ တင်မောင်နိုင်ရဲ့ အကြောင်းကို ကောင်းကောင်း သိခဲ့သည်။

တင်မောင်နိုင်ဟာ အရင်တုန်းက ရန်ကုန်မြို့ အင်းစိန်မှာနေသူ၊ သူဟာ မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချရာက မူးယစ်ဆေးဝါးဂိုဏ်း ခေါင်းဆောင်အဖြစ် မြန်မာတစ်နိုင်ငံလုံးကို ဖြန့်ဖြူးခဲ့သည်။ အဲဒီ တုန်းကတည်းက ညိုကြီးနဲ့ရဲအောင်တို့ဟာ သူ့ရဲ့လက်ထောက်တွေ။ တင်မောင်နိုင်ကို မူးယစ်ရာဇာအဖြစ် ဖြန့်ဖြူးနေလို့ ရဲကသတင်းရသွားပြီး လိုက်ဖမ်းနေလို့ မင်းအောင်တို့ရွာမှာ ပုန်းရှောင်ရင်း အင်းလုပ်ငန်းကိုလုပ်ကိုင်ခဲ့သည်။

ဖြစ်ချင်တော့ ရဲအောင်ဟာ မင်းအောင်ကို သေကြောင်းကြံစည်မှုနဲ့ ဒီရွာမှာမနေရဲလို့ ရန်ကုန်ကို ပြန်သွားခဲ့သည်။ ရဲအောင်နဲ့ညိုကြီးနဲ့ အင်းစိန်ကတိုက်ခန်းမှာခေတ္တနေထိုင်တုန်း အခြေအနေစောင့်နေတဲ့ ရဲကဖမ်းလိုက်သည်။

သူတို့နှစ်ဦးကို ရဲက စစ်ဆေးတဲ့အတွက် ဘယ်လိုမှမငြင်းသာဘဲ ဒီရွာမှာရှိကြောင်း ပြောပြလိုက်ရသည်။ ဒါနဲ့ တင်မောင်နိုင်ကိုဖမ်းဖို့ ဒုရဲအုပ်နဲ့ ရဲတပ်သားတွေဟာ သူကြီးကို အကြောင်းကြားပြီး လာရောက် ဖမ်းဆီးခဲ့တာ ဖြစ်သည်။

ဒီတော့ ချစ်သက်နဲ့မင်းအောင်အတွက် တစ်ရန်ငြိမ်းသွားပြီလို့ ပြောရမှာပဲ။

မကြာခင်မှာတော့ . .

မင်းအောင်နဲ့ချစ်သက်တို့ရဲ့ လက်ထပ်မင်္ဂလာပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ



www.burmeseclassic.com

www.burmeseclassic.com



ကျင်းပနိုင်ခဲ့တယ်။ ကာလသားများနဲ့ အမျိုးသမီးအဖွဲ့တွေလည်း ပါဝင်ခဲ့ကြတယ်။ တစ်ရွာလုံး ပျော်ရွှင်ကြည်နူးရတဲ့ မင်္ဂလာပွဲကြီးပေါ့ . . .။

■ ■ ■

မင်းအောင်နဲ့ချစ်သက်တို့ရဲ့ အိမ်ထောင်ရေးခရီးဟာ ဆူးငြောင့် ခလုတ်ကသင်းမရှိ ချောမောပြေပြစ်ခဲ့သည်။ နောက်တစ်နှစ်မှာတော့ စီမံပြာအိုင်အင်းကို မင်းအောင်က လေလံဆွဲခဲ့သည်။ အားလုံးက အံ့သြသွားခဲ့ကြသည်။ မင်းအောင်တို့အတွက်မှာ တစ်နှစ်ပတ်လုံး ငါးရှာခဲ့တဲ့ အင်းကြီးပဲ။

ဒီလိုနဲ့ မင်းအောင်လည်း အင်းပိုင်ရှင်တစ်ယောက် ဖြစ်လာခဲ့ပြီး အင်းကလည်း ဝင်ငွေကောင်းသလို ရွှေဒင်္ဂါးတွေလည်း အများအပြားရှိတာမို့ သူတို့မိသားစုဟာ တောသူဌေးဘဝကို ရောက်ရှိလာခဲ့သည်။

တစ်နေ့မှာ ချစ်သက်က . . .

"အစ်ကိုရေ အခုအတောအတွင်း နေရတာမကောင်းလို့ လက်သည်ဒေါ်ဖွားညွန့်ကို သွားပြတော့ ကိုယ်ဝန်သုံးလရှိပြီတဲ့"

"ဝမ်းသာလိုက်တာ ချစ်သက်ရယ်၊ အဖေတို့ အမေတို့သိရင် ဘယ်လောက် ဝမ်းသာလိုက်မလဲ"

"ဟုတ်တယ် အစ်ကိုရဲ့"

"ဒါဆို အမေနဲ့အဖေ့ကို သွားပြောမယ်ပဲ"

မင်းအောင်က ချစ်သက်ရဲ့လက်ကလေးကိုဆွဲပြီး သူ့မိဘထံ မှောက်အရောက်လာခဲ့သည်။

"အမေနဲ့အဖေ အမေတို့တော့ မကြာခင် မြေးချီရတော့မယ်"

"ဟင် ဟုတ်လား။ ချစ်သက်မှာ ကိုယ်ဝန်ရှိနေပြီပေါ့ ဟုတ်လား"

ဒေါ်ရွှေအိက ဝမ်းသာအားရ မေးလိုက်တယ်။

"ဟုတ်တယ် အမေ၊ ချစ်သက်မှာ ကိုယ်ဝန်သုံးလရှိပြီ"

"အေး ကောင်းတာပေါ့ကွာ၊ ငါတို့မသေခင် မြေးချီရတာပေါ့"

ဦးလှမောင်ကလည်း ဝမ်းသာစွာ ပြောလိုက်၏။

ဦးလှမောင်တို့အိမ်ကနေ ချစ်သက်မိဘအိမ်ကို သွားခဲ့ကြသည်။ ချစ်သက်ရဲ့မိဘနှစ်ပါးကလည်း အလွန်ဝမ်းသာခဲ့ကြသည်။ ချစ်သက်ရဲ့ အဖေလည်း လေဖြတ်ထားတဲ့ရောဂါ တော်တော်သက်သာလာပြီး လမ်းလျှောက်နိုင်တဲ့ အခြေအနေအထိ ရောက်လာခဲ့သည်။

ဒီလိုနဲ့ ချစ်သက်ဟာ သန္ဓေသားကို ကိုးလလွယ်ပြီးဆယ်လ အရောက်မှာတော့ အိမ်မှာပဲ လက်သည်ဒေါ်ဖွားညွန့်နဲ့မွေးဖွားခဲ့သည်။





"ယောကျ်ားလေးတော့ ယောကျ်ားလေး"

ဒေါ်ဖွားညွန့်ရဲ့အသံကြောင့် မီးနေစောင့်နေတဲ့ မင်းအောင်လည်း

"ယောကျ်ားလေးတဲ့ သားလေး သားလေးပေါ့"

မမြင်ရသေးတဲ့ ရင်သွေးကလေးအတွက် ဝမ်းသာပီတိတွေဖြာပြီး . . .

"အဖေရေ သားလေး တဲ့"

"အေး အေး"

မကြာခင်မှာ အနှီးနဲ့ထုတ်ထားတဲ့ သားကလေးကို ဒေါ်ရွှေအိက ပွေ့ပြီး

"ကိုလှမောင်ရေ ဒီမှာကြည့်ပါဦး ရှင့်မြေးကြီးကို"

"ဝဝတုတ်တုတ်နဲ့ ချစ်စရာလေးပဲ"

တိုစဉ် ချစ်သက်အမေကလည်း မီးနေခန်းမှထွက်လာပြီး

"ကျုပ်တို့မြေးလေးက အသားဖြူဖြူ နှာတံပေါ်ပေါ်နဲ့ ချစ်စရာကြီးပါတော်"

မိသားစုအားလုံး ပျော်ရွှင်ကြည်နူးနေခဲ့ကြသည်။

သားကလေးကို အားလုံးက 'မင်းဘုန်းမြတ်' လို့ နာမည်ပေးခဲ့ကြသည်။

သားကလေးမွေးလာတဲ့အချိန်မှာ ဦးလှမောင်တို့မိသားစုဟာ ပြည့်ပြည့်စုံစုံ ဖြစ်နေတဲ့အတွက် မင်းဘုန်းမြတ်ကလေးဟာ ချမ်းသာစွာ ကြီးပြင်းလာခဲ့သည်။

ဒီလိုနဲ့ တစ်နှစ်ကျော်ကျော်လောက် အချိန်လောက်မှာ . . .

မင်းဘုန်းမြတ်ကလေးဟာ စကားမပီကလာ ပီကလာနဲ့ စပြောလာခဲ့သည်။ အဲဒီအချိန်ကစပြီး အလွန်ထူးခြားဆန်းကြယ်တဲ့အဖြစ်တွေကို သိလာခဲ့ရသည်။

"သားသားနာမည် ဘယ်သူလဲ"

မင်းအောင်က သားလေးကို ဒီလိုမေးလိုက်သည်။

"မင်းဘုန်းမြတ်လို့ ပြောလိုက်လေ"

ချစ်သက်က သားလေးကို ပြန်ပြောခိုင်းလိုက်သည်။

အဲဒီတော့ သားကလေးက ဘာပြန်ပြောလိုက်သလဲဆိုတော့

"ငါ့နာမည် ဘိုးသာ"

"ဟင်"

"အို"

မင်းအောင်ရော ချစ်သက်ပါ အရမ်းအံ့အားသင့်သွားသည်။ ဒါနဲ့ မင်းအောင်က

"သားလေးနာမည် ဘာလဲ ပြန်ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့နာမည် ဘိုးသာ"

"ဘိုးသာ ဟုတ်လား"

"ဟုတ်တယ်"

အဲဒီသို ပြောပြီး အိမ်ခေါင်းရင်းမှာသွားထိုင်နေသည်။ နောက်ထပ် ဘာမေးမေး ဘာမှပြန်မပြောတော့ဘူး..။ ဒါနဲ့ မင်းအောင်လည်း အရမ်း အံ့သြပြီး ဦးလှမောင်နဲ့ ဒေါ်ရွှေအိကို ပြောပြတော့...

"အဖေနဲ့အမေ သားလေးက သူ့နာမည်မေးတော့ ငါ့နာမည် ဘိုးသာလို့ ပြောတယ်၊ အဲဒါ ဘယ်လိုဖြစ်နိုင်သလဲ အဖေ"

"ဟေ ဟုတ်လား၊ ဘိုးသာဆိုရင် မင်းဘိုးဘိုးကြီး ဝင်စားတာလား မသိဘူး"

"အင်း ဟုတ်တယ်နော် အဖေ၊ ဦးဘိုးသာက သားရဲ့ဘိုးဘိုးကြီးပဲ"

မင်းအောင်က ဤသို့ပြောစဉ် ဒေါ်ရွှေအိကလည်း

"ဘိုးဘိုးကြီးက သူ့ကိုအမွေအတန်းတွေ ပေးလိုက်လို့ ကျွတ်လွတ်သွားပြီး ချစ်သက်ရဲ့ဝမ်းထဲမှာ ဝင်စားတာနေမှာ"

"အမေပြောတာ ဖြစ်နိုင်တယ် အမေ၊ သားကို ဘိုးဘိုးကြီးက အိပ်မက်ထဲမှာ သူ့အတွက် ဆွမ်းကျွေးပြီးအမျှပေးဖို့ ပြောခဲ့တာဆိုတော့ သားတို့ပေးတဲ့ အမျှရပြီး ကျွတ်တန်းဝင်သွားတာနဲ့တူတယ်"

"အေးလေ ဘာပဲဖြစ်ဖြစ် ဘိုးဘိုးကြီး ဝင်စားတယ်ဆိုတော့ ပိုပြီး ဝမ်းသာရမှာပေါ့"

ဘိုးဘိုးကြီး ဝင်စားမှန်းသိသွားတဲ့အတွက် မိသားစုဟာ ပိုပြီး ဝမ်းသာသွားခဲ့ကြသည်။ အဲဒီကလေးကိုလည်း ပို၍အရေးတယူ ပြုစုခဲ့ကြသည်။

မင်းဘုန်းမြတ်ကလေး ငါးနှစ်အရွယ်လောက်မှာတော့.. သူဟာ ပြည့်ပြည့်စုံစုံ ပြောနိုင်လာခဲ့သည်။

သူပြောပြတဲ့အကြောင်းကတော့ 'စိမ်းပြာအိုင်က သရဲ' အကြောင်း လို့ တောင် ပြောရမလိုပဲ။

အချိန်ကတော့ ဂျပန်ခေတ် အချိန်ကာလ..

မြို့ရွာတွေမှာသာ အစိုးရအာဏာထိရောက်ပေမယ့် ရွာသိမ် ရွာငယ် ကလေးတွေမှာတော့ သူခိုးဓားပြ အစရှိတဲ့သူခိုးတွေ သောင်းကျန်းနေခဲ့သည်။

ဒီရွာမှာတော့ လယ်ပိုင်ရှင် ဦးဘိုးသာဟာ သူဌေးစာရင်းဝင်ပေါ့။ ဦးဘိုးသာဟာ ချမ်းသာသလောက် ကပ်စေးနည်းသည်။ သူ့တပည့်တွေအပေါ်မှာလည်း ငွေရေးကြေးရေးနဲ့ပတ်သက်ရင် သိပ်မကြည်တဲ့အပိုင်းတွေလည်း ရှိ၏။





အဲဒါကို သူ့ရဲ့စာရင်းငှား ထွန်းလှိုင်က မကျေနပ်ဘူး။ တစ်နေ့မှာ ထွန်းလှိုင်က လူဆိုးတွေနဲ့တိုင်ပင်ပြီး ဦးဘိုးသာကို ပြန်ပေးဆွဲခဲ့သည်။ ဦးဘိုးသာရဲ့အိမ်ကို ငွေတောင်းလိုက်သည်။ ဦးဘိုးသာရဲ့မိန်းမကလည်း ရွှေတွေကို ထုခွဲပြီး ငွေရှာရတဲ့ အတွက် နှစ်ရက်လောက် အချိန်ကုန်သွားခဲ့သည်။

အဲဒီနေ့က ချိန်းထားတဲ့နေ့။ ငွေနဲ့ဦးဘိုးသာကို အလဲအလှယ် လုပ်ဖို့ စီစဉ်ထားသည်။ အဲဒီအချိန်မှာ ထွန်းလှိုင်ရဲ့မျက်နှာမှာ ဖုံးအုပ်ထား တဲ့မျက်နှာဖုံးဟာ ရုတ်တရက် ပြုတ်ကျသွားလို့ ထွန်းလှိုင်မှန်း ဦးဘိုးသာက သိသွားခဲ့သည်။

"မင်း မင်း လူမှဟုတ်သေးရဲ့လား၊ သားရေပေါ်အိပ် သားရေနားစားတဲ့ ကောင်၊ မင်းကို ထောင်ထဲ ထည့်မယ်"

ဦးဘိုးသာဟာ စိတ်ဆိုးဆိုးနဲ့ ကြိမ်းဝါးလိုက်တော့ ဦးထွန်းလှိုင်လည်း အဖြစ်မှန်ပေါ်သွားမှာစိုးလို့

"ဟဲ ကွာ"

ဆိုပြီး ဦးဘိုးသာရဲ့ရင်ဘတ်ထဲကို ဓားနဲ့ထိုးသွင်းပြီး သတ်လိုက်သည်။ နောက်တော့ ဦးဘိုးသာကို လူအရောက်အပေါက်နည်းတဲ့ စိမ်းပြာအိုင်အင်းကြီး ထဲကို ပစ်ချလိုက်သည်။ ဦးဘိုးသာရဲ့အိမ်က လာရွေးတဲ့ပိုက်ဆံကိုလည်း မလိမ့် တစ်ပတ်နဲ့ ယူလိုက်သေးသည်။ ဒါပေမဲ့ ထွန်းလှိုင်လည်း ကံဆိုးတာပဲ။ ဦးဘိုးသာ ကိုသတ်မှုနဲ့ သူတို့လူဆိုးတွေနဲ့အတူ ထောင်ကျသွားခဲ့သည်။ ပြီးတော့ ထွန်းလှိုင် ဟာ ထောင်ထဲမှာပဲ သေသွားခဲ့သည်။

ဦးဘိုးသာဟာ သေခါနီးမှာ အိမ်မှာမြှုပ်ထားတဲ့ ရွှေအိုးကိုလည်း စွဲလန်း သည်။ မိသားစုတွေကိုလည်း စိတ်မချတာ ဖြစ်ခဲ့သည်။ အလှူအတန်းလည်း နည်းတဲ့လူဆိုတော့သေပြီးတဲ့နောက်မှာ..

စိမ်းပြာအိုင်အင်းမှာ အင်းစောင့်သရဲကြီး ဖြစ်ခဲ့သည်။ အဲဒီမှာ ငါးလာ ဖမ်းတဲ့လူတွေကိုလည်း ခြောက်လှန့်ခဲ့သည်။ နောက်တော့ အသားစားငါးကြီး ရောက်လာပြီး လူတွေကို ကိုက်သတ်တာကြောင့် အဲဒီ အင်းကြီးဟာ တစ်နေ့ တခြား နာမည်ဆိုးနဲ့ကျော်ကြားလာလို့ ဘယ်သူမှ အဲဒီအင်းနား မလာရဲတော့ ဘူး။

နောက်တော့ မင်းအောင်ကြောင့် ငါးပြီွတ္တာကြီးသေသွားပြီးတဲ့ နောက်ပိုင်း မှာကျွတ်ချိန်တန်လာတဲ့အတွက် အိပ်မက်ပေးခွင့်ရလာခဲ့သည်။ သူ့အိပ်မက်ကြောင့် မင်းအောင်တို့သားအဖလည်း ရွှေအိုးရပြီး သူဌေးဖြစ်ခဲ့ကြသည်။

အင်းစောင့်ဦးဘိုးသာအပါအဝင် အင်းမှာရှိတဲ့ တစ္ဆေသရဲတွေဟာ အမျှရပြီး အားလုံးကျွတ်လွတ်ခဲ့၏။ နောက်ဆုံးတော့ အင်းစောင့် သရဲကြီးဦးဘိုးသာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ မင်းအောင်နဲ့ချစ်သက်နွယ်ထံမှာ ဝင်စားပြီး မင်းဘုန်းမြတ် ဖြစ်လာခဲ့သည်။

မင်းဘုန်းမြတ်ဟာ သူ့ရဲ့အတိတ်ဘဝကို ကောင်းစွာပြန်ပြောနိုင်တဲ့ လူဝင်စားကလေးတစ်ယောက် ဖြစ်ခဲ့သည်။ အဲဒီလို ငါးနှစ်အရွယ်ကလေး တစ်ယောက်ဟာ ဒီလိုပြန်ပြောနိုင်တဲ့အတွက် ဦးဘိုးသာ ဝင်စားတယ်ဆိုတာကို အားလုံးယုံကြည်ခဲ့ကြသည်။

စိမ်းပြာအိုင်အင်းမှ အင်းစောင့်သရဲကြီးရဲ့ဘဝဇာတ်လမ်း ကုန်ဆုံးခဲ့ပြီမို့ မင်းဘုန်းမြတ်အဖြစ်နဲ့ လူဝင်စားတစ်ယောက်ကို တွေ့ခဲ့ကြရသည်။

တကယ်တော့ ...

လည်ပတ်နေတဲ့ သံသရာမှာ ဘဝဆိုတဲ့အရာဝတ္ထုပေါင်းများစွာ ဖြစ်ပျက်နေတယ်ဆိုတာ စိမ်းပြာအိုင်အင်းမှ အင်းစောင့်သရဲကြီးက သက်သေအဖြစ် ပြောပြတာကို အံ့ဩစွာကြားသိခဲ့ရပါတော့သည်။

ရီရီမြေ



BURMESE CLASSIC
www.burmeseclassic.com